# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 10 December 2017 ၉၁၃၄


# ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လမ်းညွှန် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၉

**မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လမ်းညွှန်အမှာစကားပြောကြားသည်။**



ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းသားအသင်းသူများ၊ ပြည်တွင်းပြည်ပမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ကို ဂီတကဗျာအဖွဲ့က အဖွင့်တေးသီချင်းဖြင့် တေးသရုပ်ဖော်ကပြ၍ ဖွင့်လှစ်ပေးကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

# လူငယ်တွေအနေနဲ့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ရာမှာ ငွေကြေး အကျိုးအမြတ် တစ်ခုတည်းကိုသာ မကြည့်ဘဲ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ လူမှုရေးပြဿနာတွေကို ဖြေရှင်းပေးနိုင်ပြီး တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်အောင် ကြိုးစား

နေပြည်တော် ဒီဇင်ဘာ ၉

**မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် လမ်းညွှန်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ဒီနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အနယ်နယ်အရပ်ရပ်မှ လူငယ်လုပ်ငန်းရှင်များနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်မတို့နိုင်ငံမှာရှိတဲ့ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်တွေရဲ့ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုတွေကို အခုလိုတွေ့မြင်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူကြောင်း ဦးစွာပြောကြားလိုပါတယ်။

ဒီနေ့ကျင်းပတဲ့ညီလာခံဟာ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များရဲ့ ထိပ်သီး ညီလာခံဖြစ်ပါတယ်။ မနှစ်က ဒီဇင်ဘာလမှာ ပထမဦးဆုံးအကြိမ် ကျင်းပခဲ့ပါတယ်။ အခုခေတ်လူငယ်တွေမှာ ပညာရေး၊ စီးပွားရေးနဲ့ပတ်သက်တဲ့ အခွင့်အလမ်းတွေ အများကြီးရှိတဲ့အတွက် ဒါတွေကို မှန်မှန်ကန်ကန်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




# လယ်ယာစိုက်ပျိုးရေးကဏ္ဍ အခြေပြု မြန်မာ-ဂျပန် စီးပွားရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၉**

စိုက်ပျိုးရေးအခြေခံသော နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေပြုသည့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော မြန်မာ-ဂျပန် စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ် ဟိုတယ်တွင် ကျင်းပခဲ့သည်။



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဂျပန် ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း JETRO (Japan External Trade Organization) Yangon မှ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အခြေပြု စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံဘက်မှ စိုက်ပျိုးရေးကဏ္ဍ အခြေပြု စီးပွားရေးလုပ်ငန်းရှင်များ မိတ်ဆက် တွေ့ဆုံဆွေးနွေးနိုင်ရေး၊ စီးပွားရေး အဆက်အသွယ်ကောင်းများ ရရှိစေရေးအတွက် ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"မြန်မာကုမ္ပဏီတွေအနေနဲ့ ဂျပန်နိုင်ငံရဲ့ လယ်ယာသုံးစက်ပစ္စည်း၊ မျိုးစေ့၊ မြေသြဇာတို့ကို အင်မတန်မှ စိတ်ဝင်စားမယ်လို့ ထင်ပါတယ်၊ ဂျပန်နိုင်ငံမှာဆိုရင်လည်း မြန်မာကုမ္ပဏီတွေကို အင်မတန်မှ လူသိများနေပါတယ်၊ မြန်မာနိုင်ငံမှာဆိုရင် ဂျပန်နိုင်ငံရဲ့ လယ်ယာထွက်ပစ္စည်းတွေက ဈေးကွက်ထဲကို ဝင်တာ သိပ်မရှိနိုင်သေးဘူး၊ ဒီပွဲမှာ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင် ဆောင်ရွက်နေတာဖြစ်သလို ဂျပန်နိုင်ငံက လယ်ယာကဏ္ဍ စီးပွားရေး ကုမ္ပဏီတွေကို မြန်မာနိုင်ငံကို အင်မတန်မှ စိတ်ဝင်စားတယ်ဆိုတာကို မြန်မာနိုင်ငံကုမ္ပဏီတွေကို သိစေချင်တဲ့အတွက်ကြောင့် ဒီပွဲကို ဆောင်ရွက်တာ ဖြစ်ပါတယ်"ဟု JETRO မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာဟီရိုယာမာအိုက အဆိုပါ အခမ်းအနားနှင့်ပတ်သက်၍ ပြောသည်။

ဂျပန်နိုင်ငံ၏ လယ်ယာကဏ္ဍသုံး စက်ကိရိယာဈေးကွက်တွင် အရည်အသွေးနှင့် အာမခံချက်ကောင်းမွန်သော်လည်း ဈေးနှုန်းတွင် တရုတ်၊ ကိုရီးယားနိုင်ငံထုတ်ပစ္စည်းများနှင့် နှိုင်းယှဉ်ပါက မြန်မာလယ်ယာကဏ္ဍ အခြေပြုလုပ်ကိုင်သူများ ဝယ်ယူနိုင်ရန် အခက်အခဲရှိနေသည်။

ယင်းအပေါ် နိုင်ငံတော်နှင့် ကုမ္ပဏီပိုင်းတို့မှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ထောက်ပံ့မှုပြုခြင်းအားဖြင့် ကူညီဆောင်ရွက်ပေးပါက အဆင်ပြေနိုင်ကြောင်း လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်နေသူများက ပြောသည်။

"ကျွန်တော်တို့က ဂျပန်နိုင်ငံမှာ လယ်ယာသုံးစက်ပစ္စည်းတွေ ထုတ်တဲ့ကုမ္ပဏီဖြစ်ပါတယ်၊ ဂျပန်ပြည်တွင်းရော ပြည်ပကိုပါ ရောင်းချဖြန့်ဖြူးပါတယ်၊ ကျွန်တော်တို့ပစ္စည်းကို ဝယ်ယူရောင်းချပေးတဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို လိုချင်ပါတယ်၊ ရောင်းပေးရုံပဲ ရောင်းပေးတဲ့ တွဲဖက်လုပ်ကိုင်သူမျိုးကို မလိုချင်ပါဘူး၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှု၊ အပိုပစ္စည်းတွေကိုပါ ဆောင်ရွက်ပေးနိုင်တဲ့ ဟာမျိုးကို လိုချင်တာပါ၊ ဒါကိုသာ စက်ပစ္စည်းရဲ့ အရည်အသွေးလို့ သတ်မှတ်ပါတယ်၊ အရည်အသွေးလည်း ကောင်းတယ်၊ ရောင်းချပြီး နောက်ပိုင်း ဝန်ဆောင်မှုလည်း ပေးနိုင်တယ်ဆိုတဲ့ ဟာနဲ့ တရုတ်၊ ကိုရီးယားတို့ရဲ့ ဈေးကွက်နဲ့ ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်"ဟု အဆိုပါ ဆွေးနွေးပွဲသို့ လာရောက်ဆွေးနွေးခဲ့သည့် ဂျပန်နိုင်ငံ IHI Agri-Tech Corporation မှ အထွေထွေ မန်နေဂျာ မစ္စတာ နာရိုနိုတိုဆာကာက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ ကုမ္ပဏီ ၁၁ ခု လာရောက်ဆွေးနွေးခဲ့ပြီး မြန်မာကုမ္ပဏီ ၂၁ ခုနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကလည်း ကျင်းပခဲ့ဖူးကြောင်း သိရသည်။

**ဆုနှင်းလှဲ့**

## ကြေးမုံ

## တွေးခေါ်မှုဖြင့် အောင်မြင်မှုကို လှမ်းဆွတ်ယူ

အလွတ်ကျက်မှတ်ရသည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အခြေခံသည့် ပညာရေးစနစ်သို့ ပြောင်းလဲရာတွင် ပြဋ္ဌာန်းစာအုပ်ပါအတိုင်း သင်ကြားဖြေဆိုနေမှုများကို မဖြစ်မနေ ပြောင်းလဲရမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

အလွတ်ကျက်မှတ်သည် ဆိုသည်မှာ ပြဋ္ဌာန်းချက်ပါအတိုင်း တစ်သဝေမတိမ်း အပိုအလိုမရှိ မလွဲချော်စေဘဲ အတိအကျ အာဂုံဆောင်သည့်သဘောဖြစ်သည်။ အကြောင်းအရာတစ်ခုကို အပြောင်းအလဲမရှိ တိတိကျကျ ပြန်လည်ဖြေဆိုနိုင်အောင် မှတ်သားဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် ကြိုးပမ်းသင်အံကျက်မှတ်ရသည်။ ကျက်မှတ်ခြင်း၊ မှတ်သားခြင်းသည် "ကြက်တူရွေး စကားသင်" သကဲ့သို့ သင်ပေးသမျှသာ တစာစာအော်နိုင်ပြီး ရှေ့ဆက်မတက်တော့ချေ။ ထိုနည်းတူစွာ နှုတ်တိုက်သင်အံကျက်မှတ်ခြင်းသည် သင်သမျှသာ သိရှိနားလည်ပြီး မသင်ရသေးသည်တို့ကို နားမလည်နိုင်သည့်သဘောဖြစ်သည်။ ထို့ကြောင့် သင်ကြားသိရှိထားသမျှအပေါ် အခြေခံ၍ မိမိ၏ကိုယ်ပိုင် တွေးခေါ်မြော်မြင်စဉ်းစားသုံးသပ်နိုင်မှု လိုအပ်လာသည်။ စဉ်းစားတွေးခေါ်တတ်သည့် အလေ့အထရှိမှသာ အရာရာကို လွှမ်းခြုံသိမြင်နိုင်သော တိုးတက်သည့်အမြင်ရှိနိုင်သည်။

မြန်မာနိုင်ငံ၏ ပညာရေးလောကတွင် နှုတ်တိုက်ကျက်မှတ်သည့် အလေ့အထမှာ ကာလရှည်လျားစွာ အမြစ်တွယ်စွဲမြဲလာခဲ့သည်။ ကြိုးပမ်းအားထုတ်နိုင်လျှင် အားထုတ်သလောက်၊ ကွက်တိတိုးလျှင် တိုးသလောက် တစ်ပွဲတိုးသဘောဖြစ်သည်။ စာမေးပွဲအောင်မြင်ရေးအတွက် အခွင့်သာသလို သင်ကြားရေးအတွက်လည်း အပန်းမကြီးလှချေ။ သို့သော် တွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် လူ့ဘောင်လောကအတွက် အသုံးချနိုင်စွမ်းတို့တွင် ကွာခြားသွားသည်။ ထူးချွန်ထက်မြက်သူ၊ ထင်ရှားအောင်မြင်သူအချို့တို့တွင် အတန်းပညာအဆင့် နည်းပါးသော်လည်း တွေးခေါ်မြော်မြင်တီထွင်ဖန်တီးနိုင်မှု မြင့်မားနေသည့် သာဓကများရှိသည်။

အတန်းအောင်မြင်ရေး နှုတ်တိုက်ကျက်မှတ်ခြင်း၏ အားနည်းချက်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး (အခြေခံပညာကဏ္ဍ)တွင် မီးမောင်းထိုးပြခဲ့ပြီး ထိုစနစ်ကို မဖြစ်မနေပြောင်းလဲရေး လမ်းညွှန်မှာကြားခဲ့ရာတွင် "အမြစ်တွယ်နေတဲ့ အလွတ်ကျက်မှတ်ရတဲ့ ပညာရေးစနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အခြေခံတဲ့ ပညာရေးစနစ်ဆီသို့ ပြောင်းလဲရာမှာ ဆရာနှင့် ကျောင်းသားအများစု အရိုးစွဲနေတဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကိုသာ သင်ကြားပေးခြင်း၊ သင်ရိုးမာတိကာအတိုင်း အမြန်ပြီးစီးအောင် သင်ကြားခြင်း၊ အတန်းအောင်ချက်မြင့်မားရေးကိုသာ အာရုံစူးစိုက်ခြင်း၊ စာမေးပွဲအောင်ဖို့အတွက်သာ သင်ကြားပေးခြင်း၊ ပြဋ္ဌာန်းစာအုပ်ပါ အချက်အလက်များအတိုင်း တစ်သဝေမတိမ်း ဖြေဆိုနိုင်မှသာ ရလဒ်ကောင်းမွန်ခြင်း စတဲ့ အချက်တွေကို မဖြစ်မနေ ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်နှင့်အညီ ကျွန်ုပ်တို့ ပညာရေးလောကအတွက် မဖြစ်မနေ ပြောင်းလဲကြရမည်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့ လူ့ဘောင်လောကအတွက် တွေးခေါ်မြော်မြင်မှု မြင့်မားသော၊ စွမ်းဆောင်နိုင်ရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များအား အခြေခံပညာကဏ္ဍမှစ၍ မွေးထုတ်ပေးနိုင်ပေလိမ့်မည်။

ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ရာ၌ ဆရာ ဆရာမများ၏ အတတ်ပညာနှင့် စွမ်းဆောင်ရည်ပြည့်ဝဖို့ လိုအပ်သလို ကျောင်းသား ကျောင်းသူများနှင့် မိဘများကိုယ်တိုင် ပါဝင်ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များ ရှိနေသေးသည်။ ဆရာ ဆရာမများက ကျောင်းသင်ခန်းစာကို သင်ကြားပေးရာတွင် သင်ကြားသည့်သင်ခန်းစာကို အခြေခံ၍ ဆက်စပ်တွေးခေါ်နိုင်သည့် အတွေးအခေါ်များ ဖြစ်ပေါ်လာအောင် ညွှန်ပြပေးရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများကလည်း တစ်နေ့တာ သင်ခန်းစာအပေါ် ခြုံငုံစဉ်းစား သုံးသပ်တွေးခေါ်နိုင်ခြင်း၊ ကျောင်းစာအပြင် အားကစားနှင့် အနုပညာဘာသာရပ်များတွင် ပါဝင်ဆောင်ရွက်တတ်ခြင်း၊ အသိအမြင်ဗဟုသုတတိုးစေသော ပြင်ပစာပေများကို ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ထူထောင်ခြင်း၊ စာအုပ်စာပေမှ ရရှိသော အသိအမြင်ဗဟုသုတကို အခြေခံပြီး အကြောင်းအကျိုး၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြားတတ်သည့် အသိအမြင်ရရှိစေခြင်း စသည်တို့ကို အားထုတ်ရမည်ဖြစ်သည်။ မိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ အတန်းအောင်မြင်ရေးသာမဟုတ်ဘဲ တွေးခေါ်မြော်မြင်စဉ်းစားတတ်သည့်သူများဖြစ်အောင် အားပေးကူညီရမည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုမှာ ပညာရေးဖြစ်သောကြောင့် တွေးခေါ်မြော်မြင် တီထွင်ဖန်တီးနိုင်မှု စွမ်းအားမြင့်မားစေသော လူသားအရင်းအမြစ်များ တိုးပွားဖြစ်ထွန်းလာရေးအတွက် ရေရှည်အမြစ်တွယ်လာသော အလွတ်ကျက်ပညာရေးစနစ်ကို မဖြစ်မနေပြုပြင်ပြောင်းလဲနိုင်အောင် ဆရာ၊ မိဘ၊ ကျောင်းသား သုံးပွင့်ဆိုင် ကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာတိုက်တွန်းအပ်ပါသည်။ ။




## ငြိမ်းချမ်းရေး ဂီတပွဲတော်

❖ ဂီတပွဲတော် တို့ပွဲတော်
နွဲပျော်ကြစို့ ညီ နောင်တော်
တောင်ပေါ် မြေပြန့် မခွဲခြား
တွဲထားရွှေလက်များ။

❖ ကျောသား ရင်သား မခွဲနေ
တိုင်းရင်းသားတို့ ညီညွတ်ပေ
ပဝေရှေးက အတူပ ခုလည်း အတူပ။

❖ မျှတ ညီညွတ် စည်းလုံးပို
အစ်ကို ညီမ အရင်းလို
တေးကိုဆို မေတ္တာလောင်း မြန်မာပြည်ကြီး ငြိမ်းချမ်းကြောင်း။

❖ သောင်းသောင်းဖြဖြ အားပေးသံ
လျှံတက် ဘဝင်ထံ
ညီလာခံကြီး အောင်မြင်ရေး
တေးဂီတနဲ့ ဝန်းရံပေး။

❖ သီဆိုသည်က ငြိမ်းချမ်းတေး
တိုင်းပြည်ငြိမ်းချမ်းရေး။ ။

ကိုရဲ(ဥပဒေ)


**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

☆ ရှေ့ဖုံးမှ

အသုံးချတတ်ကြဖို့၊ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်း၊ လူကြီး၊ လူငယ်အားလုံး ပူးပေါင်းဆောင်ရွက်ကြဖို့၊ ကိုယ့်အတွက်ရော ပတ်ဝန်းကျင်အတွက်ကိုပါ တာဝန်ယူစိတ်ရှိကြဖို့၊ ကိုယ့်ရဲ့စိတ်ဓာတ်၊ အစွမ်းအစ၊ လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ရာကနေ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်နိုင်ငံကို အကျိုးဖြစ်ထွန်းစေဖို့၊ ကောင်းမွန်တဲ့ပြိုင်ဆိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ တီထွင်ဆန်းသစ်မှုတွေကတစ်ဆင့် နိုင်ငံအတွက် ကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးပေးကြဖို့၊ နောင်အနာဂတ်မျိုးဆက်တွေအတွက် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ ကောင်းမွန်တဲ့ အမွေအနှစ်တွေ ထားရှိခဲ့နိုင်ဖို့အတွက် ကြိုးစားအားထုတ်ကြဖို့ ပထမဦးဆုံးညီလာခံမှာ ကျွန်မပြောကြားခဲ့ပါတယ်။

ယခုလည်း ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးစနစ်ဖြစ်စေဖို့ လူငယ်တွေသာမက အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်း၊ ပြည်သူပြည်သားအားလုံးရဲ့ စိတ်ဓာတ်နဲ့ အရည်အချင်းတန်ဖိုးမြှင့်တင်ဖို့ အလွန်အရေးကြီးကြောင်း၊ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်းကို ထပ်လောင်းပြောပါရစေ။

ကျွန်မတို့ရဲ့ လူငယ်တွေဟာ အနာဂတ်နိုင်ငံတော်ရဲ့ အရင်းအမြစ်တွေဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့လူမျိုးတွေ နောင်တစ်ခေတ်မှာ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိစွာနဲ့ ရပ်တည်နေသွားနိုင်ဖို့အတွက် အခုလူငယ်တွေအပေါ် အများကြီးမူတည်နေပါတယ်။ အလားတူ ကျွန်မတို့နိုင်ငံ သိက္ခာရှိရှိ တောင့်တင်းခိုင်မာစွာ ရပ်တည်နိုင်ဖို့ စီးပွားရေးတိုးတက်မှုက အရေးကြီးလှပါတယ်။ လူငယ်အင်အားနဲ့ စီးပွားရေးအင်အားပေါင်းပြီး ကျွန်မတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမှာဖြစ်ပါတယ်။

## ကြိုးပမ်းဆောင်ရွက်လိုတဲ့ စိတ်ထား

ကျွန်မတို့ မြန်မာလူငယ်တွေဟာ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ပွင့်လင်းလွတ်လပ်တဲ့ အတွေးအခေါ်တွေကို လက်တွေ့အကောင်အထည်ဖော်ပြီး အများအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်လိုတဲ့ စိတ်ထားရှိကြပါတယ်။

ကျွန်မတို့နိုင်ငံမှာ စွန့်ဦးတီထွင်ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေဖို့အတွက် အစိုးရပိုင်းအနေနဲ့လည်း ပြည်ထောင်စုအဆင့်သာမက တိုင်းဒေသကြီးအစိုးရတွေကပါ ကိုယ့်တိုင်းဒေသမှာရှိကြတဲ့ စွန့်ဦးတီထွင်လုပ်ငန်းတွေကို အားပေးကူညီပံ့ပိုးကြဖို့တိုက်တွန်းပါတယ်။ အခုဆိုရင် အစိုးရအနေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေး လုပ်ဆောင်ပေးလျက်ရှိပါတယ်။

စွန့်ဦးတီထွင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွန့်ဦးတီထွင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဥပဒေ၊ မူဝါဒတွေချမှတ်နိုင်ဖို့ မြန်မာ့စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြီး သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းဆောင်ရွက်နေတာကို သိရှိရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။

စွန့်ဦးတီထွင်ကဏ္ဍအတွက် ပုံမှန်တွေ့ဆုံနိုင်မယ့် အစိုးရ-ပုဂ္ဂလိကဆွေးနွေးပွဲတစ်ခု ဖွဲ့စည်းနိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဆောင်ရွက်ပေးနေကြောင်းကို လူငယ်တွေကို အသိပေးပြောလိုပါတယ်။

## ရင်ပေါင်တန်းနိုင်ဖို့ ကြိုးစားကြရမှာဖြစ်

ပြီးခဲ့တဲ့လက ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးညီလာခံကို ကျွန်မတက်ရောက်ခဲ့ပါတယ်။ အဲဒီမှာ အာဆီယံနိုင်ငံအသီးသီးက လူငယ်လုပ်ငန်းရှင်တွေ တက်တက်ကြွကြွနဲ့ ပါဝင်ဆွေးနွေးကြတာကို အားရစရာတွေ့မြင်ခဲ့ရပါတယ်။

ကျွန်မတို့ဒေသတွင်းနိုင်ငံတွေမှာ တီထွင်ဆန်းသစ်မှု၊ အီလက်ထရွန်နစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးတို့ကို သွားနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ကျွန်မတို့ မြန်မာလူငယ်တွေအနေနဲ့လည်း နောက်ကျကျန်ရစ်လို့မဖြစ်ပါဘူး။ ဒေသတွင်းနိုင်ငံတွေမှာရှိတဲ့ လူငယ်လုပ်ငန်းရှင်တွေနဲ့ ရင်ပေါင်တန်းနိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။

အခုဆိုရင် အာဆီယံမှာ နှစ်စဉ်ချီးမြှင့်နေတဲ့ ထူးချွန်ဆုကို ကျွန်မတို့မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်အသင်းက ၂၀၁၄ ခုနှစ်ကနေ ဒီနှစ်၂၀၁၇ ခုနှစ်အထိဆို စုစုပေါင်း ၂၁ ယောက် ဆုရရှိခဲ့တာကို အားရဂုဏ်ယူစရာတွေ့မြင်ရပါတယ်။ ဒီအရှိန်အဟုန်ကို ဆက်ထိန်းသိမ်းထားပြီး နောင်နှစ်တွေမှာလည်း ဒီလိုရလဒ်ကောင်းတွေကို ပိုပြီးတိုးတက်ရရှိဖို့ ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

ကျွန်မအနေနဲ့ မှာကြားချင်တာတစ်ခုကတော့ လုပ်ငန်းရှင်တွေအနေနဲ့ ဒေသဆိုင်ရာအစီအစဉ်တွေကရလာတဲ့ အတွေ့အကြုံတွေကို ကိုယ့်နိုင်ငံက လူငယ်တွေကို ပြန်လည်မျှဝေဖို့ လိုအပ်သလို ဒီအတွေ့အကြုံတွေကို အခြေခံပြီး တီထွင်ဆန်းသစ်မှုတွေ ပြုလုပ်ကြဖို့လိုပါတယ်။

ဒ့ါအပြင် ကိုယ့်ဆီကထုတ်ကုန်တွေ ဈေးကွက်ရရှိရေးနဲ့ တခြားနိုင်ငံကပစ္စည်းတွေနဲ့ ပြည်တွင်း၊ ပြည်ပဈေးကွက်တွေမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ကိုယ့်ပြည်တွင်းက ဈေးကွက်တစ်ခုတည်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေရဲ့ ဈေးကွက်တွေမှာ ထိုးဖောက်နိုင်ဖို့ ရည်မှန်းချက်ထား ကြိုးစားကြရမှာဖြစ်ပါတယ်။

## စိန်ခေါ်မှုတွေကို ကျော်လွှား

ကျွန်မတို့နိုင်ငံဟာ ပထဝီဝင်အနေအထားအရ မဟာဗျူဟာကျတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါတွေ အားလုံးသိပြီးသားပါ။ လူဦးရေအများဆုံးနိုင်ငံတွေဖြစ်ပြီး စီးပွားရေးအရ အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အကြားမှာ တည်ရှိနေပါတယ်။ ဒါဟာ အားသာချက်တွေအများကြီးရှိသလို စိန်ခေါ်မှုတွေလည်း အများကြီးရှိနေပါတယ်။ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်အောင် ကြိုးစားရမှာဖြစ်သလို အားသာချက်တွေကိုလည်း အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချသွားနိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လမ်းညွှန်အမှာစကား ပြောကြားနေစဉ်။

ကျွန်မတို့နိုင်ငံဟာ တကယ်တော့ လယ်ယာထွက်ကုန်၊ သယံဇာတအရင်းအမြစ်တွေ ပေါကြွယ်ဝပါတယ်။ ဒါပေမဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ အရည်အသွေးမှာ မယှဉ်နိုင်တဲ့အတွက် အခက်အခဲကြုံတွေ့နေရတာကိုလည်း အားလုံးသိကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်နိုင်ငံကထွက်ကုန်တွေကို ဝယ်လိုအားဈေးကွက်အပေါ် အခြေခံပြီး နည်းပညာအသစ်တွေနဲ့ ပိုမိုကောင်းမွန်တဲ့ အရည်အသွေးရရှိအောင် တီထွင်ဆန်းသစ်ထုတ်လုပ်ကြဖို့၊ ကုန်ကြမ်းတင်ပို့ရောင်းချတာထက် တန်ဖိုးမြှင့်ထွက်ကုန်တွေကို ထုတ်လုပ်ပြီး ပြည်ပကို တင်ပို့ရောင်းချနိုင်ဖို့ကို လိုအပ်ပါတယ်။

## လူငယ်များရဲ့အကြံပြုမှုတွေကို ဖိတ်ခေါ်

ကျွန်မတို့နိုင်ငံမှာ နိုင်ငံတကာကုမ္ပဏီကြီးတွေလာပြီး ရင်းနှီးမြှုပ်နှံနိုင်ဖို့ ဝန်းကျင်ကောင်းတစ်ခုဖြစ်အောင် ကြိုးစားဖန်တီးပေးနေပါတယ်။ အစိုးရအနေနဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အလမ်းများစွာ ဖန်တီးပေးထားတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေအသစ်တွေကို ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် အစိုးရပိုင်းကနေ စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လူငယ်လုပ်ငန်းရှင်တွေက အကြံကောင်း၊ ဉာဏ်ကောင်းတွေကို အလေးပေး ထည့်သွင်းစဉ်းစားသွားမှာဖြစ်တဲ့အတွက် လူငယ်များရဲ့အကြံပြုမှုတွေကိုလည်း ဖိတ်ခေါ်ပါတယ်။

အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ASEAN Business Advisory Council-ABAC)က ဒီနှစ် အာဆီယံ ထိပ်သီးအစည်းအဝေးကာလအတွင်း တွေ့ဆုံဆွေးနွေးခဲ့တဲ့အထဲမှာ ဒေသတွင်းနိုင်ငံတွေအနေနဲ့ ငွေကြေး (Money)၊ ဈေးကွက် (Market)နဲ့ လမ်းညွှန်ပေးမှု(Mentorship)ဆိုတဲ့ 3M ကိုဆောင်ရွက်ကြဖို့နဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့တွေမှာ အာဆီယံစီးပွားရေးအကြံပေးကောင်စီအနေနဲ့ ပါဝင်တက်ရောက်ဆွေးနွေးဖို့ အကြံပြုတင်ပြခဲ့ပါတယ်။

## 3M လိုအပ်

ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးတက်လာစေဖို့အတွက် 3M လိုအပ်ပါတယ်။ ပထမ M ဖြစ်တဲ့ ငွေကြေး(Money) နဲ့ ပတ်သက်လို့ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေအတွက် ရင်းနှီးငွေ၊ ချေးငွေရရှိရေးက ခက်ခဲတယ်ဆိုတာ သိရှိပါတယ်။ ကျွန်မတို့အနေနဲ့ ဘဏ်ချေးငွေတစ်ခုတည်းမဟုတ်ဘဲ တခြားနည်းလမ်းတွေကိုလည်း ကြံဆဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီအတွက် သမားရိုးကျနည်းလမ်းဖြစ်တဲ့ ဘဏ်ချေးငွေတစ်ခုတည်းကိုပဲ အားမကိုးဘဲ အောင်မြင်တဲ့လုပ်ငန်းရှင်ကြီးတွေက စတင်စလုပ်ငန်းသစ်အသေးလေးတွေမှာ အစုရှယ်ယာထည့်ဝင်ပြီး ဒီလုပ်ငန်းသစ်ကလေးတွေကို အောင်မြင်အောင် ပူးပေါင်းကူညီပေးဖို့လိုပါတယ်။ လုပ်ငန်းကြီးတွေအနေနဲ့ လုပ်ငန်းလေးတွေ ရေရှည်တည်တံ့နိုင်ဖို့အတွက် ကူညီပံ့ပိုးပေးခြင်းအားဖြင့် ကိုယ်ပိုင် အရင်းအနှီးထည့်ဝင်မှု အခွင့်အလမ်းများ ပိုပြီးတော့လည်း တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

## ဈေးကွက်ရအောင် ရှာဖို့လို

ဒုတိယ M ဖြစ်တဲ့ ဈေးကွက်(Market)နဲ့ပတ်သက်လို့ လုပ်ငန်းရှင်တွေအနေနဲ့ ဈေးကွက်က လိုအပ်နေတဲ့ ကုန်စည်၊ ဝန်ဆောင်မှုတွေအပေါ် မူတည်ပြီး ထုတ်လုပ်နေရုံသာမက ကိုယ်ထုတ်လုပ်တဲ့ ပစ္စည်းတွေအတွက် ဈေးကွက်ဖန်တီးနိုင်ဖို့က အများကြီးအရေးကြီးပါတယ်။ ခိုင်မာတဲ့ဈေးကွက်တစ်ခုရရှိဖို့အတွက် အစိုးရကိုသာ အားကိုးနေရတာမျိုးမဟုတ်ဘဲ လူငယ်လုပ်ငန်းရှင်တွေကလည်း ကိုယ့်ရဲ့ စွမ်းဆောင်ရည်နဲ့ တစ်ဖက်တစ်လမ်းကနေ ဈေးကွက်ရအောင်ရှာဖို့ လိုအပ်ပါတယ်။ ကိုယ်ထုတ်လုပ်တဲ့ ကုန်ပစ္စည်းပုံစံ၊ အရည်အသွေးတွေကို သမားရိုးကျမဟုတ်ဘဲ စမ်းသပ်တီထွင်မှုတွေ ပေါင်းစပ်ဖြစ်အောင်လုပ်ပြီး ဈေးကွက်မှာ တွင်ကျယ်သွားအောင် ထိုးဖောက်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဒီနေရာမှာပြောချင်တာကတော့ ဈေးကွက်ရရှိရေးအတွက် IT နည်းပညာ၊ အီလက်ထရွန်နစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးစနစ်နဲ့ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် မရှိမဖြစ်လိုအပ်တယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ နည်းပညာတစ်ဟုန်ထိုး တိုးတက်နေတဲ့ခေတ်ကြီးမှာ လိုအပ်တဲ့ နည်းပညာတွေဟာ အားလုံးရဲ့ လက်တစ်ကမ်းမှာပဲ ရှိနေကြပါတယ်။ မိမိတို့အနေနဲ့ ဒီနည်းပညာတွေကို ရယူနိုင်ဖို့နဲ့ အကျိုးရှိစွာသုံးစွဲနိုင်ဖို့ လိုအပ်ပါတယ်။

တတိယ M ကတော့ လမ်းညွှန်ပေးမှု (Mentorship) ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးကာလမှာ အာဆီယံစွန့်ဦးတီထွင်လုပ်ငန်းရှင်များအား လမ်းညွှန်ပေးတဲ့ကွန်ရက် (ASEAN Mentorship of Entrepreneurs Network- AMEN)ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များအနေနဲ့ အာဆီယံဒေသတွင်းအဆင့်မှာ အောင်မြင်နေတဲ့လုပ်ငန်းရှင်တွေဆီက အကြံဉာဏ်တွေ၊ အထောက်အပံ့တွေရနိုင်တဲ့ လမ်းညွှန်ပေးမယ့်သူတွေရဲ့ ကွန်ရက် (Mentorship Network) တစ်ခု တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာလည်း အောင်မြင်ပြီးသား လုပ်ငန်းရှင်ကြီးတွေအနေနဲ့ အခုမှလုပ်ငန်းစတင်နေတဲ့ လူငယ်လုပ်ငန်းရှင်အသစ်တွေကို အားပေးကူညီနိုင်ဖို့ လမ်းညွှန်ပေးသူများ၏ ကွန်ရက်တစ်ခု တည်ထောင်သင့်ပါတယ်လို့ ကျွန်မပြောကြားလိုပါတယ်။

## နမူနာကောင်းတွေကို အတုယူ

အိမ်နီးချင်းနိုင်ငံတွေမှာဆိုရင် စီးပွားရေးလုပ်ငန်းသစ်များ စတင်ပျိုးထောင်ပေးတဲ့ဗဟိုဌာန (Business Incubation Centre) တည်ဆောက်ပြီး အဲဒီဌာနတွေကနေ လုပ်ငန်းစတင်လုပ်ကိုင်လိုသူတွေ၊ လုပ်ငန်းငယ်လေးတွေကို သူတို့ရဲ့ လုပ်ငန်းစတင်တဲ့အချိန်မှာ အထောက်အကူဖြစ်စေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ကူညီဆောင်ရွက်ပေးနေကြပါတယ်။ ဒီလို နမူနာကောင်းတွေကို အတုယူပြီး ကျွန်မတို့ နိုင်ငံမှာလည်း စီးပွားရေးလုပ်ငန်းသစ်များ စတင်ပျိုးထောင်ပေးတဲ့ ဗဟိုဌာနတွေ ပေါ်ပေါက်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်ပြောကြားလိုတာကတော့ လူငယ်တွေအနေနဲ့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ရာမှာ ငွေကြေးအကျိုးအမြတ်တစ်ခုတည်းကိုသာမကြည့်ဘဲ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ လူမှုရေးပြဿနာတွေကို ဖြေရှင်းပေးနိုင်ပြီး အားလုံးပါဝင်နိုင်ပြီး တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်အောင် ကြိုးစားဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။

အခုလို လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအားလုံးနဲ့ တွေ့ဆုံဆွေးနွေးနိုင်မယ့် မြန်မာစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ထိပ်သီးညီလာခံတွေကို လာမယ့်နှစ်တွေမှာလည်း ဆက်လက်ပြီး ကျင်းပသွားကြဖို့၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်တဲ့ လူငယ်လုပ်ငန်းရှင်တွေ ဖြစ်လာကြမယ်လို့ ယုံကြည်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံကဆိုရင် ဒီဒေသမှာ တစ်ကြိမ်တစ်ခါတုန်းက ရှေ့တန်းကရှိပေမယ့် အခုနောက်တန်းမှာ ရောက်နေပါတယ်။ ဒါတွေက ကျွန်မတို့အားလုံး သိပြီးသားပါ။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့လူငယ်တွေဟာ ပိုပြီးတော့ ကျွန်မတို့ဒေသမှာ တခြားနိုင်ငံတွေ၊ တိုးတက်နေတဲ့နိုင်ငံတွေက လူငယ်တွေထက် ပိုပြီးတော့ ကြိုးစားဖို့လိုပါတယ်။ ပိုပြီးတော့ ဝါယမစိုက်ဖို့လိုပါတယ်။ ပိုပြီးတော့ ကိုယ့်ပတ်ဝန်းကျင်အပေါ်မှာ စေတနာထားနိုင်ဖို့လိုပါတယ်။ ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ပြီးတော့ တိုးတက်အောင် လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချပြီးတော့လုပ်မှ ကျွန်မတို့နိုင်ငံက အောင်မြင်မှာပါ။ အခုကမ္ဘာကြီးမှာဆိုရင် Soft Power ပဲပြောပြော၊ Hard Power ပဲပြောပြော Power အင်အားကြီးမှုဟာ ဘယ်လောက်အရေးပါလဲဆိုတာ ကျွန်မတို့ရဲ့လူငယ်တွေအားလုံးသိပြီးသားပါ။ ဒီတော့ ကျွန်မတို့အနေနဲ့ တခြားနိုင်ငံတွေမှာ မရှိသေးတဲ့ အင်အားတွေကိုရှိအောင်လို့လည်း လုပ်ရပါလိမ့်မယ်။ တခြားနိုင်ငံတွေမှာ ရှိပြီးသားအင်အားတွေဖြစ်တဲ့ စီးပွားရေးအင်အား၊ ပညာရေးအင်အား၊ ကျန်းမာရေးအင်အား ဒါတွေအပြင် ကျွန်မတို့ စိတ်ဓာတ်အင်အားတွေကို တခြားနိုင်ငံတွေနဲ့မတူအောင် မွေးမြူနိုင်မှ တခြားနိုင်ငံတွေကို မီရုံတင်မက ကျွန်မတို့ ကျော်သွားနိုင်မှာဖြစ်ပါတယ်။

## လူငယ်တွေကို အားကိုး

ဒါကြောင့် ဒီကိစ္စကို ကျွန်မတို့ရဲ့ လူငယ်များ လေးလေးနက်နက်စဉ်းစားစေချင်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ အခြေအနေက ဘယ်လိုရှိလဲ။ ကမ္ဘာကြီးရဲ့ အခြေအနေက ဘယ်လိုရှိလဲ။ ကမ္ဘာက ကိုယ့်နိုင်ငံကို ဘယ်လိုမြင်သလဲ။ ဘာကြောင့် အဲလိုပုံစံနဲ့မြင်လဲ။ ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာတွေသာမက ကျွန်မတို့နိုင်ငံရဲ့ ညီညွတ်မှု၊ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့တိုးတက်မှုဖြစ်မြောက်ဖို့ ဘာတွေလုပ်ဖို့လိုသလဲဆိုတာ တစ်ဦးချင်း တစ်ဦးချင်းကနေပြီးတော့ ကိုယ့်ရဲ့တာဝန်အနေနဲ့ ထည့်သွင်းစဉ်းစားပြီးတော့ လုပ်စေချင်ပါတယ်။ နောက်ဆုံးကျတော့ အနာဂတ်ဆိုတာ လူငယ်တွေဆီသွားတာပဲ။ လူငယ်တွေကိုလည်း ကျွန်မအမြဲပဲ သတိပေးရပါတယ်။ အာဆီယံတုန်းက လူငယ်တွေကိုလည်း သတိပေးခဲ့တယ်။ လူငယ်တွေဆိုတာ အမြဲငယ်နေတာမဟုတ်ဘူး။ တစ်နေ့ကျတော့ ကြီးသွားမှာပဲ။ အဲဒီတော့ ကိုယ်ငယ်နေတုန်းအချိန်မှာ ကိုယ့်ရဲ့လူငယ်အင်အားတွေကို မှန်မှန်ကန်ကန်သုံးကြပါ။ နောက်ပြီးတော့ ကိုယ့်ရှေ့ကသွားတဲ့ လူကြီးတွေဆီက သင်ခန်းစာလည်းယူပါ။ သင်ယူတာလည်းလုပ်ပါ။ သင်ခန်းစာယူတယ်ဆိုတာ လူကြီးလုပ်တဲ့အထဲမှာ အမှားတွေကို ကိုယ်ကပြန်ပြီးတော့ မလုပ်မိပါနဲ့။ သင်ယူတယ်ဆိုတာ ကောင်းတဲ့ဟာတွေကို သေချာမှတ်ထားပါ။ ကိုယ်ကပိုပြီးတော့ ကောင်းအောင်လုပ်ပါ။ ဒီလိုနည်းနဲ့မှ ကျွန်မတို့နိုင်ငံဟာ မျိုးဆက်တစ်ခုနဲ့တစ်ခု ပိုမိုပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ ကျွန်မတို့ကမ္ဘာကြီးမှာ တည်တည်ငြိမ်ငြိမ် လုံလုံခြုံခြုံ ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ ရပ်တည်နိုင်တဲ့ နိုင်ငံတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့လူငယ်တွေကို အားကိုးပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

ကြေးမုံ






**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**❖ ဒုတိယအကြိမ်မှ**

ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် လမ်းညွှန်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်အမှာစကား အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်)**

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား MICC-II ညှိနှိုင်းခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ အလုပ်အမှုဆောင်များနှင့် ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီတို့မှ လူငယ်များနှင့် သီးခြားစီ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဆိုပါခန်းမမြေညီထပ်၌ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ဒုတိယအကြိမ် Myanmar Entrepreneurship Summit Award ဆု ရရှိထားသူများ၏ ပြခန်းများနှင့် အသေးစား၊ အလတ်စား လုပ်ငန်းပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ တွင် ပြခန်းပေါင်း ၄၃ ခန်း ခင်းကျင်းပြသထားသည်။

ထို့နောက် ညီလာခံကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကား ပြောကြားပြီး **"Leading Entrepreneurs, Building Economy"** ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ယင်းနောက် **"မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှု ပြောင်းလဲလာပုံ"**၊ **"ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် ဆောင်ရွက်ခြင်း"**၊ **"ဈေးကွက် ဖြေရှင်းမှုများဖြင့် လူမှုရေးပြဿနာများကို အဖြေရှာခြင်း"**နှင့် **"စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် မဟာဗျူဟာထွက်ပေါက်"** ခေါင်းစဉ်များဖြင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခင်းကျင်းပြသထားသော အသေးစား၊ အလတ်စားလုပ်ငန်း ပြခန်းများအား ကြည့်ရှုအားပေးစဉ်။**

ယခုညီလာခံကို မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်လာအောင် ထောက်ပံ့ရန်၊ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအား မြေတောင်မြှောက်ပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်စွာ ပေါ်ထွက်လာစေရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာစေပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီရန် စသည့် ရည်ရွယ်ချက်တို့ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်သိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သူရက ဆုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် The Myanmar Young Start-Up Award ပြိုင်ပွဲဝင် လူငယ်လုပ်ငန်းရှင် သုံးဦး၏ ကြိုးစားမှုဗီဒီယိုမှတ်တမ်းအား ပြသသည်။




ထို့နောက် The Myanmar Young Entrepreneur Award ရရှိသူ သုံးဦး၊ The Myanmar Young Social Entrepreneur Award ရရှိသူ သုံးဦးနှင့် The Myanmar Young Start-Up Award ရရှိသူ သုံးဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းသူအသင်းသားများ၊ ပြည်တွင်း ပြည်ပမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**The Myanmar Young Social Entrepreneur Award ရရှိသူ တစ်ဦးအား တာဝန်ရှိသူမှ ဆုချီးမြှင့်စဉ်။**

# မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အောင်မြင်ကျော်ကြားသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များက ခေါင်းစဉ်လေးခုဖြင့် ဝိုင်းဖွဲ့ဆွေးနွေးပြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ပြန်လည်မျှဝေလမ်းပြပေးခဲ့

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ထိပ်သီးညီလာခံ ၂၀၁၇ တွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အောင်မြင်ကျော်ကြားသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များက စီးပွားရေးစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေရေးနှင့် လူမှုပတ်ဝန်းကျင် အကျိုးပြုစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိအမြင်များ၊ ကိုယ်ပိုင်အတွေ့အကြုံများကို ခေါင်းစဉ် ၄ ခုဖြင့် ဝိုင်းဖွဲ့ဆွေးနွေးပြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ပြန်လည်မျှဝေလမ်းပြပေးခဲ့ပါသည်။

**"မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှုပြောင်းလဲလာပုံ"** ခေါင်းစဉ်နှင့် စပ်လျဉ်း၍ Grand National Capital ကုမ္ပဏီလီမိတက်မှ ဦးရဲမင်းဦးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ဒဂုံအုပ်စုဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Zeya & Associates Group အမှုဆောင်အရာရှိချုပ် ဦးဇေယျသူရမွန်တို့က ဆွေးနွေးကြသည်။

၎င်းတို့က မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်လုပ်ငန်းများ၏ ခေတ်အဆက်ဆက် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များ၊ ကြုံတွေ့ခဲ့ရသောအခက်အခဲများနှင့် အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန် ဆန်းသစ်တီထွင် အသုံးပြုခဲ့သည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ **"ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် ဆောင်ရွက်ခြင်း"** ခေါင်းစဉ်နှင့် စပ်လျဉ်း၍ Founder of MIT မှ ဒေါက်တာထွန်းသူရသက်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Myanmar Cars DB အမှုဆောင်အရာရှိချုပ် ဦးဝေယံလင်း၊ Oway Group အမှုဆောင်အရာရှိချုပ် ဦးနေအောင်၊ Seekster ကုမ္ပဏီလီမိတက်အမှုဆောင်အရာရှိချုပ် Mr.Sahib Anandsongvit တို့က ဆွေးနွေးကြသည်။

၎င်းတို့က စတင်စလုပ်ငန်းသစ်များအား လွယ်ကူသက်သာစွာ အလျင်အမြန်ချဲ့ထွင်နိုင်မည့် နည်းပညာသစ်များ၊ အခြေခံကောင်းများနှင့် အလေးထားရမည့် စွမ်းအားစုများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ **"ဈေးကွက်ဖြေရှင်းမှုများဖြင့် လူမှုရေးပြဿနာများကို အဖြေရှာခြင်း"** ခေါင်းစဉ်နှင့်စပ်လျဉ်း၍ British Council မှ ဒေါ်မီမီမျိုးဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး YOMA Strategic Holdings, Singapore မှ Mr. Martin Pun၊ UN မှ Mr.Jonathan Wong၊ Team Leader at Dana Facility မှ Mr. Peter Brimble နှင့် ဒေါ်လှလှဝင်းတို့က ဆွေးနွေးကြသည်။

၎င်းတို့က မြန်မာ့ လူ့အဖွဲ့အစည်းအတွင်းရှိ လူမှုရေးပြဿနာများကို အားလုံးပါဝင်နိုင်ပြီး လူမှုပတ်ဝန်းကျင်အတွက် တာဝန်ယူမှု တာဝန်ခံမှုရှိသောအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်ပေးမည့် အစီအစဉ်များ၊ စီးပွားရေး အသိပညာများအား လူ့အဖွဲ့အစည်း၏ အနိမ့်ဆုံးအလွှာများအထိ ဖြန့်ဝေပေးနိုင်မည့် နည်းလမ်းများ၊ ဈေးကွက်ရှာဖွေဖော်ဆောင်ပေးနိုင်မည့် စီမံချက်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် **"စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် မဟာဗျူဟာထွက်ပေါက်"** ခေါင်းစဉ်နှင့် စပ်လျဉ်း၍ Thura Swiss ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဒေါက်တာအောင်သူရက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး The Myanmar Distiller ကုမ္ပဏီလီမိတက်မှ ဦးအောင်မိုးကျော်၊ ဘဏ္ဍာရေး အကြံပေးပုဂ္ဂိုလ် ဦးကျော်မျိုးထွဏ်း၊ Golden Rock Capital မှ Mr. Rudolf Gildemeister နှင့် ဧရာဝတီဘဏ်မှ Mr. Azeem Azimuddin တို့က ဆွေးနွေးကြသည်။

၎င်းတို့က အောင်မြင်သော စွန့်ဦးတီထွင်လုပ်ငန်းများအား ငွေကြေးရင်းနှီးမြှုပ်နှံသူများ၊ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံသူများအားဖိတ်ခေါ်၍ အကျိုးအမြတ်ဖော်ဆောင်ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းများဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ ဆောင်ရန် ရှောင်ရန်များနှင့် စာရင်းအင်းနိုင်နင်းမှုနှင့် နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှုတို့၏ အထူးအရေးပါမှုများကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



"မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှုပြောင်းလဲလာပုံ"ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဦးရဲမင်းဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဦးသိန်းထွန်း၊ ဒေါက်တာစိုင်းဆမ်ထွန်း၊ ဦးဝင်းအောင်နှင့် ဦးဇေယျသူရမွန်တို့ ဆွေးနွေးကြစဉ်။



"ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် ဆောင်ရွက်ခြင်း" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဒေါက်တာထွန်းသူရသက်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ဦးဝေယံလင်း၊ ဦးနေအောင်၊ Mr.Sahib Anandsongvit တို့ ဆွေးနွေးကြစဉ်။




"ဈေးကွက်ဖြေရှင်းမှုများဖြင့် လူမှုရေးပြဿနာများကို အဖြေရှာခြင်း" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဒေါ်မီမီမျိုးဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Mr. Martin Pun၊ Mr.Jonathan Wong၊ Mr. Peter Brimble နှင့် ဒေါ်လှလှဝင်းတို့ ဆွေးနွေးကြစဉ်။



"စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် မဟာဗျူဟာထွက်ပေါက်"ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဒေါက်တာအောင်သူရက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဦးအောင်မိုးကျော်၊ ဦးကျော်မျိုးထွဏ်း၊ Mr. Rudolf Gildemeister နှင့် Mr. Azeem Azimuddin တို့ ဆွေးနွေးကြစဉ်။

# လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ် လူထုငြိမ်းချမ်းရေးဟောပြောပွဲနှင့် ငြိမ်းချမ်းရေး ဂီတဖျော်ဖြေပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၉**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများပါဝင်မှု အရေးကြီးကြောင်း သိရှိစေရေးနှင့် ပြည်သူများပူးပေါင်းပါဝင်နိုင်ရေးအတွက် ရည်ရွယ်၍ လူထုငြိမ်းချမ်းရေး လှုပ်ရှားမှု ရက်သတ္တပတ် လူထုငြိမ်းချမ်းရေး ဟောပြောပွဲနှင့် ငြိမ်းချမ်းရေး ဂီတဖျော်ဖြေပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် ည ၇ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူ ဘင်ခရာအဖွဲ့က ဖျော်ဖြေပြီး တက်ရောက်လာသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးမင်းကိုနိုင်၊ ဦးဂျင်မီနှင့် အဖွဲ့ဝင်များက ငြိမ်းချမ်းရေး မီးပုံးပျံ ၅၀ အား လွှတ်တင်ကာ၊ တေးသံရှင် ဘယ်ဝါ၊ ကာကာ၊ ဘိုဘိုထွဋ်နှင့် ဒေသခံ အဆိုတော်များက ငြိမ်းချမ်းရေး တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် Mezzo တေးဂီတအဖွဲ့နှင့်အတူ 'စည်းလုံးခြင်းသည်အင်အား' သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး မစုစုလှိုင်(ကံပေါက် )က ငြိမ်းချမ်းရေးကဗျာအား ရွတ်ဆိုသည်။

ထို့နောက် ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောကြသည်။

ဟောပြောပွဲသို့တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ ထားဝယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန်၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ကြသည်။

**ကျော်ကျော်လတ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ

ကျော်စိန်(ဇလွန်)

*(ယမန်နေ့မှအဆက်)*

**၁၉၃၅ ခုနှစ်မတိုင်မီ အိန္ဒိယ၏ ပြည်နယ်ဘဝ ကျင့်သုံးခဲ့သည့် ဗြိတိသျှ၏ မက်ဂ်နာ ကာတာ လွတ်လပ်ရေး အထူးအခွင့်အရေးပေးသည့် ချာတာနှင့် ၁၉၁၉ ခုနှစ်၊ အိန္ဒိယ စီရင်အုပ်ချုပ်မှု အက်ဥပဒေ**

ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်တွင် ဗြိတိသျှ၏ မက်ဂ်နာ ကာတာ လွတ်လပ်ရေး အထူးအခွင့်အရေးပေးသည့် ချာတာ (Magna Carta, 1215 Charter) အရ ဗြိတိသျှဘုရင်မ ပထမ အဲလိဇဘက်က အမိန့်စာချွန်ဖြင့် အရှေ့အိန္ဒိယကုမ္ပဏီကို တည်ထောင်ခဲ့သည်။ ထို့နောက် ၁၆၈၃ ခုနှစ်၊ စစ်ဥပဒေအရ စစ်ကြေညာခွင့်နှင့် စစ်ပြေငြိမ်းခွင့် အာဏာများကိုပါ ထိုကုမ္ပဏီအား အပ်နှင်းခဲ့သည်။ ၁၇၅၈ ခုနှစ် ဗြိတိသျှ၏ ချာတာအရ အဆိုပါကုမ္ပဏီအား အိန္ဒိယနိုင်ငံ၏ နယ်မြေများကို သိမ်းပိုက်ကာ စစ်ရေးဆိုင်ရာ အာဏာများကို အပ်နှင်းခဲ့သည်။ ထို့ပြင် ဗြိတိသျှဘုရင်မက အမိန့်စာချွန်ဖြင့် ၁၇၇၀၊ ၁၇၇၂၊ ၁၇၈၀၊ ၁၇၉၃ နှင့် ၁၈၁၃ ခုနှစ်တို့တွင် အရှေ့အိန္ဒိယကုမ္ပဏီအက်ဥပဒေ (The East India Company Act) အဖြစ် အက်ဥပဒေ ငါးခုကို ပြဋ္ဌာန်းပြီး ထိုကုမ္ပဏီအား ကူးသန်းရောင်းဝယ်ခွင့်အပြင် စစ်ကြေညာခွင့်၊ စစ်တိုက်ခွင့်၊ စစ်ပြေငြိမ်းခွင့်နှင့် အုပ်ချုပ်ရေးအာဏာများကို အပ်နှင်းခဲ့သည်။

ခရစ်နှစ် ၁၇၅၉ ခုနှစ် အောက်တိုဘာလတွင် အလောင်းဘုရား၏ အမိန့်အရ ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီရုံးကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ ထို့ပြင် ၁၈၂၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာစစ်တပ်က မဏိပူရ ကချာနယ်ရှိ အင်္ဂလိပ်တပ်ပေါင်းစုကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် ထိုနှစ် မတ်လ ၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ကာလ်ကတ္တားရှိ ဖို့ဝီလျံက မြန်မာနိုင်ငံကို စစ်ကြေညာပြီး နှစ်ဖက်တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားပြီးနောက် လက်နက်အင်အား မမျှသဖြင့် ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အင်းဝနှင့် ၄၅ မိုင်အကွာ ရန္တပိုရွာတွင် အင်္ဂလိပ်နှင့် မြန်မာတို့ စစ်ပြေငြိမ်းရေးစာချုပ်ကို ချုပ်ဆိုပြီး မြန်မာ့ပိုင်နက်ဖြစ်ခဲ့သည့် အာသံနှင့် မဏိပူရအပြင် ရခိုင်နှင့် တနင်္သာရီတိုင်းတို့ကို အင်္ဂလိပ်အား အပ်နှင်းခဲ့ရပြီး အိန္ဒိယဘုရင်ခံချုပ်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သည်။

ထို့ပြင် The Government of India Act, 1833 ဖြင့် ဗြိတိသျှအစိုးရ၏ အာဏာများကိုပါ ထိုအရှေ့အိန္ဒိယကုမ္ပဏီအား လွှဲအပ်ခဲ့သည်။ ထို့နောက် The Government of India Act, 1858 အရ အိန္ဒိယတွင် သိမ်းပိုက်ပြီးသော နယ်မြေများတွင် အဆိုပါအာဏာများကို ထိုကုမ္ပဏီအား ထပ်မံအပ်နှင်းခဲ့သည်။ ထိုအရှေ့အိန္ဒိယကုမ္ပဏီသည် ကူးသန်းရောင်းဝယ်ရေးကို အခြေပြု၍ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ၌ အင်းဝခေတ်တွင် သန်လျင်မြို့၌လည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် ဟိုင်းကြီးကျွန်း၌လည်းကောင်း နယ်ချဲ့ခြေကုပ်စစ်စခန်းများ တည်ထောင်ခဲ့ပြီး ရန်စကျူးကျော်ကာ ဗြိတိသျှ၏ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည့် သမိုင်းကြောင်းလည်း ရှိခဲ့သည်။

၁၈၅၁ ခုနှစ်တွင် ပုဂံမင်းလက်ထက် ရန်ကုန်မြို့ဝန် ဦးအုပ်က ကပ္ပတိန် လူးဝစ်နှင့် ရှက်ပက်တို့အား ဒဏ်ငွေရိုက်သည်ကို မကျေနပ်ရာမှစ၍ မြန်မာဘုရင်ပိုင် ရေနန်းယာဉ်သာသင်္ဘောကို အတင်းသိမ်းယူပြီးနောက် တိုက်သင်္ဘောများ စေလွှတ်ကာ စစ်ကြေညာခြင်းမပြုဘဲ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ စတင်ခဲ့ပြီး ရန်ကုန်၊ မုတ္တမ၊ ပဲခူး၊ ပြည် စသောနယ်များတွင် နှစ်ဖက်တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စစ်ပြေငြိမ်းရေးစာချုပ် မပြုလုပ်ရဘဲ အောက်မြန်မာနိုင်ငံ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့ကို အင်္ဂလိပ်တို့က သရက်မြို့အနီးရှိ မြေထဲရွာ၌ ကျောက်တိုင်စိုက်ကာ သိမ်းပိုက်လိုက်ကြောင်း အိန္ဒိယဘုရင်ခံချုပ် ဒါလဟိုဇီက ကြေညာပြီး ဘင်္ဂလားအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ဘင်္ဂလားပြည်နယ်၏ နယ်တစ်နယ်အဖြစ် သတ်မှတ်အုပ်ချုပ်ခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် ဗြိတိသျှအစိုးရက ကြေညာချက်ထုတ်ပြန်၍ ရခိုင်ဘုရင်လက်ထက်က ရခိုင်ပြည်နယ်တွင် ရှိခဲ့သည့် ဘုရားကျွန်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

> **၁၉၁၅ ခုနှစ် အက်ဥပဒေတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေများ၌ ပါလေ့ရှိသည့် ဗဟိုနှင့် ဒေသန္တရ ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေး နှင့် ကာကွယ်ရေး စသည့် ပြဋ္ဌာန်းချက်များ ပါရှိ ခဲ့သည်။ ဤတွင် ဥပဒေပြုအဖွဲ့၌ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များပါ ထည့်သွင်းထားသည်ကို တွေ့ရှိရ**

သီပေါမင်း နန်းတက်ပြီးနောက် ၁၈၈၄ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ပြင်သစ်နှင့် မြန်မာတို့ မဟာမိတ်စာချုပ် ချုပ်ဆိုပြီး မြန်မာနိုင်ငံ၌ ပြင်သစ်ဘဏ် ဖွင့်လှစ်ခွင့်၊ ဘော်တွင်းများ တူးဖော်ခွင့်ပေးခဲ့သည်။ ထိုစာချုပ်ကို အကြောင်းပြု၍ ပြင်သစ်တို့က အထက်မြန်မာပြည်ကို ချယ်လှယ်နေကြသည်ဟု အင်္ဂလိပ်အစိုးရသို့ ၁၈၈၅ ခုနှစ် ဇူလိုင်လတွင် အစီရင်ခံခဲ့ရာမှ အင်္ဂလိပ်တို့က မြန်မာပြည်တစ်ဝန်းလုံးကို သိမ်းယူရန် အကြောင်းရှာလာကြသည်။ ထိုစဉ် ဘုံဘေဘားမား သစ်ကုမ္ပဏီက အခွန်မဆောင်ဘဲ ကျွန်းသစ်လုံးရေ ၅၀၀၀၀ ကျော် ထုတ်ယူသဖြင့် ဒဏ်ငွေ ၂၅ သိန်း ပေးဆောင်ရန် အမိန့်ချမှတ်ချက်အပေါ် မကျေနပ်သဖြင့် အင်္ဂလိပ်က ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြည်သိမ်းတပ်ကို စေလွှတ်အမိန့်ပေးခဲ့ပြီးနောက် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ စတင်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်စစ်တပ်က ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သီပေါဘုရင်နှင့် မိဖုရားတို့အား နန်းတွင်းမှ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာပြည်သည် ဗြိတိန်ဘုရင်မကြီး၏ နိုင်ငံတော်ဖြစ်သည်ဟု အမိန့်တော်ပြန်တမ်း အမှတ် (၁) ဖြင့် ကြေညာခဲ့သည်။

၁၈၆၃ ခုနှစ်၊ အက်ဥပဒေ အမှတ် (၁) ဖြင့် တရားရုံး ခြောက်မျိုးကို တည်ထောင်ခဲ့ပြီးနောက် Recorder's Court and Small Cause Court တို့ကို ဆက်လက်တည်ထောင်ခဲ့သည်။ ၁၈၈၆ ခုနှစ် အက်ဥပဒေ အမှတ် (၂၀) ဖြင့် အထက်မြန်မာနိုင်ငံ တရားရေးကော်မရှင်နာရုံးကို တည်ထောင်ခဲ့သည်။ အင်္ဂလိပ်တို့က ပဒေသရာဇ် ရှမ်းပြည်နယ်ကို ပြည်မနှင့် သီးခြားခွဲ၍ စော်ဘွားများဖြင့် အုပ်ချုပ်စေခဲ့ပြီး The Upper Burma Law Act, 1887, The Shan State Act 1888 နှင့် The Burma Law Act, 1898 တို့ကို ပြဋ္ဌာန်းပြီး ရှမ်းပြည်နယ်တွင် ပြည်မ၌ကျင့်သုံးသော အက်ဥပဒေများကို အာဏာမတည်စေဘဲ သီးခြားအမိန့်များထုတ်၍ ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ယင်းအမိန့်များတွင် The Shan States Arms Order, 1924 နှင့် The Shan State Excise Order, 1925 တို့မှာ ယနေ့တိုင် ရှမ်းပြည်နယ်တွင် ကြေညာထားသော ဒေသများ၌ အာဏာသက်ရောက်လျက် ရှိသေးသည်။ ထို့ပြင် ၁၈၉၇ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ၁၈၆၁ ခုနှစ် အိန္ဒိယကောင်စီ အက်ဥပဒေအရ မြန်မာပြည်ကို အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး ဒုတိယဘုရင်ခံ ဆာဖရက်ဒရစ် ဝီလျံ ရစ်ချတ် ဖရိုင်ယာက ၁၈၉၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ပထမဆုံးသော ဥပဒေပြုကောင်စီကို ကောင်စီဝင် ကိုးဦးဖြင့် စတင်ဖွဲ့စည်းရာ၌ မြန်မာဘက်မှပါဝင်ခဲ့သူ နှစ်ဦးမှာ မြန်မာဘုရင်ခေတ်က ဝန်ကြီးဟောင်းတစ်ဦးနှင့် ရှမ်းစော်ဘွားတစ်ဦးတို့ ဖြစ်သည်။

ထိုသို့ အိန္ဒိယ၏ ပြည်နယ်ဘဝ မြန်မာနိုင်ငံက ဥပဒေပြုအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခွင့်ရခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောဆောင်သည့် အက်ဥပဒေ နှစ်ရပ်မှာ The India Council Act, 1861 နှင့် 1892 တို့ ဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ၁၉၀၈ ခုနှစ်နောက်ပိုင်း နိုင်ငံရေး နိုးကြားလာမှုအရ မော်လေမင်တို ပြုပြင်ပြောင်းလဲရေး (Morley- Minto Reform) ကြောင့် ၁၉၀၉ ခုနှစ်၌ ဥပဒေပြုကောင်စီဝင် ကိုးဦးမှ ၁၅ ဦးအထိ တိုးလာပြီး ထိုဥပဒေပြုကောင်စီ၌ ဗမာ သုံးဦးနှင့် ရှမ်းစော်ဘွားတစ်ဦးတို့အပြင် မြန်မာပြည်ကုန်သည်များအသင်းမှ ကိုယ်စားလှယ်တစ်ဦးလည်း ပါဝင်ခဲ့သည်။

ဗြိတိသျှပါလီမန်က The Government of India Act, 1915 ကို ၁၉၁၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် အပိုင်း ၁၂ ပိုင်း၊ ပုဒ်မပေါင်း ၁၃၅ ခုနှင့် ဇယား ငါးခုတို့ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အက်ဥပဒေပေါင်း ၄၇ ခုကို ရုပ်သိမ်းခဲ့သည်။ ယင်းရုပ်သိမ်းခဲ့သည့် အက်ဥပဒေများတွင် ၁၇၇၀ ပြည့်နှစ်မှ ၁၈၁၃ ခုနှစ်အထိ The East India Company Act, 1770, 1772, 1780, 1793, 1813 အက်ဥပဒေ ငါးခု၊ ၁၈၀၀ ပြည့်နှစ်မှ ၁၉၁၂ ခုနှစ်အထိ The Government of India Act, 1800, 1833, 1853, 1854, 1858, 1859, 1865, 1869, 1870, Amendment Act 1911, 1912 အက်ဥပဒေ ၁၁ ခုနှင့် ၁၈၆၁ ခုနှစ်မှ ၁၉၀၉ ခုနှစ်အထိ The India Councils Act, 1861, 1869, 1874, 1892, 1904, 1907, 1909 အက်ဥပဒေ ခုနစ်ခုတို့ ပါဝင်ခဲ့သည်။ အဆိုပါ ၁၉၁၅ ခုနှစ် အက်ဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ ပါလေ့ရှိသည့် ဗဟိုနှင့် ဒေသန္တရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေးနှင့် ကာကွယ်ရေး စသည့် ပြဋ္ဌာန်းချက်များ ပါရှိခဲ့သည်။ ဤတွင် ဥပဒေပြုအဖွဲ့၌ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များပါ ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။

အိန္ဒိယပြည် အစိုးရအတွင်းဝန် အက်ဒွင် မွန်တေဂူ၏ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး အစီရင်ခံစာအရ ဗြိတိသျှပါလီမန်က ဗြိတိန်ဘုရင်၏ သဘောတူညီချက်ဖြင့် အဆိုပါ ၁၉၁၉ ခုနှစ်၊ အိန္ဒိယ စီရင်အုပ်ချုပ်မှု အက်ဥပဒေကို ၁၉၁၉ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထို ၁၉၁၉ ခုနှစ်၊ အက်ဥပဒေ၏နိဒါန်းတွင် ယခင် အရှေ့အိန္ဒိယကုမ္ပဏီအား အပ်နှင်းခဲ့သည့် အာဏာများကိုပါ ကျင့်သုံးနိုင်ရန် ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ယင်းအက်ဥပဒေအရ ဥပဒေပြုကောင်စီတွင် ဘုရင်ခံချုပ်နှင့် အဖွဲ့ဝင် ၆၀ ပါဝင်သော နိုင်ငံတော်ကောင်စီနှင့် အဖွဲ့ဝင် ၁၄၃ ဦး ပါဝင်သော ဥပဒေပြုလွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရက ကိုလိုနီကာလ အိန္ဒိယ၏ပြည်နယ်တစ်ခုအဖြစ် ထားရှိခဲ့စဉ် မြန်မာနိုင်ငံအား အိန္ဒိယကဲ့သို့ အုပ်ချုပ်ရေး အဆင့်အတန်းမပေးမီ ကြားကာလ အုပ်ချုပ်ရေးစနစ်ဖြစ်သည့် ကရက်ဒေါက် စီမံကိန်းကို လက်မခံဘဲ ထိုစဉ်က ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) အသင်းဝင်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာအသင်းချုပ်ကြီး (GCBA) တို့၏ တောင်းဆိုချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းသော ၁၉၁၉ ခုနှစ်၊ အိန္ဒိယ စီရင်အုပ်ချုပ်မှု အက်ဥပဒေ (The Government of India Act, 1919) သည် မြန်မာနိုင်ငံ၌ သက်ဝင်လာသည်။

ထို ၁၉၁၉ ခုနှစ် အက်ဥပဒေမှာ ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းခဲ့သည့် အထက်ဖော်ပြပါ ၁၉၁၅ ခုနှစ် အက်ဥပဒေကို အခြေခံပြီး ၁၉၁၆ ခုနှစ်နှင့် ၁၉၁၉ ခုနှစ်တို့တွင် ပြင်ဆင်ထားသည့်အတိုင်း ပြန်လည်စုစည်း၍ ပြဋ္ဌာန်းသည့် အက်ဥပဒေဖြစ်သည်။ ထို ၁၉၁၉ ခုနှစ် အက်ဥပဒေတွင် မူလက အပိုင်း ခြောက်ပိုင်း၊ ပုဒ်မပေါင်း ၄၇ ခု နှင့် ဇယား လေးခုတို့ဖြင့် ပြဋ္ဌာန်းခဲ့ပြီးနောက် ပြင်ဆင်ချက်များဖြင့် ပုဒ်မများကို ထပ်မံဖြည့်စွက်ထားသည်။ ထိုအက်ဥပဒေပုဒ်မ ၇၂-က အရ ပထမဇယားပါ အိန္ဒိယပြည်နယ်များ၏ ဥပဒေပြုကောင်စီတွင် မြန်မာနိုင်ငံအတွက် ကောင်စီဝင် ၉၂ ဦးထိ တိုးချဲ့ပါဝင်ခွင့်ပြုထားသည်။ ထို ၁၉၁၉ ခုနှစ် အက်ဥပဒေတွင် ဗဟိုနှင့် ပြည်နယ်အစိုးရ ခွဲခြားမှု၊ ဥပဒေပြုကောင်စီ ဖွဲ့စည်းမှု၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဖွဲ့စည်းမှု၊ ပါတီစုံစနစ်ဖြင့် ကျင့်သုံးမှု စသည်တို့အပြင် ပထမဇယား၌ ဗဟိုနှင့် ပြည်နယ်အလိုက် ဥပဒေပြုကောင်စီဝင်များ၏ အရေအတွက်တို့ကို သတ်မှတ်ထားသည်။ ထို ၁၉၁၉ ခုနှစ် အက်ဥပဒေအရ လွှတ်တော်တစ်ရပ်တည်းရှိပြီး လွှတ်တော်သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။ ဥပဒေပြုကောင်စီ၌ ဒုတိယဘုရင်ခံချုပ်က ခန့်အပ်သူ ၂၆ ဦးနှင့် ရွေးချယ်ခံရသူ နှစ်ဦး၊ ကျွမ်းကျင်သောအမတ် နှစ်ဦး စုစုပေါင်း ၃၀ ဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုအက်ဥပဒေကို မြန်မာနိုင်ငံတွင် ၁၉၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်ဖြင့် စတင်ကျင့်သုံးခဲ့ရာ၌ ခေတ်နောက်ကျနေသော ဒေသဟု ကြေညာထားသည့် ရှမ်း၊ ကချင်နှင့် ချင်းတို့ကို ချန်လှပ်ထားခဲ့သည်။ ထို ၁၉၁၉ ခုနှစ် အက်ဥပဒေ ပုဒ်မ ၅၂-က အရ မြန်မာနိုင်ငံ၏ ပြည်နယ်အချို့၌ အိန္ဒိယဘုရင်ခံက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အိန္ဒိယအက်ဥပဒေအချို့ကို အာဏာသက်ရောက်စေခဲ့သည့် အထောက်အထားများလည်း ရှိသည်။ သို့ရာတွင် ယင်းအက်ဥပဒေအရ မြန်မာမင်းများလက်ထက်က ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ဆက်လက်အာဏာသက်ရောက်စေခြင်းမပြုဘဲ ပစ်ပယ်ခဲ့ပါသည်။

၁၉၂၂ ခုနှစ်တွင် The Government of India Act, 1919 အရ Letters Patent ဖြင့် မြန်မာနိုင်ငံ တရားရုံးများ အက်ဥပဒေနှင့် ရန်ကုန်မြို့တော် တရားမတရားရုံး အက်ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီး တရားမမှုများကို စီရင်ပိုင်ခွင့် အပ်နှင်းခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ တရားလွှတ်တော်ကိုလည်း တည်ထောင်ခဲ့သည်။ ၂၂-၁၂-၁၉၂၄ ရက်စွဲပါ တရားရုံးချုပ် အမိန့်ကြော်ငြာစာအမှတ် (၂၅) ဖြင့် ပထမတန်း ရှေ့နေများကို တရားရုံးချုပ်ရှေ့နေအဖြစ် ပြောင်းလဲစာရင်းသွင်းခဲ့သည်။

**၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေဖြင့် အုပ်ချုပ်သည့်ကာလ အုပ်ချုပ်ရေးနှင့် ပြဋ္ဌာန်းဥပဒေများ**

မြန်မာနိုင်ငံတွင် နိုင်ငံရေး နိုးကြားမှု၊ အမျိုးသားရေးလှုပ်ရှားမှုများနှင့်အတူ အိန္ဒိယ၏ ပြည်နယ်ဘဝမှ ခွဲထွက်လိုသော မျိုးချစ်များ ပေါ်ပေါက်လာကာ တော်လှန်မှုများ တိုးပွားလာခဲ့သည်။ မျိုးချစ်ပုဂ္ဂိုလ်တို့၏ တောင်းဆိုမှုကြောင့် မြန်မာပြည် ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းကို ၁၉၂၂ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်ကို ၁၉၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံနည်းတူ အုပ်ချုပ်ရေးအဆင့် ရရှိခဲ့သည်။ ထိုဒိုင်အာခီအုပ်ချုပ်ရေးစနစ်တွင် ၉၁ ဌာနအုပ်ချုပ်ရေးပုံစံဖြင့် ကျင့်သုံးခဲ့သည်။ မြန်မာတို့ ရွေးကောက်တင်မြှောက်သော ဥပဒေပြုကောင်စီဝင် နှစ်ဦးနှင့် ပူးတွဲ၍ အုပ်ချုပ်ခဲ့သည်။ ထိုအုပ်ချုပ်ရေးစနစ်တွင် မြန်မာများကို အရေးပါသော ဘဏ္ဍာရေး၊ တရားရေးနှင့် နိုင်ငံရေးစသည့် ဌာနများကို မပေးဘဲ သစ်တောရေးနှင့် ပညာရေးတို့တွင် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည်။ ၁၉၁၉ ခုနှစ်၊ အိန္ဒိယ စီရင်အုပ်ချုပ်မှု အက်ဥပဒေအရ ကျင့်သုံးသည့် ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်မှာ မြန်မာနှင့် အင်္ဂလိပ်တို့ ပူးတွဲအုပ်ချုပ်ခြင်းဆိုသော်လည်း မြန်မာတို့ဘက်မှ အသာစီးမရခဲ့ပေ။

သို့အတွက် မြန်မာမျိုးချစ် နိုင်ငံရေးသမားများက ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုပြီး အိန္ဒိယ၏ ပြည်နယ်အဖြစ်မှ ခွဲထွက်ရေးအတွက် လှုပ်ရှားတောင်းဆိုလာကြသည်။ ထိုအခါ ဗြိတိသျှဝန်ကြီးချုပ် မက်ဒေါ်နယ်က မြန်မာပြည်ကို အိန္ဒိယနှင့် ခွဲလိုသလော သို့မဟုတ် တွဲ၍နေလိုသလော ဆိုသည်ကို ရွေးကောက်ပွဲ ကျင်းပ၍ မဲခွဲ ဆုံးဖြတ်ရန် ၁၃-၁-၁၉၃၂ ရက်နေ့တွင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပြောကြားချက်အရ ခွဲရေး တွဲရေး ပြဿနာပေါ်လာပြီး နောက်ဆုံးတွင် ခွဲရေးဘက်မှ အသာရရှိပြီးနောက် မြန်မာနိုင်ငံသားများကပါ ဥပဒေပြုခွင့်ရလာသည့် The Government of Burma Act, 1935 (၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေ) ကို ၂-၈-၁၉၃၅ ရက်နေ့တွင် ဗြိတိသျှပါလီမန်က ပဉ္စမမြောက် ဂျော့ဘုရင်၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ ထိုအက်ဥပဒေသည် ၁-၄-၁၉၃၇ ရက်နေ့တွင် စတင်အာဏာတည်ခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါ ကင်းဝေးရေး အရှိန်အဟုန်မြှင့်တင်ရန် အဆင့်မြင့်အရာရှိကြီးများ စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဂရန်းအမရာဟိုတယ်၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး (Regional Director) Dr. Poonam Khetrapal Singh၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Shin Young-Soo တို့ပါဝင်သော အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသတွင်း ခေါင်းဆောင်များ၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်း (APLMA) မှ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ Ms. Ruby Shang ပါဝင်သောအဖွဲ့တို့အား သီးခြားစီ လက်ခံတွေ့ဆုံသည်။

ယင်းနောက် နံနက် ၁၀ နာရီတွင် ယင်းဟိုတယ်၌ ပင် ၂၀၃၀ ပြည့်နှစ်တွင် မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေးအတွက် အရှိန်အဟုန်မြှင့်တင်ရန် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ်ဒေသတွင်း ခေါင်းဆောင်များ၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေး မိတ်ဖက်အဖွဲ့အစည်း (APLMA)၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက မဟာမဲခေါင်ဒေသတွင်းတွင် လွန်ခဲ့သော ငါးနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုကို ၈၆ ရာခိုင်နှုန်းနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးနှုန်းကို ၉၁ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အမျိုးသားငှက်ဖျားရောဂါကင်းဝေးရေး စီမံချက်ကို ရေးဆွဲပြီး လုပ်ငန်းများစတင်လျက်ရှိကာ စီမံချက်များကို စနစ်တကျလုပ်ဆောင်ရန် တိုက်တွန်းပြောကြားသည်။ ငှက်ဖျားရောဂါ လျော့နည်းကျဆင်းလာသော်လည်း ဝေးလံခက်ခဲသည့်နေရာများ၊ နယ်စပ်ဒေသများ၊ ရွှေ့ပြောင်းနေထိုင်ကြသည့် လူများတွင် ဖြစ်ပွားမှုရှိနေဆဲ ဖြစ်ပါသည်။

ငှက်ဖျားဆေးယဉ်ပါးမှုနှင့် အာတီမီဆီနင် ငှက်ဖျားဆေးပေါင်းကို ဆေးယဉ်ပါးမှုများသည်လည်း မဟာမဲခေါင်ဒေသကို ခြိမ်းခြောက်လျက်ရှိသည်။ အရည်အသွေးမပြည့်မီသည့် ငှက်ဖျားဆေးများ၊ ငှက်ဖျားဆေးဝါးအတုများအား အချို့နေရာများတွင် တွေ့ရှိနေရဆဲဖြစ်ကာ ငှက်ဖျားရောဂါကင်းဝေးစေရေး ဆောင်ရွက်ရာတွင် ငှက်ဖျားရောဂါပိုးသယ်ဆောင်သည့် ခြင်၏ သဘာဝ၊ ခြင်များ၏ ပိုးသတ်ဆေးယဉ်ပါးလာမှု၊ အပြုအမူပြောင်းလဲမှုများကိုလည်း အထူးအရေးပေးထည့်သွင်းလေ့လာရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငှက်ဖျားရောဂါကင်းဝေးရေး ဆောင်ရွက်ရန် အသင့်ရှိနေကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာရှပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များက ၂၀၃၀ ပြည့်နှစ်တွင် မဟာမဲခေါင်ဒေသတွင်း ငှက်ဖျားရောဂါကင်းဝေးရေးအတွက် အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က မဟာမဲခေါင်ဒေသတွင်း နိုင်ငံများကိုယ်စား "Ministerial Call for Action to Eliminate Malaria in the Greater Mekong Subregion before 2030" အား ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များက အသီးသီးထောက်ခံဆွေးနွေးကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး နှစ်ဦး၊ APLMA အဖွဲ့မှ ကိုယ်စားလှယ်၊ လူထုအခြေပြုအဖွဲ့အစည်းမှ ကိုယ်စားလှယ်၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်၊ USAID မှ ကိုယ်စားလှယ်၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်တို့က ပါဝင်ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် "Ministerial Call for Action to Eliminate Malaria in the Greater Mekong Subregion before 2030" ကို အတည်ပြုခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ညနေပိုင်းတွင် "ကမ္ဘာ့ရန်ပုံငွေအဖွဲ့ NFM-2 Grant Agreements (2018-2020)" သဘောတူလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ HIV/AIDS ကာကွယ်ကုသရေးလုပ်ငန်းများအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ထောက်ပံ့ကူညီမည့် အမေရိကန်ဒေါ်လာ သန်း ၁၃၀ နှင့် TB ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၉၄ သန်း ပံ့ပိုးပေးသွားမည့်အကြောင်းအရာအား သဘောတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာအပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပနိုင်ရေး ဆွေးနွေး

**မန္တလေး ဒီဇင်ဘာ ၉**

မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာအပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မန္တလေးမြို့ ချမ်းမြသာစည် လေဆိပ်ဟောင်း၌ ဇန်နဝါရီ ၂၁ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ဖိတ်ကြားရာမှာလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ ညီညီညွတ်ညွတ် လုပ်ဆောင်သွားရမှာပါ၊ အစိုးရဘက်ကလည်း တတ်နိုင်သမျှ အကူအညီပေးသွားမှာဖြစ်လို့လိုအပ်တာကို တင်ပြဖို့ပါ၊ ဆပ်ကော်မတီများက ကိုယ့်တာဝန်အလိုက် ဆောင်ရွက်ရမှာဖြစ်တယ်၊ အရပ်ဘက်အဖွဲ့အစည်းတွေရော တစ်သီးပုဂ္ဂလတွေရော၊ စေတနာရှင်တွေရောပါဝင်ပြီး အစိုးရနဲ့ လက်တွဲလုပ်ရမှာဖြစ်တယ်လို့ စိတ်ထဲမှာ ခံယူရမှာပါ၊ ကျွန်တော်တို့အစိုးရက ဘယ်သူနဲ့မဆို လက်တွဲလုပ်ဖို့အဆင်သင့်ရှိတယ်"ဟု ပြောကြားသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုရရှိစေခြင်း၊ ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့ရာရောက်ခြင်း၊ သံဃာတော်ကို အထွတ်အမြတ်ထားခြင်း အကျိုးကျေးဇူးရရှိစေမှာဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပခြင်းမဟုတ်ဘဲ အားလုံးစုပေါင်းဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

အဆိုပါသံဃာအပါး နှစ်သောင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပရေးကော်မတီတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နာယကအဖြစ်ပါဝင်၍ လုပ်ငန်းကော်မတီကို ဆပ်ကော်မတီ ၁၃ ခုဖြင့် ဖွဲ့စည်းကာ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**ခုနှစ်၊ လဆန်း ရက်**
**( ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာသမိုင်းအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါဝင်သော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ခ) အဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာသမိုင်းအဖွဲ့ကို ဆိုသည်။
(ဂ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။
(ဃ) ဦးစီးဌာနဆိုသည်မှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြန်မာသမိုင်းကို အထောက်အထားခိုင်မာစွာ စနစ်တကျဖော်ထုတ်ပြုစုရန်၊
(ခ) မြန်မာသမိုင်းဆိုင်ရာ အထောက်အထားများကို ပြည်တွင်း၊ ပြည်ပမှ ရှာဖွေစုဆောင်းရန်၊
(ဂ) ရှာဖွေစုဆောင်းရရှိပြီးသော အထောက်အထားများကိုအခြေခံ၍ မြန်မာသမိုင်းကို သုတေသနပြုစုရန်၊
(ဃ) သုတေသနပြုတွေ့ရှိချက်များကိုအခြေခံ၍ ခေတ်အပိုင်းအခြားအလိုက် မြန်မာသမိုင်းကို ပြုစုရန်၊
(င) မြန်မာသမိုင်းနှင့် ဆက်နွှယ်သောဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သော အကူအညီရယူရန်၊
(စ) မြန်မာသမိုင်းနှင့် သက်ဆိုင်သော ကျမ်း၊ စာအုပ်၊ စာစောင်နှင့် စာတမ်းများကို ပြုစုထုတ်ဝေရန်၊
(ဆ) သမိုင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

**အခန်း (၃)**
**ဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်
(က) အဖွဲ့ကို မြန်မာသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ သုတေသီများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀ ဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာသမိုင်းအဖွဲ့ ဖွဲ့စည်းရမည်။
(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။
(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသောအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**
**အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ အဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) အစိုးရအဖွဲ့ကို တာဝန်ခံခြင်း၊
(ခ) မြန်မာနိုင်ငံသမိုင်းကို စနစ်တကျဖော်ထုတ်ပြုစုရာ၌ ပံ့ပိုးကူညီဖြည့်ဆည်းခြင်း၊
(ဂ) သမိုင်းသုတေသီများပေါ်ထွန်းစေရန် လေ့ကျင့်ပေးခြင်းနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဃ) မြန်မာသမိုင်းဆိုင်ရာ အချက်အလက်များ၊ အထောက်အထားများကို ရှာဖွေရရှိစေရန်ပံ့ပိုးခြင်း၊
(င) မြန်မာသမိုင်းဆိုင်ရာ စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းထားရှိခြင်း၊
(စ) တက္ကသိုလ်သမိုင်းဌာနများနှင့် အခြားဝန်ကြီးဌာနအသီးသီးမှ လိုအပ်သော သမိုင်းသုတေသနဆိုင်ရာ အကူအညီများပေးခြင်း၊
(ဆ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက ပေးအပ်သည့် မြန်မာသမိုင်းဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) လိုအပ်သော အဖွဲ့ခွဲများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊
(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြင်ပပုဂ္ဂိုလ်များထံမှ အကူအညီကို ဝန်ကြီးဌာနမှတစ်ဆင့် ရယူခြင်း၊
(ဂ) စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် လက်ခံရယူခြင်းတို့ကို ဆောင်ရွက်ရာတွင် ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဃ) လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ ဦးစီးဌာန၏ ပံ့ပိုးကူညီမှုရယူခြင်း၊

**အခန်း (၅)**
**အထွေထွေ**

၇။ ဦးစီးဌာနသည် အဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၉။ အဖွဲ့၏ အသုံးစရိတ်ကို ဦးစီးဌာနက ကျခံရမည်။

၁၀။ အဖွဲ့၏ ရငွေနှင့် သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ထားရှိဆောင်ရွက်ရမည်။

၁၁။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/ ၉၁)အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -
(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ အဖွဲ့သည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း ထုတ်ပြန်နိုင်သည်။

၁၃။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၉၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်အချို့၏ စီးပွားရေးလုပ်ငန်း အတွေ့အကြုံများနှင့် သဘောထားများ

**ဒုတိယကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်အချို့၏ စီးပွားရေးလုပ်ငန်းအတွေ့အကြုံများနှင့် သဘောထားများကို မေးမြန်းဖြစ်ခဲ့သည်-**


ကိုပုည


ကိုနေလင်းစိုး

### ကိုပုည (Recycle Myanmar တည်ထောင်သူ)

Recycle Myanmar အနေနဲ့ ဆန်းသစ်တီထွင်ထားတဲ့ ထုတ်ကုန်တွေကို ထုတ်လုပ်ပြီး ဈေးကွက်ဝန်ဆောင်မှုအနေနဲ့ ပြန်ပြီးချိတ်ဆက်ပေးသွားမှာဖြစ်ပါတယ်၊ လွန်ခဲ့တဲ့၂၀၁၃ ခုနှစ်ကတည်းက ကရုဏာသည်များ ကွန်ရက်အနေနဲ့ စွန့်ပစ်ပစ္စည်းတွေကို အလှူခံတဲ့ အလှူခံအမှိုက်ပုံးတွေကို တီထွင်ဖန်တီးခဲ့ပါတယ်၊ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ ဥပမာ-ရေသန့်ဘူးခွံ၊ အချိုရည်ဘူးခွံ၊ ပုလင်းခွံတွေကို ပုံးတွေထဲလာထည့်ပြီး လှူလို့ရပါတယ်၊ ရလာတဲ့ အမှိုက်တွေကို ရောင်းပြီး ရတဲ့ငွေနဲ့ ကျောင်းမနေနိုင်တဲ့ကလေးတွေ စာသင်ပေးခဲ့ပါတယ်။

အခုနောက်ပိုင်း ဒါကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့အတွက် Recycle Myanmar ဆိုတဲ့ လူမှုအကျိုးပြု စီးပွားရေးကို တည်ထောင်ခဲ့တာပါ၊ Recycle Myanmar အနေနဲ့ကျတော့ နည်းပညာအမှိုက်ပုံးတွေ ထုတ်မှာဖြစ်ပါတယ်၊ ဒီအမှိုက်ပုံးတွေမှာ လက်ရှိခေတ်မီနည်းပညာတွေပါပါမယ်၊ ကွန်ပျူတာနဲ့ အီလက်ထရွန်နစ် နည်းပညာတွေပါမယ်၊ အမှိုက်တွေကို ဝယ်ယူစုဆောင်းတဲ့သူတွေ၊ အလဲအလှယ်လုပ်တဲ့သူတွေရှိတယ်၊ နောက်ပြီး အမှိုက်တွေကို အရည်ကျိုတဲ့စက်ရုံတွေ ရှိတယ်၊ စည်ပင်သာယာအဖွဲ့တွေ ရှိတယ်၊ သူတို့အနေနဲ့ အမှိုက်ပုံးတွေနဲ့ အမှိုက်ကို အလွယ်တကူသိမ်းလို့ရအောင် ကွန်ရက်လုပ်ပေးမှာပါ၊ စွန့်ပစ်ပစ္စည်းကို စုလို့ရတဲ့ စဘူးတွေထုတ်မှာဖြစ်ပါတယ်၊ စဘူးတွေကို ဝယ်ယူသုံးစွဲသူတွေအနေနဲ့ အမှိုက်ပြည့်သွားတဲ့အခါ သိမ်းတဲ့လူတွေက လာရောက်သိမ်းပေးမှာဖြစ်သလို အမှိုက်တွေကို ရောင်းလို့ ပိုက်ဆံရမယ်၊ ဒါမှမဟုတ် လိုအပ်တဲ့နေရာကို လှူလို့ရမယ် ရွေးချယ်စရာနှစ်ခုရှိပါမယ်၊ အမှိုက်ကို လိုက်သိမ်းတဲ့လူတွေကတော့ အရင်ကထက် လွယ်လွယ်ကူကူအဆင်ပြေပြေနဲ့ သိမ်းလို့ရပါမယ်၊ ပတ်ဝန်းကျင်အတွက်ကတော့ အမှိုက်တွေ လျော့နည်းသွားပါမယ်၊ Recycle Myanmar ကွန်ရက်ကို မြို့အတော်များများမှာ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သွားဖို့ ရည်ရွယ်ထားပါတယ်။

အခုလောလောဆယ်တော့ ငွေရင်းနှီးမြှုပ်နှံမှု အခက်အခဲရှိပါတယ်၊ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲရှိပါတယ်၊ လက်ရှိနည်းပညာတွေက အလွန်ခက်ခဲရှုပ်ထွေးနေတာတော့ မဟုတ်ပါဘူး၊ ဒီလို Network တွေကို ဘာလို့ လုပ်ရသလဲဆိုတော့ အမှိုက်ပုံးတွေ ထုတ်တဲ့အခါ လိုက်ပြီး ပြိုင်ဆိုင်ထုတ်မယ့်သူတွေရှိသလို သိမ်းတဲ့အခါမှာလည်း အခက်အခဲရှိမယ်၊ ဒီလိုလိုက်ပြီး ထုတ်တဲ့အခါ ကျွန်တော်တို့ရည်ရွယ်ချက်နဲ့ မကိုက်ညီတာမျိုးလည်း ရှိနိုင်ပါတယ်၊ ဒါ့အပြင် နည်းပညာပါမှ လုပ်ငန်းကို တိုးချဲ့နိုင်မှာဖြစ်သလို ထိန်းချုပ်ရတာလည်း လွယ်ကူမှာဖြစ်ပါတယ်။

အမှိုက်ပုံးတွေက ရလာတဲ့အမှိုက်တွေကို လှူလိုတယ်ဆိုရင် လူမှုဝန်ထမ်းအဖွဲ့အစည်းမျိုးနဲ့ ချိတ်ဆက်ပေးချင်ပါတယ်၊ အဲဒီလို လှူချင်တဲ့သူတွေအတွက် နည်းပညာအကူအညီတွေ သုံးထားမှာဖြစ်ပါတယ်၊ စည်ပင်သာယာက အမှိုက်သိမ်းတဲ့နေရာမှာလည်း အရင်ကနည်းလမ်းဟောင်းတွေ သမားရိုးကျနည်းလမ်းတွေနဲ့ပဲ သိမ်းနေတာဖြစ်တဲ့အတွက် ခေတ်မမီတော့ပါဘူး၊ ခေတ်မီနည်းပညာတွေနဲ့ ဖန်တီးထားတဲ့ အမှိုက်ပုံးတွေအသုံးပြုဖို့အတွက်လည်း စည်ပင်သာယာအဖွဲ့အစည်းတွေက ပူးပေါင်းပါဝင်စေချင်ပါတယ်။

### ကိုနေလင်းစိုး (မင်္ဂလာပါ မြန်မာမှုကုန်ပစ္စည်းဆိုင် ဒါရိုက်တာ)

ကျွန်တော်တို့ မင်္ဂလာပါ မြန်မာမှုကုန်ပစ္စည်းဆိုင်မှာ မြန်မာမှု ပန်းဆယ်မျိုးထဲက ပန်းခုနစ်မျိုးလောက်အထိ ရနိုင်ပါတယ်၊ မြန်မာမှုနဲ့ပတ်သက်လို့ ပန်းပု၊ ပန်းချီတွေရမယ်၊ ရွှေချည်ထိုးတွေ၊ ယွန်းထည်တွေ၊ ငွေပန်းတိမ် စသည်ဖြင့် အမျိုးမျိုးရပါတယ်၊ အခုနောက်ပိုင်း တီထွင်ဆန်းသစ်မှုအရ ပြုလုပ်လာတာကတော့ အုန်းခွံတွေ၊ ဘူးသီးခြောက်ခွံတွေနဲ့ လက်မှုပစ္စည်းတွေ အတော်များများလုပ်ပါတယ်၊ နောက်ပြီး မြစ်ထဲကရတဲ့ ကျောက်အလုံးလေးတွေနဲ့ ပန်းချီပုံဖော်ထားတဲ့ ပစ္စည်းတွေလည်းရှိပါတယ်၊ အခုလောလောဆယ်တော့ တစ်ပိုင်တစ်နိုင်လုပ်နေတာဖြစ်ပါတယ်၊ ဒီလုပ်ငန်းကို တိုးချဲ့မယ်ဆိုရင်တော့ ပညာရှင်တွေလိုအပ်သလို ငွေကြေးရင်းနှီးမြှုပ်နှံမှုလည်း လိုအပ်မှာဖြစ်ပါတယ်၊ မြန်မာလက်မှုကုန်ပစ္စည်းဆိုင်တွေအနေနဲ့က ပြည်ပကလာတဲ့ ခရီးသည်တွေကိုပဲ မှီခိုရောင်းချနေလို့မရပါဘူး၊ ပြည်တွင်းခရီးသွားတွေကိုလည်း မှီခိုရောင်းချနေရပါတယ်၊ မြန်မာမှု မြန်မာလက်ရာကို တန်ဖိုးထားချစ်မြတ်နိုးကြမှ ဒီလုပ်ငန်းကို လုပ်ကိုင်နေတဲ့လူတွေ ရေရှည်ရပ်တည်နိုင်ပြီး မြန်မာမှုအနုပညာလက်ရာတွေလည်း မတိမ်ကောမပျောက်ဘဲ ရေရှည်ရှင်သန်နိုင်မှာဖြစ်ပါတယ်။

### ကိုအောင်ဇော်ဦး (အောင်နိုင်သစ္စာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)

အောင်နိုင်သစ္စာကုမ္ပဏီက ဆန်စပါးကို ကြိတ်ခွဲတင်ပို့ရုံတင်မဟုတ်ဘဲ လယ်ယာသွင်းကုန်တွေဖြစ်တဲ့ ဓာတ်မြေဩဇာတွေ၊ လယ်ယာသုံးစက်ကိရိယာတွေကို တောင်သူလယ်သမားတွေကို အရစ်ကျစနစ်နဲ့ ရောင်းချဝန်ဆောင်မှုပေးနေတဲ့ကုမ္ပဏီဖြစ်ပါတယ်၊ ဆန်စပါးတင်ပို့တဲ့ လုပ်ငန်းကိုတော့ ၂၀၀၄ ခုနှစ်ကတည်းက လုပ်နေတာဖြစ်ပြီး ၂၀၀၈ ခုနှစ်နောက်ပိုင်းလောက်မှာ ဆန်စပါးအထူးပြုကုမ္ပဏီအနေနဲ့ မျိုးစေ့တွေ၊ သွင်းအားစုတွေ၊ စက်ကိရိယာတွေကို ငါးလဆိုင်းခြောက်လဆိုင်းနဲ့ ထောက်ပံ့ပေးပြီး သီးနှံပေါ်တော့မှပြန်ပေးတဲ့ ပုံစံမျိုးနဲ့ လုပ်လာတာဖြစ်ပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့ ပုံမှန်တင်ပို့နေတဲ့ အာရှဈေးကွက်၊ အာဖရိကဈေးကွက်ကနေ ဥရောပဈေးကွက်မှာ ရှုရှားကို စတင်ထိုးဖောက်ပါတယ်၊ အခုနောက်ပိုင်း အရှေ့ဥရောပကို စတင်ထိုးဖောက်နေပါပြီ၊ ဥရောပက ပိတ်ဆို့မှုရုပ်သိမ်းလိုက်တဲ့အခါ ကျွန်တော်တို့ ပိုပြီးတင်ပို့ခွင့်ရလာပါတယ်၊ လယ်ယာသုံးစက်ကိရိယာတွေကို တောင်သူတွေက အရင်ကထက်ပိုပြီးသုံးစွဲလာကြပါတယ်၊ စက်ကိရိယာတွေရဲ့ လွယ်ကူမှု၊ အဆင်ပြေမှုကို လယ်သမားတွေ သိလာကြပါပြီ၊ ဒါပေမဲ့ စက်ကိရိယာတွေရဲ့ အရည်အသွေးအလိုက် တန်ဖိုးမြင့်တော့ လယ်သမားတွေအနေနဲ့ လက်ငင်းဝယ်ယူဖို့ ရင်းနှီးမြှုပ်နှံဖို့ အခက်အခဲရှိကြပါတယ်၊ အဲဒါကို ကျွန်တော်တို့ကုမ္ပဏီက လယ်သမားတွေ သုံးစွဲနိုင်အောင် အရစ်ကျစနစ်နဲ့ ရောင်းချပေးပြီး ငွေကြေးဝန်ဆောင်မှုပေးရတာပါ၊ ဒီကနေ့ကျင်းပတဲ့ Myanmar Entrepreneurship Summit 2017 ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်တက်ရောက်ပြီး လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတယ်၊ လူငယ်တွေကို ဒီထက်ပိုကြိုးစားအောင် ပိုအရည်အချင်းရှိအောင် လမ်းညွှန်မိန့်ခွန်းပြောတဲ့အတွက် ကျေနပ်မိပါတယ်။


ကိုအောင်ဇော်ဦး


ဒေါက်တာအောင်မြတ်လွင်

### ဒေါက်တာအောင်မြတ်လွင် (အုပ်ချုပ်မှုဒါရိုက်တာ၊ ORIENTAL CENTURY, Travels & Tours)

ကျွန်တော်တို့ လက်ရှိ အဓိကလုပ်နေတာကတော့ စိုက်ပျိုးရေးကိုအခြေခံပြီးတော့ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာက ခရီးသွားလုပ်ငန်းက တဖြည်းဖြည်းနဲ့ တိုးတက်လာနေပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဆီမှာ ဘာပြဿနာဖြစ်နေလဲဆိုတော့ သွားပြီးသားနေရာတွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ ပုဂံလောက်ပဲရှိတယ်၊ ခရီးသွားတွေအတွက် ခရီးစဉ်အသစ်မရှိသေးဘူး၊ ဒါကြောင့် ကျွန်တော်တို့ကုမ္ပဏီက ခရီးစဉ်အသစ် ဖန်တီးပေးဖို့ စဉ်းစားတဲ့အခါကျတော့ ဘာကိုအခြေခံပြီး စဉ်းစားလဲဆိုတော့ ကျွန်တော်တို့ လုပ်လိုက်တဲ့ ခရီးစဉ်သည် ကျွန်တော်တို့ ကုမ္ပဏီစီးပွားရေးတစ်ခုတည်းအတွက် မဟုတ်ဘဲ ခရီးသွားတဲ့နေရာဒေသဖွံ့ဖြိုးဖို့အတွက်နဲ့ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးအတွက်ရော စဉ်းစားပြီး လုပ်ဆောင်ပါတယ်၊ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို စလုပ်တဲ့အခါမှာ ရွာက စိတ်ဝင်စားတဲ့ ပြည်သူတွေနဲ့ တိုင်ပင်တယ်၊ သူတို့ကို ဒီလုပ်ငန်းရဲ့ အကျိုးသက်ရောက်မှုဟာ ဘယ်လောက်အထိရှိတယ်ဆိုတာကို ရှင်းပြတယ်၊ သူတို့ကလည်း စိတ်ဝင်စားပြီး ပူးပေါင်းပါဝင်ပါတယ်၊ အဲဒီရွာလေးကို အခြေပြုပြီးတော့ ခရီးသွားလုပ်ငန်းကို စလုပ်ဖြစ်ပါတယ်၊ လုပ်တဲ့အခါကျတော့ ပြည်တွင်းက ဧည့်သည်ဖြစ်ဖြစ်၊ ပြည်ပက ဧည့်သည်ဖြစ်ဖြစ် လာတဲ့အခါမှာ အဲဒီရွာလေးကို ခေါ်သွားပြီးတော့ အိမ်ရှင်တွေရဲ့ အိမ်မှာပေးနေတယ်၊ ပြီးတော့ ကျန်းမာရေးအရ သန့်ရှင်းမှုရှိအောင် စီစဉ်ပေးထားတယ်၊ ထမင်းစားဖို့ စီစဉ်တဲ့အခါမှာလည်း မြို့က စားသောက်ဆိုင်တွေလိုမဟုတ်ဘဲ ရွာကဓလေ့အတိုင်းပဲ ကျွေးပါတယ်၊ အဲဒါကို နိုင်ငံခြားသားဧည့်သည်တွေက ပိုပြီးကြိုက်ကြတယ်၊ ပြီးရင် မြင်းမထိရွာဘေးမှာ ရှိတဲ့ မြင်းမထိဂူနဲ့ ခနေတိုင်းရင်းသား အများစုနေထိုင်တဲ့ ရွာလေး၊ ငါးရွာကို ယဉ်ကျေးမှုဓလေ့စရိုက်တွေ လေ့လာဖို့လိုက်ပြတယ်၊ ခရီးသွားဧည့်သည်တွေက နှစ်ည သုံးည နေပြီးတော့ လေ့လာကြပါတယ်၊ ဒေသခံပြည်သူတွေအတွက် ခရီးသွားဧည့်သည်တွေ သူတို့အိမ်မှာတည်းခိုတဲ့အတွက် တစ်ညကို ဘယ်လောက်ဆိုပြီးတော့ သတ်မှတ်ပြီးပေးပါတယ်၊ နောက်တစ်ခုက ဧည့်သည်တွေ စားဖို့အတွက် အိမ်ရှင်မကိုယ်တိုင်က ချက်ပြုတ်ပေးတဲ့အတွက် စားတဲ့စရိတ်အတွက်လည်း ၅၀၀၀၊ ၁၀၀၀၀ စသည်ဖြင့် ပေးပါတယ်၊ အဲဒါကြောင့် သူတို့အတွက်လည်း ဝင်ငွေပိုရတယ်။

အဲဒီရွာက ဒေသခံပြည်သူတွေ ဘာအခက်အခဲရှိလဲဆိုတော့ မိုးတွင်းလောက်ပဲ စိုက်ပျိုးရေးလုပ်နိုင်တယ်၊ ကျန်တဲ့ နွေနဲ့ ဆောင်းရာသီတွေမှာ စိုက်ပျိုးရေးမလုပ်နိုင်တော့ဘူး၊ တောင်ကုန်းဒေသဖြစ်နေတဲ့အတွက်ကြောင့် ရေရှားပါတယ်၊ အဝီစိတွင်းတော့ တူးလို့ရတယ်၊ ပေ ၁၀၀၀ အနက်လောက် တူးရတဲ့အခါကျတော့ သူတို့မှာ နောက်ခြောက်လလောက်နေရင် အလုပ်မလုပ်ဖြစ်ကြတော့ဘူး၊ အဲဒါကြောင့် ကျွန်တော်တို့ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းရဲ့ အကျိုးကျေးဇူးကြောင့် သူတို့မှာ ဝင်ငွေပိုရလာတယ်။

ကျွန်တော်တို့ရဲ့ ရပ်ရွာအခြေပြုလုပ်ငန်းတိုးချဲ့ဖို့ဆိုရင် ခရီးသွားဝန်ကြီးဌာနရဲ့ ပံ့ပိုးမှုတွေ အများကြီးလိုပါတယ်၊ ပံ့ပိုးမှုဆိုတဲ့နေရာမှာ ကျေးရွာတွေမှာ ခရီးသွားဧည့်သည်တွေအတွက် လုံခြုံမှုရရှိအောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုး လိုပါတယ်၊ နောက်တစ်ခုက အဲဒီလိုမျိုးနေရာတွေကို နိုင်ငံတကာက ခရီးသွားတွေ ပိုမိုသိအောင် လုပ်ဆောင်ဖို့လည်း လိုပါတယ်၊ ပြီးတော့ နိုင်ငံခြားသားဧည့်သည်တွေ ဝင်လာတာနဲ့အမျှ သူတို့ရွာက ဓလေ့လေးတွေ ထိခိုက်မှာစိုးရိမ်တယ်၊ အဲဒါအတွက် ဟိုဘက်နဲ့ ဒီဘက် အဆင်ပြေအောင် ပြန်ညှိရတာလေးတွေရှိတယ်။

### ကိုကျော်စွာမြင့်ထူး(Brand Executive, ASAHI LOIHEIN)

Honey Gold ရွှေပျားအားဖြည့်အချိုရည်သစ်ကို ထုတ်လုပ်မှုအပိုင်းနဲ့ ဈေးကွက်ဖြန့်ဖြူးရေးအတွက် စားသုံးသူကို ပိုပြီးတော့ ရွေးချယ်မှုများစေချင်တဲ့ဆန္ဒနဲ့ ကောင်းမွန်တဲ့ ပစ္စည်းတွေကို အဓိကထုတ်လုပ်ဖြန့်ဖြူးပေးတယ်၊ ပစ္စည်းသစ်ဖြစ်တဲ့အခါကျတော့ စားသုံးသူတွေ သိလာအောင်၊ ဈေးကွက်ထဲကို ထိုးဖောက်နိုင်အောင် ဖြန့်ချိရေးအပိုင်းမှာ အားစိုက်ရပါတယ်၊ အဲလိုမျိုးသိလာအောင် ကြော်ငြာတို့၊ ပြီးတော့ အခုလိုမျိုးပွဲတွေမှာ စပွန်ဆာပေးတာတို့ လုပ်ပေးရပါတယ်၊ ရှေ့မှာပေါက်နေပြီးသား ပစ္စည်းတွေရှိပေမယ့် ကျွန်တော်တို့က ကုန်ပစ္စည်းအသစ်လိုက်ထုတ်တဲ့အခါကျတော့ ဈေးကွက်ဝင်ဖို့ အားစိုက်ရပါတယ်၊ အခု ရွှေပျားအားဖြည့်အချိုရည်သစ်ရဲ့ မိတ်ဆက်တဲ့သက်တမ်းကလည်း အလွန်ကို တိုနေသေးတယ်၊ ဒါကြောင့် လူသိအောင် များများထုတ်၊ များများရောင်းနိုင်အောင် အဓိက ဦးစားပေးလုပ်ဆောင်နေပါတယ်၊ လိုအပ်တဲ့ အရည်အသွေးပြည့်မီတဲ့ ကုန်ကြမ်းကို နိုင်ငံခြားကပဲ တင်သွင်းပါတယ်။

### မငြိမ်းငြိမ်းအိ (Cheif Executive Officer, United Myanmar & Asia Co., Ltd.)

ကျွန်မတို့ ကုမ္ပဏီရဲ့ နာမည်ကတော့ United Myanmar & Asia Co., Ltd. ပဲဖြစ်ပါတယ်၊ ကျွန်မတို့ကုမ္ပဏီက မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ၊ သဘာဝဆေးဖက်ဝင်ပစ္စည်းတွေကို အသုံးပြုပြီးတော့ D nae ဆိုတဲ့ နာမည်နဲ့ ရေချိုးဆပ်ပြာ၊ Body Lotion၊ ချိုင်းချွေးနံ့ပျောက် အရည်၊ ဘက်စုံသုံးဆပ်ပြာရည်၊ လက်ဆေးဆပ်ပြာရည်၊ ရေမလိုလက်သန့်ဆေး စသဖြင့် လူသုံးကုန်ပစ္စည်းတွေ၊ အလှကုန်ပစ္စည်းတွေ ထုတ်လုပ်ပါတယ်၊ ပန်းကန်ဆေး၊ အဝတ်လျှော်ဆပ်ပြာဆိုရင် ဖွဲပြာနဲ့ သံပရာရည်တို့ကနေ ထုတ်ပါတယ်၊ လက်ဆေးဆပ်ပြာဆိုရင် တမာ၊ ရှားစောင်းလက်ပပ်၊ သံပရာရည်တို့ကနေ ထုတ်တယ်၊ ချိုင်းချွေးနံ့ပျောက်အရည်ဆိုရင် ကျောက်ချဉ်ကနေ ထုတ်တယ်၊ နိုင်ငံတကာမှာကတော့ အလှကုန်ပစ္စည်းဆိုရင် ရှားစောင်းဆိုရင် ရှားစောင်းတစ်မျိုးတည်း၊ သလဲသီးဆိုရင် သလဲသီးတစ်မျိုးတည်းနဲ့ ထုတ်ပါတယ်။

မြန်မာနိုင်ငံမှာ သဘာဝပစ္စည်းတွေ ပေါပေါများများရတဲ့အတွက် နှစ်မျိုး၊ သုံးမျိုးကနေ လူသုံးကုန်၊ အလှကုန်ပစ္စည်းတွေ ထုတ်နိုင်တဲ့အတွက် အဲဒီ အားသာချက်တွေရှိပါတယ်၊ ဥပမာ-လက်ဆေးဆပ်ပြာဆိုရင် တမာက ဘက်တီးရီးယား ပိုးမွှားတွေကို ဖယ်ရှားသန့်ရှင်းစင်ကြယ်စေနိုင်တယ်၊ ရှားစောင်းလက်ပပ်ကျတော့ အသားအရေအစိုဓာတ်ကို ထိန်းပေးပြီး နူးညံ့ချောမွေ့စေပါတယ်၊ သံပရာက အနံ့ဆိုးတွေကို ပျောက်ကင်းစေတယ် စတဲ့ အားသာချက်တွေနဲ့



ကိုကျော်စွာမြင့်ထူး


မငြိမ်းငြိမ်းအိ

သဘာဝပစ္စည်း နှစ်မျိုး သုံးမျိုးနဲ့ ပေါင်းစပ်ပြီးတော့ အလှကုန်ပစ္စည်းတွေ ထုတ်လုပ်ပေးပါတယ်။

ကျွန်မတို့ D nae ဆိုတဲ့ နာမည်နဲ့ အလှကုန်ပစ္စည်းတွေကို သုံးလပိုင်းကနေ စထုတ်တာပါ၊ ရှစ်လ၊ ကိုးလ အတောအတွင်းမှာ အများကြီးအဆင်ပြေပါတယ်၊ ဘာလို့လဲဆိုတော လူတွေက အသိပညာတွေ ကြွယ်ဝလာတဲ့အတွက် ဓာတုပါဝင်မှုကိုစိတ်ပူလာကြတယ်၊ သဘာဝပစ္စည်းက ကောင်းတယ်ဆိုတာကို နားလည်လာတဲ့အတွက် အများကြီး အဆင်ပြေပါတယ်။

သဘာဝအလှကုန်ပစ္စည်းနဲ့ပတ်သက်ပြီးတော့ Online Marketing မှာလည်း သုံးကြတယ်၊ နောက်ပြီးတော့ တချို့ Super Market တွေမှာလည်း ရောင်းချပေးနေပါပြီ၊ မြန်မာနိုင်ငံထဲမှာပဲ ဒီကုန်ပစ္စည်းက ထုတ်တဲ့အတွက် ဈေးနှုန်းကို အတတ်နိုင်ဆုံး သက်သာအောင် အများပြည်သူသုံးနိုင်တဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးနေပါတယ်၊ အဲဒီအတွက် ကျွန်မတို့နိုင်ငံသားတွေ ပစ္စည်းအရည်အသွေးကောင်းကောင်းနဲ့ ဈေးနှုန်းသက်သက်သာသာနဲ့ သုံးခွင့်ရအောင် ကြိုးစားထုတ်လုပ်ထားတာဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း - အေဝမ်းစိုး၊ ကိုမင်း

# လူငယ်တွေ စီးပွားရေးလုပ်ငန်း၊ စီးပွားရေးလမ်းစ အသစ်တွေကို စွန့်ဦးတီထွင် ဖော်ထုတ်နိုင်ကြပါစေလို့ ဆန္ဒပြု

**ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ကို ဒီဇင်ဘာ ၉ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပသည်။ စွန့်ဦးတီထွင်ခြင်းသည် သမားရိုးကျ၊ လုပ်နေကျလုပ်ငန်းစဉ်များမှ ကွဲထွက်ခြင်း သို့မဟုတ် ဆန်းသစ်အောင် ပြန်လည်ဖန်တီးခြင်းပင် ဖြစ်သည်။ လူငယ်တိုင်း၏ အနာဂတ်သည် အသစ်အသစ်သော စိတ်ကူးများနှင့် ပြည့်နှက်လျက်ရှိရာ လူငယ်တို့၏ စိတ်ကူးအသစ်၊ အိပ်မက်အသစ်များကို ဖြည့်ဆည်းပေးနိုင်မည့် ယခုကဲ့သို့ အခမ်းအနားများ၊ ဆွေးနွေးပွဲများကို အားလုံးက မျှော်လင့်ကြသည်။**

## တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-ဟိန်းထက်ဇော်

**ဦးကောင်းငြိမ်းစိုး**
**MYEA အမှုဆောင်**

ဒီနေ့မနက်ပိုင်းမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်အမှာစကား ပြောပေးသွားပါပြီ။ ပြီးသွားရင် Panel Session လေးခုရှိပါတယ်။ ဒီထဲမှာ ပထမတစ်ခုက စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ ဘယ်လို အဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲခဲ့သလဲ၊ သူတို့ရဲ့အတွေ့အကြုံတွေ၊ စိန်ခေါ်မှုတွေအကြောင်းကို ဆွေးနွေးကြမှာပါ။ ဒုတိယကတော့ စွန့်ဦးတီထွင်လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်သူတွေအတွက် ကြီးထွားလာအောင်၊ အားကောင်း လာအောင် ဘယ်လိုလုပ်မလဲဆိုတာကို ဆွေးနွေးသွားမှာပါ။ ဒါကလည်း လက်ရှိမှာ စတင် လုပ်ကိုင်နေတဲ့ လူငယ်တွေအတွက် အကြံဉာဏ်တွေ၊ ကြိုတင်ပြင်ဆင်မှုတွေ ရရှိစေမယ်။ တတိယ ဆွေးနွေးမှု အနေနဲ့ကတော့ CSR အကြောင်းတွေပေါ့။ ဒါကလည်း စီးပွားရေးလုပ်တဲ့သူတိုင်း မဖြစ်မနေ သိထား၊ လုပ်ကိုင်ထားရမယ့် အကြောင်းအရာပဲလေ။ ဒါမှသာ အခက်အခဲတွေ၊ အတားအဆီးတွေကို ကျော်လွှားပြီး Win - Win Solution ကို ရရှိမှာပါ။

နောက်ဆုံးကတော့ စွန့်ဦးတီထွင်သူတွေအနေနဲ့ အလုပ်ကိုစပြီးရင် ပြန်ထွက်တာရှိတယ်။ စွန့်ဦးလုပ်သူတိုင်းဟာ ကိုယ့်လုပ်ငန်းတွေကို အခြားသူတစ်ဦးက လိုက်ပြီးလုပ်မယ်၊ ပိုပြီးကောင်းအောင်လုပ်မယ်ဆိုတာမျိုးတွေကို ကျိန်းသေပေါက်ကြုံရမှာလေ။ အဲဒီတော့ ဘယ်အချိန်မှာ ကိုယ့်လုပ်ငန်းကိုချဲ့မလဲ၊ ဘယ်အချိန်မှာ ရောင်းမလဲ၊ ဘယ်အချိန်မှာ ဆုတ်မလဲဆိုတာမျိုးတွေကို ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုအပ်တယ်။ အဲဒီအပိုင်းတွေကို ဆွေးနွေးတာဖြစ်ပါတယ်။

အဓိက ကတော့ ကျွန်တော်တို့အသင်းက သတ်မှတ်တဲ့ လူငယ်အသက်(၄၅)နှစ်အောက် လူငယ်တွေကို လုပ်ငန်းရှင်တွေ အကုန်လုံးကို စွန့်ဦးတီထွင်တယ်ဆိုတဲ့ ယဉ်ကျေးမှုတစ်ခု ပေါ်ပေါက်လာအောင် Support လုပ်ပေးတဲ့အဖွဲ့အစည်းပါ။ ဒီမှာက စွန့်ဦးတီထွင်စီမံခန့်ခွဲရေးဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ရော၊ ငွေကြေးပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ပါ လိုအပ်ချက်မှန်သမျှကို ကျွန်တော်တို့အသင်းက ကူညီပေးနိုင်ပါတယ်။

နောက်တစ်ခါ ဒီလို ကူညီပေးနိုင်တာက ရန်ကုန်အသင်းချုပ်တင် မကပါဘူး။ အခုဆိုရင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ အသင်းခွဲတွေ ပေါ်လာခဲ့ပြီ။ အဲဒီအသင်းခွဲတွေမှာလည်း ဆက်သွယ်လို့ရတယ်။ အဓိကကတော့ ခက်ခက်ခဲခဲ ဆက်သွယ်ရတာ မဟုတ်တော့ဘူး။ နီးစပ်ရာ နေရာတွေကနေ အကူအညီတွေ တောင်းလို့ရပါတယ်။ အသင်းသားတွေအချင်းချင်း ရိုင်းပင်းကူညီပြီး အားလုံးအတူတကွ ဖွံ့ဖြိုးတိုးတက်မှုကို ရယူနိုင်ပါပြီ။ တစ်ယောက်ထဲလုပ်တာထက်စာရင် အသင်းအဖွဲ့မှာ ဝင်ပြီးတော့ ချိတ်ဆက်ပြီး လုပ်တော့ လုပ်ငန်းတွေ မြန်မြန်တိုးတက်တာပေါ့။ ဒါကို အဓိကထားတဲ့အတွက် အားလုံးစုပေါင်းပြီး အဖြေရှာ အောင်မြင်မှုရယူတာမျိုးပါ။

**ဦးတင်မောင်ဝင်း**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ)**


ဦးကောင်းငြိမ်းစိုး


မစုသဇင်


မဉမ္မာဖြိုး


ကိုကျော်ဆန်းဦး


နန်းစိန်လင်းနောက်

မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ဦးစီးပြီးလုပ်တဲ့ Summit က အများကြီးအကျိုးရှိတယ်။ မနှစ်ကလည်း ဒီလို အခမ်းအနားကို လုပ်ခဲ့တယ်။ လူငယ်တွေကို လွှတ်တော်တွေကလည်း အားပေးကြရမှာပါ။ တိုင်းပြည်တိုင်း တိုင်းပြည်တိုင်းမှာ Entrepreneurship တွေ များများပေါ်ထွက်လေလေ အဲဒီတိုင်းပြည်ဟာ တိုးတက်လေပါပဲ။ ဒါကြောင့် ဒီလိုအခမ်းအနားကို ကြိုဆိုပါတယ်။

ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အိုင်စီတီ နည်းပညာဟာလည်း အလွန်အရေးကြီးပါတယ်။ ဒါပေမယ့် လူငယ်တွေအနေနဲ့ သုံးတတ်ရင် ဆေးပါ၊ တန်ဖိုးမဖြတ်နိုင်ပါဘူး။ မသုံးတတ်ရင်တော့ လမ်းမှားရောက်သွားမှာစိုးရပါတယ်။ ကျွန်တော်တို့လို လူကြီးတွေ ကိုယ်တိုင်လည်း နည်းပညာနဲ့ အလှမ်းမဝေးရဲဘူး။ လက်လှမ်းမီသလောက် လေ့လာနေရပါတယ်။ ဒါကြောင့် နည်းပညာကို အသုံးပြုပြီး အကျိုးရှိအောင်၊ တိုင်းပြည်အတွက် ဖွံ့ဖြိုးတိုးတက်မှုရအောင် လူငယ်တွေ စီးပွားရေးလုပ်ငန်း၊ စီးပွားရေးလမ်းစ အသစ်တွေကို စွန့်ဦးတီထွင်ဖော်ထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

**မစုသဇင်**
**MYEA အဖွဲ့ဝင် လုပ်ငန်းရှင်**

Myanmar Entrepreneurship Association ရဲ့ အဖွဲ့ဝင်တစ်ဦးပါ။ တာဝန်ကတော့ International Relation ကို တာဝန်ယူထားရပါတယ်။ ဒီ အခမ်းအနား ကျင်းပတဲ့အခါမှာလည်း Working Committee မှာ ပါဝင်ပါတယ်။ ကျွန်မကတော့ Comment ဗလာစာအုပ်ထုတ်လုပ်ဖြန့်ချိတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ကျွန်မက MYEA မှာ အသင်းဝင်ခဲ့တာ နှစ်နှစ်ကျော်လောက်ရှိပါပြီ။ လူငယ်တွေအားလုံးကိုလည်း အသင်းဝင်ဖို့ ဖိတ်ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီမှာက စီးပွားရေးနဲ့ပတ်သက်ပြီး စွန့်ဦးတီထွင်လုပ်ငန်းရှင် စီနီယာတွေဆီကနေ အတွေ့အကြုံတွေ သင်ယူနိုင်ပါတယ်။

ဒီအဖွဲ့အစည်းမှာ အကောင်းဆုံးကတော့ တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်မှုအမြဲရှိနေတဲ့အတွက် အခက်အခဲတွေ၊ လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ဖို့ လိုအပ်ချက်တွေ ရှိတဲ့အခါ အများကြီး အထောက်အကူဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး၊ စီးပွားရေး အကြံဉာဏ်တွေ ပေးနိုင်တယ်။ ပြည်တွင်းပြည်ပက ရင်းနှီးမြှုပ်နှံသူတွေနဲ့လည်း ချိတ်ဆက်ပေးတဲ့အစီအစဉ်တွေလည်း ရှိတယ်။ သင်တန်းတွေ၊ လေ့လာရေးတွေ၊ သုတေသနအစီအစဉ်တွေ အများကြီးလည်းရှိနေတယ်။ အခုလို တွေ့ဆုံဆွေးနွေးပွဲတွေ၊ Summit ကြီးတွေ လုပ်ခွင့် လေ့လာခွင့်ရတာလည်း လုပ်ငန်းရှင်အားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ အရာတွေပါပဲ။

အခု Summit မှာဆိုရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်လည်း တက်ရောက်ပြီး အမှာစကားပြောပေးတဲ့အတွက်ကြောင့် အများကြီးလည်း အားတက်မိတယ်။ ကျွန်မတို့ကို တိုင်းရင်းသားလုပ်ငန်းရှင်ကြီးတွေ အားလုံးကလည်း ထောက်ပံ့အားပေးတာကို မြင်တော့ ဝမ်းသာမိတယ်။ MYEA အနေနဲ့ အများကြီး ဂုဏ်ယူမိတယ်။ လူငယ်တွေကိုလည်း ပြောချင်ပါတယ်။ စီးပွားရေး စိတ်ဝင်စားမယ်ဆိုရင် ကျွန်မတို့အသင်းကို ဆက်သွယ်ချိတ်ဆက်ပါလို့။

နောက်ပိုင်းမှာလည်း လူငယ်တွေအတွက် စွန့်ဦးတီထွင်ခြင်းကို ဝါသနာပါဖို့ပဲ လိုပါတယ်။ ကိုယ့် Idea ကို နောက်ကနေ ထောက်ပံ့ပေးမယ့် ကျွန်မတို့အသင်း ရှိနေပါပြီ။ အမြန်ဆုံး လာရောက်ချိတ်ဆက်ကြပါလို့ တစ်နိုင်ငံလုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းလုပ်သူတွေကိုရော၊ လူငယ်စိတ်ပါဝင်စားသူတွေကိုရော အကြံပေးဖိတ်ခေါ်ပါတယ်။

နိုင်ငံခြားကနေ မြန်မာနိုင်ငံမှာ လာပြီး ရင်းနှီးမြှုပ်နှံလိုသူတွေရှိပါတယ်။ ကျွန်မတို့ အသင်းကနေ ပြည်တွင်းစွန့်ဦးလူငယ်တွေနဲ့ ချိတ်ဆက်ပေးပြီး သင့်တော်ကောင်းမွန်တဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ၊ စီးပွားရေးလုပ်ငန်းတွေကို ရနိုင်လာမှာပါ။ ကျွန်မတို့အသင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းက UMFCCI အသင်းချုပ် ၁၁ လွှာမှာ ရှိပါတယ်။

**မဉမ္မာဖြိုး**
**MYEA အဖွဲ့ဝင် လူငယ်လုပ်ငန်းရှင်**

မဖွံ့ဖြိုးသေးတဲ့နေရာတွေကို ဖွံ့ဖြိုးစေချင်တယ်။ သဘာဝခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်ပေးချင်တယ်။ အဲဒီလိုရည်ရွယ်ပြီးတော့ စိုက်ပျိုးရေးအခြေပြုခရီးသွားလုပ်ငန်းကို ကျွန်မတို့ဇနီးမောင်နှံ စလုပ်ဖြစ်ခဲ့ပါတယ်။ အခုဆိုရင် တစ်နှစ်ကျော်သွားပါပြီ။ လုပ်ငန်းက အဆင်ပြေ တိုးတက်တယ်လို့ ပြောရင်ရပါတယ်။ နိုင်ငံခြားသားတွေရော၊ ပြည်တွင်းက ခရီးသွားတွေရော ကိုယ့်နိုင်ငံရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေကို ပြသချင်တယ်။ ဒီလုပ်ငန်းကို အဓိကဦးဆောင်တာက ကျွန်မအမျိုးသားပါ။ သူက ဒေါက်တာအောင်မြတ်လွင်ပါ။ MYEA ရဲ့ အမှုဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။

လူငယ်တွေ အကုန်လုံးကို ဖိတ်ခေါ်ပါတယ်။ ဒါကလည်း ကိုယ့်နိုင်ငံ အတွက်ပဲလေ။ ကျွန်မတို့နိုင်ငံမှာ SMEs တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလိုအပ်ပါတယ်။ အမေစုလည်း ပြောသွားတယ်လေ။ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ စက်မှုဇုန်တွေ၊ ဖော်ထုတ်ရမယ့်လုပ်ငန်းတွေ အများကြီးရှိတယ်။ ဒါတွေကို အားလုံးပူးပေါင်းပြီး အချင်းချင်း ကူညီရင်း ရှေ့ဆက်ကြမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ဒါကိုလုပ်ဖို့က လူငယ်တွေရဲ့ လက်ထဲမှာရှိတယ်။ လူငယ်တွေ အချင်းချင်း ရိုင်းပင်းပြီး တီထွင်ဖန်တီးကြမယ်၊ ပူးပေါင်း အဖြေရှာကြမယ်ဆိုရင် မဖြစ်နိုင်တဲ့အရာ မရှိဘူးလို့ ကျွန်မ ယုံကြည်တယ်။ ကျွန်မတို့ကိုယ်တိုင်လည်း ကိုယ့်အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို အကြံဉာဏ်တွေရယူတယ်။ သူများကိုလည်း အကြံဉာဏ်တွေပေးတယ်။ အသင်းအဖွဲ့တွေကလည်း အများကြီး ထောက်ပံ့ပေးမှာပါလို့ ပြောချင်ပါတယ်။

**ကိုကျော်ဆန်းဦး**
**MYEA အဖွဲ့ဝင် လူငယ်လုပ်ငန်းရှင်**

ကျွန်တော် ဒီအခမ်းအနားကို တက်ရောက်ဖြစ်တဲ့ အကြောင်းအရင်း သုံးချက်ရှိပါတယ်။ ပထမတစ်ခုကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားမယ့် လမ်းညွှန်မိန့်ခွန်းကို ကိုယ်တိုင်ကိုယ်ကျနားထောင်ချင်ပါတယ်။ သူဘာတွေပြောမလဲ၊ ဘယ်လိုတွေ လမ်းညွှန်မလဲ။ ဒါပြီးရင် မြန်မာနိုင်ငံမှာ စီးပွားရေးဆိုရင် ထိပ်ဆုံးက ရှိနေသူတွေပေါ့။ တိုင်းရင်းသားလုပ်ငန်းရှင် ဝါရင့်သမ္မာရင့်တွေ သူတို့ဆွေးနွေးကြ၊ ပြောဆိုကြတာတွေဆိုရင် ပညာအများကြီးရမယ်လို့ ယူဆတယ်။

နောက်တစ်ခုကတော့ ဆိုရှယ်နက်ဝက်ခ်ပေါ့။ ဒီထဲမှာလည်း ကျွန်တော် MBA တက်တုန်းက သူငယ်ချင်းလုပ်ငန်းရှင်တွေလည်း အများကြီးပါတယ်။ မသိသေးပေမယ့် နာမည်ကြားဖူးပြီးသားသူတွေလည်း အများကြီးတွေ့ရတယ်။ ဒီလို Summit မျိုးက ကျွန်တော်တို့ လုပ်ငန်းရှင်တွေအတွက် အများကြီး အကျိုးရှိစေပါတယ်။ ဒီအချက်တွေကြောင့် ကျွန်တော် ဒီအခမ်းအနားကို တက်ရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာက နည်းပညာက တော်တော်လိုအပ်သေးတယ်။ အလွန်လည်း နောက်ကျနေပြီ။ သိသာတာဆိုရင် ကျွန်တော်တို့ရဲ့ အရှေ့မျိုးဆက်တွေက အိုင်တီနဲ့ဆိုရင် အလွန်ကွာဟတယ်။ ဒါကြောင့် Business ကို နည်းပညာနဲ့ပေါင်းစပ်နိုင်မှုအားနည်းတယ်။ အခုကတော့ ပြောင်းသွားပြီ။ ခေတ်ကလည်း ဒစ်ဂျစ်တယ်ခေတ်ဖြစ်လာပြီ။ အွန်လိုင်းမားကက်တင်းကလည်း အလွန်တွင်ကျယ်လာပြီ။ မဖြစ်မနေလည်း နည်းပညာကို သုံးရမယ်။ ကျွန်တော်ဆို ကွန်ပျူတာ ဘွဲ့ရတစ်ဦးပါ။ ဆော့ဖ်ဝဲတွေလည်း ရေးခဲ့ဖူးတယ်။ ကျွန်တော်သိတဲ့ အိုင်တီကို အပြည့်အဝအသုံးချဖို့ မလွယ်ကူတာကိုလည်း တွေ့ရတယ်။

ကျွန်တော်သိသလောက်ကို ကျွန်တော်မလုပ်နိုင်ဘူး။ Solution တွေကို ဖြေရှင်းဖို့လည်း လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ မရှိဘူး။ စားသုံးသူဘက်လည်း အဆင်သင့်မဖြစ်သေးတာတွေ ရှိတယ်။ e-commerce လို့ အလွယ်တကူသာ ပြောနေတာ Customer တွေက e-commerce ဆိုတာ ဘာမှန်းတောင် နားမလည်ကြဘူး။ အိုင်တီသုံးသူတွေကလည်း ကိုယ့်တိုင်းပြည်မှာ ဖေ့စ်ဘွတ်လောက် အဓိကသုံးကြတာ။

ဖေ့စ်ဘွတ်က အခုနောက်ပိုင်းတော့ စီးပွားရေးဘက်ကို တိုးချဲ့ဖို့ ကြိုးစားလာတာတွေ့ရတော့ နောက်ပိုင်းပိုအဆင်ပြေလာနိုင်တယ်လို့ ထင်ပါတယ်။ တကယ်တမ်းမှာ ကျွန်တော်တို့က နည်းပညာကို မားကက်နဲ့ လိုက်လျောညီထွေရှိအောင် လုပ်ရတာပေါ့။ အပြည့်မလုပ်နိုင်သေးတာက သူတို့ကို သုံးစွဲတတ်ဖို့၊ ပညာပေးဖို့ CSR ပိုင်းတွေ၊ ပညာရေးပိုင်းမြှင့်တင်တာတွေက နိုင်ငံတော်က လုပ်ပေးဖို့ လိုအပ်တာတွေလည်း အများကြီးရှိနေသေးတယ်။

**နန်းစိန်လင်းနောက်**
**တက္ကသိုလ်ဝင်တန်း**
**ပညာရောင်ခြည်**
**ကိုယ်ပိုင်အထက်တန်းကျောင်း**

ကျွန်မက လူငယ်ဆိုတော့ ဘဝမှာ အများကြီးဖြတ်သန်းရဦးမယ်။ ဒီပွဲကို တက်ရင် ဘဝမှာ လိုအပ်တဲ့အတွေးအခေါ်တွေ ရနိုင်မယ်လို့ထင်လို့ တက်ရောက်တာပါ။ ကျွန်မက နည်းပညာကိုလည်း စိတ်ဝင်စားတယ်။ အဓိက ကျွန်မရဲ့ရည်ရွယ်ချက်က ဓာတုဗေဒပညာရှင်တစ်ယောက် ဖြစ်ချင်ပါတယ်။ ကိုယ်တတ်ကျွမ်းတဲ့ ပညာနဲ့ ဆေးဝါးတွေ ထုတ်လုပ်ချင်တယ်။ ဖော်ထုတ်မှုအသစ်တွေ လုပ်ချင်တယ်။ ကိုယ့်တိုင်းပြည်က လူတွေကို ဈေးသက်သက်သာသာနဲ့ ရောင်းချပေးချင်တယ်။

ဒီအခမ်းအနားတွေဟာ ကျွန်မတို့လို ကျောင်းမပြီးသေးတဲ့ လူငယ်တွေအပေါ်မှာလည်း အများကြီး အကျိုးသက်ရောက်ပါတယ်။ ကျွန်မတို့ မျှော်လင့်ချက်တွေ အရောင်တောက်လာစေတယ်။ ။

# အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ တာဝန်ရှိသူများ၊ UN အဖွဲ့အစည်းများ၊ CSO၊ INGO၊ NGO တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စာရေးဆရာ မင်းခိုက်စိုးစန်က လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ နဝမတန်းကျောင်းသူ မဆုမြတ်မွန်က ကလေးသူငယ်များ အခွင့်အရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွှေမင်းသား ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းသူများအခွင့်အရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ သရုပ်ဆောင် အကယ်ဒမီ စိုးပြည့်သဇင်က အမျိုးသမီးများအခွင့်အရေးနှင့်စပ်လျဉ်း၍ လည်းကောင်း အသီးသီးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရိုက်ကူးထားသော ဗီဒီယိုကိုပြသပြီး ဒါရိုက်တာ မင်းထင်ကိုကိုကြီးက What are Human Rights မှတ်တမ်းဗီဒီယိုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ယင်းမှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် သတင်းထုတ်ပြန်ချက် ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် သတင်းထုတ်ပြန်ချက်အမှတ် (၁၃/၂၀၁၇) ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် တိုင်တန်းချက်များကို လက်ခံဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ လက်ရှိအချိန်အထိ လက်ခံရရှိသော တိုင်တန်းချက်ပေါင်း ၃၅၉ စောင်ကျော်ကို စိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်တန်းချက်အချို့နှင့် ပတ်သက်၍လည်း လိုအပ်သကဲ့သို့ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ကော်မရှင်သည် ညောင်ဦး၊ မြင်းခြံ၊ စစ်တွေ၊ ဘူးသီးတောင်၊ အင်းစိန်၊ လားရှိုး၊ မြစ်ကြီးနား၊ ကျောက်ဖြူ၊ သံတွဲ၊ ကလေး၊ မုံရွာ၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ ဟသ်ာတ၊ သထုံ၊ သီပေါ၊ မြောင်းမြ၊ ပုသိမ်၊ မန္တလေး(ထုံးဘို)၊ ရမည်းသင်း၊ သရက်၊ တောင်ငူ၊ နေပြည်တော်၊ မြိတ်၊ ကော့သောင်း၊ သာယာဝတီမြို့များရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ လူ့အခွင့်အရေး အခြေအနေများနှင့်စပ်လျဉ်း၍ သွားရောက်စစ်ဆေးခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်များ၊ အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ပေးပို့၍ အများပြည်သူသိရှိနိုင်ရန်အတွက် ထုတ်ပြန်ချက်များလည်း ထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အဖွဲ့တစ်ဖွဲ့သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို သွားရောက်လေ့လာစုံစမ်းခဲ့ပြီး တွေ့ရှိချက်များနှင့် အကြံပြုချက်များပါဝင်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် လွတ်လပ်မှုကိုအခြေခံ၍ အမြင်ချင်းဖလှယ်ခြင်းအားဖြင့် နိုင်ငံတော်က ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ "ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများဆွေးနွေးပွဲ"ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါကြောင်း၊ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ၊ ပြည်တွင်း NGOs ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲမှ ဆွေးနွေးအကြံပြုချက်များကို နိုင်ငံတော်သမ္မတထံ အစီရင်ခံစာတင်ပြခဲ့ပါကြောင်း၊ ထို့ပြင် ကော်မရှင်သည် APF ၏ ပံ့ပိုးကူညီမှုဖြင့် "သေဒဏ်ကို တရားဝင်ရပ်ဆိုင်းရေးနှင့်စပ်လျဉ်းသည့် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနများမှ အဆင့်မြင့် အရာရှိများ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် မီဒီယာမှ ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် သေဒဏ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းမရှိသဖြင့် ပြည်တွင်း၊ ပြည်ပ အကျိုးကျေးဇူးများ ရရှိနိုင်စေရန် သေဒဏ်ကို တရားဝင်ဆိုင်းငံ့ရေးအတွက် အစိုးရအနေဖြင့် စဉ်းစားသင့်သည်ဟု အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးအကြံပြုချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ပါကြောင်း၊ လူ့အခွင့်အရေးနေ့ အခါသမယတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ပြုပါကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဒုတိယနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း ရွှေတံဆိပ်ခန်းမ၌ ဆက်လက်ကျင်းပသည်။



နှီးနှောဖလှယ်ပွဲ၌ "ပြည်သူ့နီတိ အလေ့အကျင့်နှင့် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း"၊ "ကျောင်းထွက်သူ ပပျောက်ရေးနှင့် မူလတန်းပညာ သင်ယူသူအားလုံး မူလတန်းပညာ သင်ယူပြီးမြောက်ရေး"၊ "စာသင်ခန်းတွင် သင်ကြားသင်ယူမှု တိုးတက်မြင့်မားရေးဆောင်ရွက်မှု"၊ "ဆရာ ဆရာမ ခန့်ထားမှုတွင် အရည်အချင်းရှိ၍ သင်တန်းပြီးမြောက်သူများကိုသာ ခန့်ထားရေးနှင့် ထိုခန့်ထားသည့် အရေးအတွက် အတိုင်းသာ ရာထူးပြောင်းရွှေ့၊ ရာထူးတိုးဆောင်ရွက်ခြင်း"၊ "အတူပူးပေါင်းသင်ယူ လက်တွေ့လုပ်ဆောင်ခြင်း"၊ "အလယ်တန်းပညာ သင်ယူပြီးမြောက်ပြီး အထက်တန်းပညာ(ဝိဇ္ဇာ၊ ဝိပ္ပံ၊ သိပ္ပံ စသည့် ဘာသာတွဲ) ဆက်လက်သင်ယူရေး ဆောင်ရွက်ခြင်း" စသည့် စာတမ်းများကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီ၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဦးထွန်းရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပညာရေးမှူးများက ဖတ်ကြားတင်ပြကြသည်။

ထို့ပြင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်ပါ သင်ယူတတ်မြောက်မှုဆိုင်ရာ စာမေးပွဲများ ကျင်းပသွားရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အဖွဲ့ငယ်များခွဲ၍ နှီးနှောဖလှယ်ပွဲသို့ တင်သွင်းခဲ့သည့် စာတမ်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးက နိဂုံးချုပ်အမှာစကား ပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**သူရဇော်၊ အေးသန်း(သတင်းစဉ်)**

✪ ကျောဖုံးမှ

သံကူကွန်ကရစ် လက်ရန်းဖြစ်သည်။

ရွှေကျင်ချောင်းကူးတံတားသစ်သည် ရေလမ်းကင်းလွတ်အကျယ် ၂၄ ဒသမ ၉၉ မီတာ၊ ရေလမ်းကင်းလွတ် အမြင့် သုည ဒသမ ၉၁ မီတာဖြစ်ကာ ယာဉ်တစ်စီးချင်း၏ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ တံတားတစ်စင်းလုံး၏ ခန့်မှန်းကုန်ကျတန်ဖိုးငွေ ကျပ်သန်း ၇၀၀၀ ဖြစ်သည်။

ထိုတံတားသစ်စီမံကိန်းအား ၂၀၁၉ ခုနှစ် မတ်လကုန်တွင် ပြီးစီးရန် လျာထားတည်ဆောက်လျက်ရှိပြီး ရွှေကျင်ချောင်းကူးတံတားသစ်စီမံကိန်းအား ပြီးခဲ့သည့် ဒီဇင်ဘာ ပထမပတ်ကစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်ငူ-ကျောက်ကြီး-ရွှေကျင်-စစ်တောင်း-မုပ္ပလင်လမ်းရှိ လမ်းနှင့် လမ်းတစ်လျှောက် ပါဝင်သော တံတားကြီး၊ ငယ်များကို တည်ဆောက်ဖောက်လုပ်ပြီးစီးပါက အဆိုပါလမ်းကြောင်းမှ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းဒေသနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ကို လွယ်ကူစွာ ချိတ်ဆက်သွားလာနိုင်ပြီး ရောင်းရေးဝယ်ရေးအဆင်ပြေချောမွေ့ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာအုပ်စုနေ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ပိန်းဇလုပ်-သိန်းညွန့်**

## မုန်တိုင်းငယ် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေမှ အနောက်ဘင်္ဂလားကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ရောက်ရှိပြီးနောက် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **ကြေးမုံ**

## မောင်တောမြို့၌ ဒီဇင်ဘာ အားကစားလ စုပေါင်း လူထုလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်

**မောင်တော ဒီဇင်ဘာ ၉**

မောင်တောမြို့ ဒီဇင်ဘာ အားကစားလ ဒုတိယအပတ် စုပေါင်းလူထု လမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးရှေ့မှ စတင်ထွက်ခွာသည်။

လမ်းလျှောက်ပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ၊ အားကစားဝါသနာရှင် ပြည်သူများက မြို့သူကြီးလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ကြသည်။ ထို့နောက် အမျိုးသမီး အိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်း၌ လမ်းလျှောက်သူများကို ကြာဆန်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးကြသည်။ စုပေါင်း လူထုလမ်းလျှောက်ပွဲတွင် အားကစားဝါသနာရှင် စုစုပေါင်း ၃၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ကျိန္တလီ၊ ဂွမြို့နယ်တို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့နံနက်ပိုင်းတွင် ကျိန္တလီမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး ခန်းမ၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဂွမြို့နယ်ခန်းမ၌လည်းကောင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး လွှတ်တော်ရေးရာကိစ္စများကို ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တွေမြို့၌ တပျော်တပါး စုပေါင်း လမ်းလျှောက်ပွဲဆင်နွှဲ

**စစ်တွေ ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဒီဇင်ဘာ ဒုတိယအပတ် လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ ပြည်သူလူထုများ တပျော်တပါး စုပေါင်းပါဝင်ဆင်နွှဲကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့မှ စုရပ်လုပ်ပြီး မေယုလမ်း၊ နာရီစင် အဝိုင်း၊ စာတိုက်ကြီး၊ ကမ်းနားလမ်းပွိုင့် တစ်လျှောက် စုစုပေါင်းအင်အား ၂၀၀၀ ကျော် တပျော်တပါးပါဝင် ဆင်နွှဲ၍ စုပေါင်းလမ်းလျှောက်ပြီး စစ်တွေကမ်းခြေတွင် ကိုယ်ကာယလေ့ကျင့်ခန်းများ စုပေါင်းလေ့ကျင့်ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ပိုမိုကောင်းမွန်သည့် စာပေအသိုင်းအဝိုင်းကို ဖန်တီးနိုင်စေရန် ရည်ရွယ်၍ စာပေညီလာခံကျင်းပခြင်းဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၉**

"လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည့် စာပေ ညီလာခံ ၂၀၁၇ ကြိုဆိုပွဲ ဒုတိယမြောက်နေ့ကို ယနေ့ ညနေပိုင်းတွင် စာပေနယ်မှ ပုဂ္ဂိုလ်များ၊ စာပေကို ချစ်မြတ်နိုးသူ လူကြီး၊ လူငယ်အရွယ်စုံတို့ဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါပွဲတော်ကို မြန်မာစာပေ အဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ မြန်မာစာပေလောက တိုးတက်စေရေးအတွက် စာပေလောကအတွင်း အခက်အခဲ အတားအဆီးများကို စာပေလောကသားများ ကိုယ်တိုင်ဆွေးနွေးညှိနှိုင်း ပြုပြင်ကြရင်း အစိုးရနှင့်အတူ ပိုမိုကောင်းမွန်သည့် စာပေ အသိုင်းအဝိုင်းကို ဖန်တီးနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီညီလာခံကြီးကနေ ကျွန်တော်တို့ အစုအဖွဲ့အသီးသီးရဲ့ အသံတွေကို စုစည်းပြီး လွှတ်တော်တင်မှာဖြစ်တဲ့အတွက် ဒီစာပေညီလာခံက စာပေလောကအတွက်တင် မဟုတ်ပါဘူး၊ နိုင်ငံအတွက်လည်း အင်မတန်မှ အရေးကြီးတဲ့ ညီလာခံကြီးဖြစ်ပါတယ်၊ ဒီညီလာခံက ထွက်လာမယ့် ရလဒ်ကလည်း ကျွန်တော်တို့အတွက် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု မြန်မာနိုင်ငံကာတွန်းဆရာအသင်းကို ကိုယ်စားပြုပြီး စာပေစင်မြင့်ထက်တွင် နှစ်တစ်ရာအတွင်း မြန်မာကာတွန်းဖြတ်သန်းမှုသမိုင်းကို ဗဟုသုတဖြစ်ဖွယ် ဟောပြောသည့် ကာတွန်းဝင်းအောင်က ပြောသည်။

စာပေညီလာခံ ၂၀၁၇ ကို မြန်မာနိုင်ငံ စာပေအနုပညာ အဖွဲ့အစည်းများဖြစ်ကြသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ ကဗျာဆရာ သမဂ္ဂ၊ မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံ စာပေ ပြန့်ပွားရေး အသင်း၊ Pen Myanmar၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေကွန်ရက်၊ မြန်မာစာရေးဆရာကလပ်၊အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းတို့၏ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စီးပွားရေး လုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေပေါ်၌ ပထမဆုံးအကြိမ် ပြုလုပ်သည့် အမျိုးသားစာပေညီလာခံ ကျင်းပပြီးစီးခဲ့သည့်နောက်ပိုင်း ယခုကျင်းပသည့် "စာပေညီလာခံ ၂၀၁၇"သည် အရပ်သားအစိုးရသစ် တက်လာပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ညီလာခံဖြစ်ကြောင်း သိရသည်။



ကဗျာဆရာ မောင်သွေးသစ်



ကာတွန်း ဝင်းအောင်



ဦးသိန်းလွင်

ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပမည့် စာပေညီလာခံ ၂၀၁၇ ကြိုဆိုပွဲတွင် စာပေဟောပြောပွဲ စင်မြင့်ထက်တွင် အချက် ၃ ချက်ကို အဓိကထား ကျင်းပကြောင်း၊ ပွဲကျင်းပရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ကဗျာဆရာ မောင်သွေးသစ်ထံမှ သိရသည်။

"ဒီစင်မြင့်က ကန့်သတ်ချက် သုံးမျိုးထားတယ်၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ဝတ္ထု၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ကဗျာ၊ ဆောင်းပါး၊ အတ္ထုပ္ပတ္တိဒါတွေ ဟောပြောလို့ရတယ်၊ ဒါပေမဲ့ တစ်ပါတီကနေတစ်ပါတီကို တိုက်ခိုက်တာ၊ နှိမ်ချတာ ဒါမျိုးတွေ ခွင့်မပြုဘူး၊ လူမျိုးရေးပြဿနာဖြစ်မယ့် အရေး၊ အဟော၊ အပြော၊ ဘာသာရေးစိတ်ဝမ်းကွဲစေမယ့် လှုံ့ဆော်မှုတွေခွင့်မပြုဘူး၊ ဒါက ကျင်းပရေးကော်မတီရဲ့ မူဝါဒပါ" ဟု ပွဲကျင်းပရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ကဗျာဆရာ မောင်သွေးသစ်က ပြောသည်။

"စာပေညီလာခံ ကနေ မျက်မှောက်ခေတ် စာပေသမားတွေရဲ့ အခက်အခဲတွေ၊ ဘုံပြဿနာပေါ့၊ စာပေလောကသားချင်း ခံစားနေရတာတွေသိအောင် တင်ပြမယ်၊ နိုင်ငံရေးမပါဘူး၊ အထက်က ဖြေရှင်းပေးနိုင်တာရှိရင် ဖြေရှင်းပေးလိမ့်မယ်လို့ မျှော်လင့်တယ်"ဟု ၎င်းက ထပ်မံပြောကြားသည်။

မြို့တော်ခန်းမရှေ့၊ မဟာဗန္ဓုလ ပန်းခြံအတွင်း၌လည်း မောင်ထင်၊ မင်းသုဝဏ်၊ တင်မိုး၊ မြသန်းတင့်၊ ဒေါင်းနွယ်ဆွေ၊ လူထုဒေါ်အမာ၊ ဒဂုန်တာရာ၊ သိပ္ပံမောင်ဝ၊ ဗန်းမော်တင်အောင်၊ ဇော်ဂျီ အစရှိသည့် နိုင်ငံကျော်ကဗျာဆရာ၊ စာရေးဆရာကြီးများ၏ ပုံများ၊ ၎င်းတို့ရေးသားထားခဲ့သည့် မှတ်သားဖွယ်ရာစာများနှင့် အတူ အတ္ထုပ္ပတ္တိများကို တင်ဆက်ပြသထားသည်။

ထို့ပြင် ပန်းခြံအပြင်ဘက်တွင်လည်း ပန်းချီပြခန်းများ၊ ကယ်ရီကေချား ကာတွန်းရေးဆွဲနေမှုများ၊ ကလေးငယ်များအတွက် ဉာဏ်စမ်းမေးခွန်း ဖြေဆိုမှုများနှင့်အတူ ဖွင့်လှစ်ရောင်းချထားသည့် စာအုပ်ဆိုင်များတွင်လည်း ရောင်းသူဝယ်သူလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

စာပေညီလာခံ ၂၀၁၇ ကြိုဆိုပွဲကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ ရန်ကုန် မြို့တော်ခန်းမရှေ့၌ လည်းကောင်း၊ စာပေညီလာခံ ၂၀၁၇ ကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ မင်းဓမ္မလမ်း MCC ခန်းမ၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာပေ ညီလာခံ ၂၀၁၇ အကြိုလှုပ်ရှားမှုကို လာရောက်လေ့လာသည့် မြန်မာနိုင်ငံ တောင်သူလယ်သမားသမဂ္ဂ၏ ဥပဒေ အကြံပေးပညာရှင် ဦးသိန်းလွင်က "အခုလို စာပေညီလာခံ လုပ်တာ ကြိုဆိုပါတယ်၊ စာပေက အသိပညာပေးတယ်၊ စာပေဟောပြောပွဲတွေ၊ စာအုပ်တွေမှာ ဥပဒေဆိုင်ရာ အသိပညာပေးမှုတွေ ပါလာမယ်ဆိုရင် ဥပဒေတွေကို လူငယ်တွေ နားလည်လာပြီး ပြစ်မှုတွေကို မကျူးလွန်မိအောင် ကြိုတင်ကာကွယ်တားဆီးရာလည်းရောက်မယ်၊ စာအုပ်စာပေ ဖွံ့ဖြိုးလာလေ၊ အသိဉာဏ်မြင့်လာလေ ပြစ်မှုကျူးလွန်မှုတွေကို လျော့နည်းလာစေမှာ ဖြစ်တယ်လို့ ဒီလိုပဲမြင်တယ်၊ စာအုပ်စာပေတွေက အသိပညာတွေပေးမှာလေ"ဟု ၎င်း၏ အမြင်ကို သုံးသပ်ပြောကြားသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# အကျဉ်းသားဦးရေ အများဆုံးနိုင်ငံများစာရင်း၌ ဘရာဇီးနိုင်ငံက ကမ္ဘာ့အဆင့် တတိယနေရာတွင် ရပ်တည်

**ရီယိုဒီဂျနေရိုး ဒီဇင်ဘာ ၉**
လက်တင်အမေရိကဒေသတွင် ဧရိယာအကြီးမားဆုံး နိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် အကျဉ်းသားဦးရေ အများဆုံးရှိသော နိုင်ငံများအဆင့်၌ တတိယနေရာတွင် ရှိနေကြောင်း၊ ဘရာဇီးနိုင်ငံသား လူဦးရေ ၁၀၀၀၀၀ တွင် အကျဉ်းသားဦးရေမှာ ၃၄၂ ဦးရှိကြောင်း ဘရာဇီးတရားရေးဝန်ကြီးဌာနမှ ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားသည်။

ကမ္ဘာပေါ်တွင် အကျဉ်းသားဦးရေ အများဆုံးရှိသည့် နိုင်ငံစာရင်းတွင် အမေရိကန်ပြည်ထောင်စုက လူ ၁၀၀၀၀၀ လျှင် အကျဉ်းသားဦးရေ ၆၉၈ ဦးဖြင့် ပထမနေရာတွင်ရှိပြီး ရုရှားနိုင်ငံက လူ ၁၀၀၀၀၀ လျှင် ၄၄၅ ဦးဖြင့် ဒုတိယနေရာတွင်ရှိကာ ဘရာဇီးတစ်နိုင်ငံတည်းကသာ ၁၉၉၅ ခုနှစ် ကတည်းကစ၍ အကျဉ်းသားဦးရေ တတိယအများဆုံးအဖြစ် ရပ်တည်နေသည်။

ဘရာဇီးနိုင်ငံတွင် ပြစ်ဒဏ်ကျအကျဉ်းသားဦးရေသည် ၂၀၀၅ ခုနှစ်တွင် ၃၆၁၄၀၀ ရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန်လအတွင်း၌ ၇၂၆၇၁၇ ဦးထိ နှစ်ဆတိုးမြင့်လာခဲ့ကြောင်း ဘရာဇီးတရားရေးဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ**





# ကွန်ဂိုနိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းသူများအား စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ၁၅ ဦးသေဆုံး

**ကင်ရှာဆာ(ကွန်ဂို) ဒီဇင်ဘာ ၉**
ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးထိန်းသိမ်းသူများအား စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ ၁၅ ဦးသေဆုံးခဲ့ပြီး ၅၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

ဒီဇင်ဘာ ၇ ရက်တွင် ကွန်ဂိုနိုင်ငံမြောက်ပိုင်း ကီဗက်စီရင်စုရှိ ငြိမ်းချမ်းရေးထိန်းသိမ်းသူများ၏ အခြေစိုက်စခန်းသို့ စစ်သွေးကြွများက အကြမ်းဖက်ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကွန်ဂိုစစ်သား ငါးဦး သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂ တာဝန်ရှိသူများက ဆိုသည်။

ကွန်ဂိုနိုင်ငံမြောက်ပိုင်း ကီဗက်စီရင်စုသည် ကွန်ဂိုအစိုးရအဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် မရှိပေ။ အစိုးရအဖွဲ့က အဆိုပါဒေသကို စစ်ဆင်ရေးများ မကြာခဏပြုလုပ်လျက်ရှိသော်လည်း စစ်သွေးကြွများ ထကြွသောင်းကျန်းလျက်ရှိသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။ ထို့ပြင် ကွန်ဂိုနိုင်ငံအတွင်း ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရေးအတွက် ကူညီထောက်ပံ့မှုများပေးရန် ကမ္ဘာ့နိုင်ငံများသို့ တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်မြို့တော်ရှိ ရုပ်မြင်သံကြားထုတ်လွှင့်ရုံ ဆော်ဒီ ဦးဆောင်သည့်အဖွဲ့ လေကြောင်းမှတိုက်ခိုက်

**ဆာနား ဒီဇင်ဘာ ၉**
ယီမင်နိုင်ငံမြို့တော် ဆာနားရှိ နိုင်ငံပိုင်ဂြိုဟ်တု ရုပ်မြင်သံကြား ထုတ်လွှင့်ရုံအား ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာ သတင်းသမား လေးဦးသေဆုံးခဲ့ကြောင်း ဟူသီသူပုန်များ ထိန်းချုပ်ထားသည့် ဆာဘားသတင်းဌာနမှ ဒီဇင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းစီးနင်းတိုက်ခိုက်မှုကြောင့် ယင်းရုပ်မြင်သံကြားထုတ်လွှင့်ရုံ၏ ဂိတ်စောင့်တစ်ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့ပြီး ရုပ်မြင်သံကြား ထုတ်လွှင့်ရုံ၏ အစိတ်အပိုင်းအချို့ ပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဟူသီသူပုန်များ လှုပ်ရှားမှု စတင်ခဲ့သည့် လွန်ခဲ့သည့် သုံးနှစ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် အာရပ်ညွန့်ပေါင်းလေတပ်ဖွဲ့က ဟူဘီသူပုန်များ ထိန်းချုပ်ထားသည့် သတင်းမီဒီယာဆိုင်ရာ အဆောက်အအုံတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

မြို့တော် ဆာနားကို ဟူသီသူပုန်များက အပြည့်အဝ ထိန်းချုပ်ပြီး သမ္မတဟောင်း ဆာလေအား ထောက်ခံသည့် တပ်ဖွဲ့များကို အနိုင်ရပြီးနောက်ပိုင်းတွင် မြို့တော်၏ လုံခြုံရေး အခြေအနေများ တိုးတက်လာခဲ့သည်။

ယီမင်မြို့တော် ဆာနားတွင် နေထိုင်သည့် ဒေသခံများသည် မြို့တွင်းရှိ ဈေးများနှင့် လမ်းမများပေါ်တွင် လူစုလူဝေးများဖြင့် တဖြည်းဖြည်းချင်း စတင်သွားလာနေပြီး ယီမင်အစိုးရ အလုပ်သမားများသည်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်လည်လုပ်ငန်းဝင်ရောက်လျက်ရှိနေသည်။

ယီမင်နိုင်ငံတွင် ၂၀၁၅ ခုနှစ် ဖြစ်ပွားသည့် လက်နက်ကိုင် တိုက်ခိုက်မှုအတွင်းသို့ ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းအ ဖွဲ့က ဟူသီသူပုန်များက ပြည်နှင်ဒဏ်ပေးခဲ့သည့် သမ္မတဟောင်း အဗ္ဗဒူလာမန်ဆောဟာဒီအား ထောက်ခံမှုပေးကာ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခဲ့ခြင်းဖြစ်သည်။



ယီမင်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်အတွင်း လူဦးရေ ၁၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး ၎င်းတို့အထဲတွင် အရပ်သားများမှာ အများစု ဖြစ်သည်။ တိုက်ပွဲများအတွင်း နေရပ်စွန့်ခွာပြောင်းရွှေ့ထွက်ပြေးရသည့် ပြည်သူဦးရေမှာ သုံးသန်းခန့်ရှိကြောင်း ကုလသမဂ္ဂအေဂျင်စီများက ပြောကြားသည်။ **ဆင်ဟွာ**



# တောင်ကိုရီးယားတွင် မိုးမျှော်ဝန်ချီစက်ပြိုကျ၍ သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**ဆိုးလ် ဒီဇင်ဘာ ၉**
တောင်ကိုရီးယားနိုင်ငံ၌ အထပ်မြင့် အဆောက်အအုံများတည်ဆောက်ရာတွင် အသုံးပြုသည့် မိုးမျှော်ဝန်ချီစက်တစ်လုံး ပြိုကျမှု ဒီဇင်ဘာ ၉ ရက်က ဖြစ်ပွားခဲ့ရာ အလုပ်သမား သုံးဦးသေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအတွင်းသတင်းများတွင် ဖော်ပြသည်။

ဂျီယိုဂျင်းပြည်နယ် ယွန်ဂျင်မြို့ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်တစ်နေရာ၌ အထပ်မြင့်တိုက် ၃၆ ထပ်မျှအမြင့်ရှိသော မိုးမျှော်ဝန်ချီစက်တစ်လုံး၏ အလယ်ပိုင်းမှ မြေပြင်သို့ ရုတ်တရက်ပြိုကျမှု ဒီဇင်ဘာ ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိုးမျှော်ဝန်ချီစက် ပြိုလဲကျချိန်တွင် ဝန်ချီစက်၏ အပေါ်ဘက်ဆုံးအပိုင်း၌ အလုပ်သမား ခုနစ်ဦး လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်ဖြစ်ပြီး ၎င်းတို့ထဲမှ သုံးဦးမှာ ဝန်ချီစက် မြေပြင်သို့ ပြိုလဲပြီးနောက် အသက်သေဆုံးခဲ့ပြီး အခြားလေးဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ လေးဦးအား အနီးရှိဆေးရုံသို့ တင်ပို့ပေးခဲ့ရပြီး ၎င်းတို့ထဲမှ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ယင်းမတော်တဆဖြစ်ရပ် ဖြစ်ပေါ်ခဲ့ခြင်းကို စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# လက်သီးဘုရင် မိုးကြိုးကို ရှာပုံတော် ဖွင့်ခဲ့ရာဝယ်

ဇင်လင်းထွန်း(မနုဖြူ)

မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ခေတ်အဆက်ဆက် နာမည်ကျော်ကြား လူကြိုက်များခဲ့သည့် ပထမတန်းလက်ဝှေ့ကျော်ကြီးများ စာရင်းပြုစုမည်ဆိုလျှင် "မိုးကြိုး"ဆိုသော အမည်ကို မလွဲမသွေထည့်သွင်းရေးထိုးရပေလိမ့်မည်။ သူ့ခေတ်သူ့အခါက ပထမတန်း အောင်လံမှန်သမျှ သိမ်းကျုံးရယူနိုင်စွမ်းရှိခဲ့သော မိုးကြိုးသည် အောင်လံပွဲများမှသည် စိန်ခေါ်ပွဲတစ်ခေတ်ကို ဖြစ်ထွန်းစေခဲ့သည့် သမိုင်းအလှည့်အပြောင်းတစ်ခု၌ အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့သူလည်း ဖြစ်သည်။ ဆရာကြီး ပီကင်းပြန် ဦးဗိုစိန် ပြောပြခဲ့သော စကားအရ အောင်လံပွဲများမှသည် တစ်ဦးချင်း စိန်ခေါ်ပွဲသို့ပြောင်းလဲရန် မိုးကြိုးက စတင်တောင်းဆိုခဲ့ပြီး ထိုစဉ်က မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် (Boxing) အတွင်းရေးမှူးလည်း ဖြစ်ကာ ရိုးရာလက်ဝှေ့ပွဲများကို ဦးဆောင်စီစဉ်ပေးနေသူ ဆရာကြီး ကျားဘညိမ်းက ၁၅ ချီစိန်ခေါ်ပွဲများအဖြစ် ပြောင်းလဲပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရိုးရာလက်ဝှေ့ ပရိသတ်မှန်လျှင် မိုးကြိုးဟူသော အမည်အား ကြားဖူးရပေလိမ့်မည်။ သက်တမ်းအရ သမန်းကျားထက် တစ်ခေတ်စောကာ နာမည်ကြီးခဲ့သော မိုးကြိုးအား မော်လမြိုင်ပွဲနှင့် ပဲခူးရွှေမောဓောပွဲတွင် သရေပွဲထိုးသတ်နိုင်ခဲ့သည့်အတွက် စောလှမင်းတစ်ဖြစ်လဲ သမန်းကျား နာမည်ကျော်လာခဲ့သည်ဟုလည်း ဆိုနိုင်ပေရာ သမန်းကျားကို သိပြီဆိုလျှင် မိုးကြိုးကိုလည်း မသိဘဲ နေ၍မရတော့ပေ။

**အရှိန်အဝါကြီး**

သို့ရာတွင် မိုးကြိုးဟူသော အမည်သာ ယနေ့အချိန်အထိ အရှိန်အဝါကြီးနေဆဲဖြစ်သော်လည်း မိုးကြိုးကို ကိုယ်တိုင်မြင်ဖူးကြသူတို့ မရှိသလောက် ရှားနေပြီး မည်သည့်အရပ် မည်သည့်ဒေသတွင် မည်သို့ရှင်သန်နေထိုင်သည်လည်း သို့မဟုတ် သက်ရှိထင်ရှားရှိပါရဲ့လား စသည်အားဖြင့် ရေရေရာရာ မသိကြတော့ချေ။ ကရင်ပြည်နယ်ဘက်သို့ ရိုးရာလက်ဝှေ့ခရီးသည်အဖြစ် မကြာခဏရောက်ရှိခဲ့ရာမှ ပထမတန်းရိုးရာလက်ဝှေ့ကျော်ကြီး (ဦး)မိုးကြိုးတစ်ယောက် ကရင်ပြည်နယ်ထဲ၌ ရဟန်းဝတ်နေသည်မှာ အတော်ကြာပြီဟူသော သတင်းအစအနကို ရရှိခဲ့သည်။ သို့ရာတွင် မည်သည့်အရပ် မည်သည့်ကျောင်း၌ သီတင်းသုံးနေပါသည်ဟုတော့ တိတိပပ မသိရသကဲ့သို့ စာရေးသူအနေဖြင့်လည်း ရိုးရာလက်ဝှေ့ပွဲအတွက် သွားသည့်ခရီး၌ ထိုပွဲအတွက်သာ အာရုံစိုက်လျက် ပွဲပြီးပြန်လာဆိုသောကြောင့် ဂယနဏ မစုံစမ်းဖြစ်ခဲ့ပါ။ ထိုသို့ဖြင့် လေးနှစ်မျှကြာခဲ့ရာ တစ်ခေါက်သွားလျှင် ကြားရသည့်သတင်းက ဆရာတော်(ဦး)မိုးကြိုး တစ်နေရာသို့ ပြောင်းရွှေ့သွားပြန်ပြီဟူ၍ ဖြစ်နေပြန်သည်။ ဤသို့ရှိရာမှ ယခုနှစ် နိုဝင်ဘာ ၇ ရက်တွင်စတင်၍ နိုဝင်ဘာ ၁၁ ရက်နေ့အထိကျင်းပသော (၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပွဲများသို့ သွားရောက်ရင်း ဒီတစ်ခေါက်တော့ဖြင့် ဦးမိုးကြိုးကို မတွေ့တွေ့အောင်ရှာမည်။ တွေ့ခွင့်လည်း ရပါစေသားဟု အဓိဋ္ဌာန်ဆန္ဒပြုမိသည်။

ထို့ကြောင့်ပင်လားမသိ။ ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိနေသော မိတ်ဆွေကြီး ဒါရိုက်တာ အဏ်ထော်ဇာကီက ကူညီစုံစမ်းပေးရာ ဘားအံနှင့် သံလွင်မြစ်ခြားသော မြိုင်ကလေးကျေးရွာတွင် နေထိုင်သည့် ပထမတန်းလက်ဝှေ့ကျော်ဟောင်း (ဦး)ရိုးရိုးလေးက ဆရာတော်သီတင်းသုံးသည့် နေရာအတိအကျကို သိသည်ဆိုသော သတင်းကို ရသည်။ (ဦး)ရိုးရိုးလေးကလည်း ဘားအံတွင် (ဦး)မိုးကြိုး လာထိုးသည့်ပွဲကိုကြည့်ကာ ရိုးရာလက်ဝှေ့ဝါသနာပိုးဝင်ရာမှ ပထမတန်းအထိ ပေါက်မြောက်ခဲ့သော လက်ဝှေ့သမားတစ်ယောက်ဖြစ်လာခဲ့ပြီး ဦးမိုးကြိုးနှင့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုလည်း ရှိခဲ့သည်။ ယခုအခါ သုဝဏ္ဏမြေဆီ ဦးမင်းဇော်၏ မြိုင်ကလေးဘက်ရှိခြံထဲတွင်အခြေစိုက်သော ရွှေဆားလားရိုးရာလက်ဝှေ့ကလပ်၌ နည်းပြချုပ်အဖြစ် ဆောင်ရွက်နေသည်။ ထို့ကြောင့် ဒါရိုက်တာ အဏ်ထော်ဇာကီ၏ စီစဉ်မှုဖြင့်ပင် သုဝဏ္ဏမြေဆီ ဦးမင်းဇော်၏ လမ်းကြမ်းသွားကားတစ်စီးကို ယူဆောင်ကာ ဆရာရိုးရိုးလေးလိုက်ပါလျက် မမဲတောင်သို့ ချီတက်ကြလေ၏။ မမဲတောင်သည် ဘားအံဘက်မှ လှမ်းကြည့်လျှင် ဖားပုတောင်နှင့် မလှမ်းမကမ်း၌ ရှိနေသည်ဟု ထင်ရသော တောင်ထိပ်တစ်ခုဖြစ်သည်။ တောင်ထိပ်အပေါ်အထိ ကားလမ်းဖောက်နေဆဲဖြစ်ရာ တောင်ခုလတ်မှပင်ဆင်း၍ ခြေကျင်တက်ရလေ၏။ ဦးမိုးကြိုးတစ်ဖြစ်လဲ ဆရာတော်ကိုတွေ့လိုဇောဖြင့် အမောဖောက်ရင်း ချဉ်းနင်းတက်ခဲ့ရသော်လည်း တောင်ပေါ်အရောက်တွင် အမောဆို့လေ၏။ ဆရာတော် ဦးမိုးကြိုးသည် ဤတောင်ထိပ်ကျောင်း၌ သီတင်းသုံးခဲ့ဖူးသော်လည်း ယခုအခါ ဤနေရာ၌ မရှိတော့ဘဲ မြိုင်ကလေးဘိလပ်မြေစက်ရုံ(၁)၏ အရာရှိရိပ်သာနောက်ဘက်ရှိတောထဲတွင် တစ်ပါးတည်း သီတင်းသုံးနေသည်မှာ အတော်ကြာပြီဖြစ်ကြောင်း မမဲတောင်ပေါ်ကျောင်းမှ ရဟန်းများက ပြောကြ၍ ဖြစ်သည်။

**ဆန္ဒပြင်းပြ**

ဤသို့ဖြင့် မမဲတောင်ထိပ်တွင် တည်ထားသော စေတီတော်အား ဖူးမြော်ကာ ကားဆရာကို မေတ္တာရပ်၍ ဒါရိုက်တာ အက်ထော်ဇာ၊ ဆရာရိုးရိုးလေးတို့နှင့် ခရီးဆက်ကြပြန်သည်။ ကားဆရာကလည်း ဟသ်ာတနယ်သား ရိုးရာလက်ဝှေ့ဝါသနာရှင် တစ်ဦးဖြစ်ပေရာ ဆရာတော်ဦးမိုးကြိုးကို ဖူးမြော်လိုသော ဆန္ဒပြင်းပြသည့်အတွက် အဆင်ပြေလှသည်။ မြိုင်ကလေးဘိလပ်မြေစက်ရုံအရာရှိရိပ်သာနှင့် ဘောလုံးကွင်းကြားမှ တောလမ်းအတိုင်း ဦးတည်မောင်းရင်း ရော်ဘာတောများတွင် တစ်လုံးတလေရှိနေသော တဲများသို့ဝင်၍ စုံစမ်းရပြန်၏။ သူတို့ ညွှန်သော လမ်းအတိုင်း သုံးမိုင်ကျော်မျှ သွားမိသည့်အခါ အရောင်ပြယ်လွင့်နေပြီဖြစ်သော သာသနာ့အလံတစ်ခုအား သစ်ပင်၌ ချိတ်ထားသည့် လမ်းခွဲတစ်ခုကို ညာဘက်တွင် တွေ့ရသည်။ လမ်းခွဲအတိုင်းကားကို ချိုးကွေ့ဝင်လိုက်ရာ သစ်ပင်များ အုပ်ဆိုင်းနေသော မြေစိုက်အုတ်ကျောင်း သင်ခန်းလေးကို တွေ့ရသည်။ ထိုကျောင်းကား တစ်ချိန်က လျှမ်းလျှမ်းတောက်နာမည်ကျော်ခဲ့သော ပထမတန်း လက်ဝှေ့ကျော်ကြီး ဦးမိုးကြိုး ရဟန်းဝတ်ဖြင့် သီတင်းသုံးရာဖြစ်၏။ ကျောင်း၏ မျက်နှာချင်းဆိုင်ဘက်အခြမ်း ဓားလွယ်ခုတ်ကျကျ ခေါင်းရင်းအရပ်၌ စေတီငယ်တစ်ဆူကို ဖူးမြင်ရ၏။ စေတီတော်၏ဘွဲ့တော်မှာ အောင်တော်မူလာဘမုနိစေတီတော် ဖြစ်ကြောင်း အနီးရှိ ကျောက်စာတိုင်ပေါ်တွင် ရေးထိုးသဖြင့် သိရသကဲ့သို့ ဦးမိုးကြိုး၏ ရဟန်းဘွဲ့တော်မှာ ဦးပညာစာရ ဖြစ်ကြောင်းလည်း ထိုစာတိုင်အရ သိရှိလိုက်ရသည်။

ကြည်လင်သော မျက်နှာသွင်ပြင်က ပြုံးယောင်သမ်းလျက် ကျန်းမာစိုပြေသော အသားအရေကြောင့် ရောက်နေဆဲ အသက်ထက် နုပျိုကာ သင်္ကန်းဖြင့် တင့်တော်မူသော ဆရာတော် ဦးပညာစာရကို အခြားတစ်နေရာရာမှာ မိတ်ဆက်သူမပါဘဲ ဖူးမြင်ရလျှင် တစ်ချိန်က ကြိုးဝိုင်းထဲတွင် လက်သီးဘုရင်ဟု နာမည်ကျော်ခဲ့သည့် ပထမတန်း လက်ဝှေ့ကျော်ကြီးပါဟု ထင်မှတ်မိမည် မဟုတ်ပေ။ ဆရာရိုးရိုးလေးက ဆရာတော်ကို တရင်းတနှီးနှုတ်ဆက်ကာ စာရေးသူနှင့်ရော ဒါရိုက်တာအဏ်ထော်ဇာနှင့်ပါ မိတ်ဆက်ပေးသည်။ ဤသို့ဖြင့် ပထမတန်းလက်ဝှေ့ကျော်ကြီး မိုးကြိုးဘဝမှသည် ဦးပညာစာရ ဖြစ်လာခဲ့သော ဆရာတော်အား သိလိုသည်များ အချိန်လု၍ မေးမြန်းလျှောက်ထားရလေ၏။ ဆရာရိုးရိုးလေး၏ တပည့်များက ဘားအံမြို့သီရိကွင်းတွင် ကျင်းပနေသော ရိုးရာလက်ဝှေ့ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်ပြီး ကားဆရာကိုလည်း နောက်မှ ဖုန်းဆက်၍ခေါ်နေပြီဖြစ်ရာ ဆရာတော်အား မေးမြန်းလျှောက်ထားချိန် သိပ်မရတော့ပေ။ သို့ဖြစ်၍ အချိန်လုမေးမြန်းခဲ့သမျှအား ဆရာတော် ဦးပညာစာရ ဖြေကြားခဲ့သည်များကို သူကိုယ်တိုင် စကားပြောသည့်ပုံစံဖြင့် တင်ဆက်ပေးလိုက်ပါသည်။

**ငါးယောက်မြောက်**

"ဘုန်းကြီးက ၁၃၀၉ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၉ ရက် ကြာသပတေးနေ့မွေးတာကွဲ့။ အဖက ဦးငွေသောင် အမိက ဒေါ်ငွေရင်တဲ့ မွေးချင်း ခုနစ်ယောက်မှာ အစ်ကိုတစ်ယောက် အစ်မ သုံးယောက်ပြီးမှမွေးတဲ့ ငါးယောက်မြောက်ပေါ့။ အငယ် နှစ်ယောက်ကလည်း ယောကျ်ားလေးတွေပဲ။ လက်ဝှေ့ထိုးမျိုးရိုးရှိတယ်ပြောရမှာပေါ့။ အဖေက အင်္ဂလိပ်ခေတ်မှာ လက်ဝှေ့ထိုးသလို ဦးလေးစိန်ညွှန့်လက်ဝှေ့သမားပဲ။ အစ်ကို ကိုမောင်အေးလည်း လက်ဝှေ့ထိုးတယ်။ ညီတွေဖြစ်တဲ့ ကျော်သိန်းနဲ့ မိုးလေးတို့လည်း ထိုးဖူးတယ်။ ကျော်သိန်းက တတိယတန်းအလံ၊ မိုးလေးက ဒုတိယတန်း အလံထိုးခဲ့တာ။ ရိုးရာလက်ဝှေ့ပညာကတော့ အစ်ကိုမောင်အေးက သင်ဆရာပဲ။ မြင်ဆရာတွေတော့ အများကြီးပေါ့နော်၊ ကိုယ်က ယူတတ်ရင် ပညာရတာပဲကို တကယ်တော့ ကိုယ်တွေရဲ့ ဇာတိက ဒီကရင်ပြည်နယ်ပဲ၊ သံလွင်အနောက်ခြမ်းက ကျုံပိုက်ရွာမှာ မွေးတာ မုက္ခဒီ၊ ကျုံပိုက်၊ ခဲတောက်ဆိုတဲ့ ရွာတွေရှိတယ်လေ၊ ခပ်ငယ်ငယ်ကတည်းက ကျုံပိုက်ဝန်းကျင်က ဘုရားပွဲ၊ အလှူပွဲ၊ ဘုန်းကြီးပျံပွဲသာမက အသုဘပွဲတွေမှာလည်း လက်ဝှေ့ပွဲက ပါတာဆိုတော့ အစ်ကိုမောင်အေးနဲ့လိုက်ပြီး ကလေးပွဲတွေထိုးတာ။ ငါးမူး၊ တစ်ကျပ်၊ နှစ်ကျပ် အဲဒီလို ဆုကြေးရတာ။ လက်ဝှေ့ထိုးတော့ ငယ်နာမည်မြရှိန်နဲ့လည်း ထိုးတာပဲ၊ မော်တော့ဆိုတဲ့နာမည်နဲ့လည်း ထိုးတယ်။ ဒီလိုနဲ့ အသက် ဆယ်နှစ်လောက်ကျတော့ ရွာမှာနေလို့ မရတော့ဘူး။ ခေတ်က ဆိုးလာတာကိုး၊ အသတ်တွေအဖြတ်တွေ ရှိလာတော့ မနေရဲတော့ဘူး။ ဒါနဲ့ သထုံကို ပြေးကြရတယ်။ အဲဒီမှာ ဦးလေးတွေ အဒေါ်တွေရှိတာကိုး၊ အဖေကတော့ ဘားအံမှာပဲ ဆုံးကျန်ခဲ့တယ်။ သထုံရောက်တော့ ဘင်လှိုင်ရပ်က ကိုးနဝင်းနားမှာ နေကြတယ်။ အဲဒီတုန်းက သထုံဝန်းကျင်ဟာ လက်ဝှေ့ပွဲ တအားများတာ၊ ဘုရားပွဲတိုင်းမှာ လက်ဝှေ့ပွဲပါတယ်။ ဘုန်းကြီးပျံပွဲလည်း လက်ဝှေ့ပွဲပါတာပဲ။

ဒီတော့ မော်တော့ဆိုတဲ့ နာမည်နဲ့ လက်ဝှေ့ပွဲတွေ လိုက်ထိုးရင်း ပညာလည်းယူ၊ လေ့လည်း လေ့ကျင့်တာ ကိုယ်က ဝါသနာပါတာ၊ ပျော်တာကိုး။ ကျိုက်ထို၊ စစ်တောင်းဘက်အထိ လိုက်ထိုးတယ်။ အသက် ၁၇၊ ၁၈ လောက်မှာ ထင်တယ်။ ကျိုက်ထိုမြို့ ကျိုက်ပိနားက ဘုန်းကြီးပျံပွဲမှာ ဆိုဗီယက်ပြန် ဦးမောင်မောင်နဲ့ အာဇာနည်စမ်းစမ်း ဆပ်ကပ်ပွဲလည်းပါတယ်၊ အဲဒီရုံထဲမှာ သူတို့က ညဘက် ရိုးရာလက်ဝှေ့ပွဲက နေ့ဘက်ထိုးရတယ်။ ဒီတော့ ဇာတ်သမားတွေကလည်း လက်ဝှေ့ပွဲကြည့်တာပေါ့။ အဲဒီမှာ ဒိုင်လူကြီးက ဦးစိန်တင်မောင်တဲ့၊ ထိုးကြတဲ့အခါ ပြိုင်ဘက်ကို ထိုးလိုက်တဲ့လက်သီးက မြန်လည်းမြန် ပြင်းလည်းပြင်းတော့ အလဲထိုးနိုင်တာကြည့်ပြီး အာဇာနည်စမ်းစမ်းက "ဟယ် မြန်လည်းမြန် ပြင်းလဲပြင်းတဲ့ လက်သီးဟယ်၊ မိုးကြိုးပစ်သလား မှတ်ရတယ်"ဆိုပြီး ပြောတယ်။ အဲဒါကို ဒိုင်လူကြီး ဦးစိန်တင်မောင်က ကြားပြီး နောက်တစ်နေ့ပွဲကျတော့ မင်းနာမည် မိုးကြိုးကွဆိုပြီး မိုးကြိုးလို့ပဲခေါ်တော့တာ၊ အဲဒီကစပြီး မိုးကြိုးဖြစ်လာတော့တာပဲ၊ အသက်(၂၀)မှာ အိမ်ထောင်ကျပေမယ့် လက်ဝှေ့ပဲ ဆက်ထိုးတယ်။ အသက်(၂၅)နှစ်လောက်မှာ ဒေါင်ဒေါင်မြည် ပထမတန်းအလံပွဲတွေထိုးပြီ၊ အဲဒီမတိုင်ခင် ၁၈၊ ၁၉ လောက်က မြဝတီမှာ ယိုးဒယားတွေနဲ့ ထိုးဖူးတယ်။ တစ်နေ့တည်း သုံးယောက် အလဲထိုးပစ်ခဲ့တာ။ ပထမတစ်ယောက် ရှုံးတာကို မကျေနပ်လို့ ထပ်တက်လာကြတာကို ထပ်တက်ထပ်ထိုးနဲ့ သုံးယောက်ကျသွားတော့ ဘယ်သူမှ တက်မလာတော့ဘူး။ အဲဒီတုန်းက တတိယတန်းလောက်ပဲ ရှိသေးတာ။ ဖြူကြီး၊ ဖြူလေး၊ လှရွှေ၊ တင်ရွှေ၊ စက္ကောမ တို့က ပထမတန်းတွေ ဖြစ်နေတဲ့အချိန်ပေါ့။ ကိုယ် ပထမတန်းကို စထိုးတော့ လှရွှေ၊ တင်ရွှေ၊ နှစ်ခြားမဲကြီး၊ ဒေါနဖြူကြီး၊ ဝိုင်းဒေါ်လာတို့နဲ့ ထိုးရတယ်။

**၁၉ ဝါရှိပြီ**

အသက်(၃၁)နှစ်လောက်မှာ ထိုးဘက်ကလည်း မရှိ၊ လက်ဝှေ့ပွဲတွေကလည်း နည်းသွားတော့ မှောင်ခိုပစ္စည်းသယ်တဲ့ အလုပ်ဘက် ငါးနှစ်ခြောက်နှစ်လောက် ရောက်သွားသေးတယ်။ မဲသဝေါ၊ မဲသလေ၊ ဝမ်ခဂိတ်တွေကနေ စက်ဘီး တာယာ၊ ကားတာယာ၊ တက်ထရွန်ပိတ်လိပ်တွေ၊ ချည်လုံးတွေ သယ်ပြီး ပြန်လာတာပေါ့။ တစ်ခေါက်ကို နေ့ရော၊ ညရော ကုန်းကြောင်းသွားပြန် ငါးရက်လောက်ကြာတယ်။ ငါးထောင်တစ်သောင်းလောက် မြတ်တဲ့အခါ မြတ်တယ်၊ နိုင်းနေ့နေ့ (9.00) ကားတာယာထဲမှာ အထည်လိပ် နှစ်လိပ်ထည့်ပြီး ကြိုးသိုင်းကျောပိုးသယ်နိုင်တယ်။ လက်ဝှေ့သမားဘဝက နှစ်ကျော့ရှိတာပေါ့။ မှောင်ခိုပစ္စည်းသယ်ပြီး နောက်တစ်ကျော့ပြန်ဝင်တော့မှ သမန်းကျား၊ ဘနှစ်၊ မောင်ကိုကြီးတို့နဲ့ ထိုးတာ၊ ရွှေဝါထွန်းနဲ့ နောက်ဆုံးထိုးတော့ ကိုယ့်အသက်က (၄၅) နှစ်ကျော်နေပြီ၊ အသက်(၅၂)နှစ်မှာ ရဟန်းဝတ်တာ အခုဆို ၁၉ ဝါရှိပြီလေ၊ သက်သက်လွတ်စားတာကောင်းတယ်။ အညောင်းအညာမရှိဘူး"။

ပထမတန်းလက်ဝှေ့ကျော်ကြီး မိုးကြိုးတစ်ဖြစ်လည်း ဆရာတော် ဦးပညာစာရနှင့် စကားပြောနေစဉ်မှာပင် အောင်တော်မူလာဘမုနိစေတီနောက်ဘက်ရှိ တောထဲမှ ဂျီဟောက်သံကြားရသည်။ ဆရာတော်၏ မေတ္တာရိပ်တွင် ဂျီမိသားစုတို့ခိုလှုံဘေးကင်းနေကြပုံရသည်။ ဆရာတော်သီတင်းသုံးရာ ကျောင်းသင်္ခန်းသို့ နောက်တစ်ခေါက်အရောက်သွားကာ ဘုရားလည်းဖူး ဆရာတော်ကိုလည်း ကန်တော့၍ ရိုးရာလက်ဝှေ့အကြောင်းများ မေးမြန်းလျှောက်ထားမည်ဟု တေးမှတ်ရင်း ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ရိုးရာလက်ဝှေ့ပွဲများရှိရာ ဘားအံသို့ ပြန်ခဲ့ရပါတော့သည်။ ။



**ဒီဇင်ဘာ ၉ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၁၆**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၀ - ၁ | ချယ်လ်ဆီး |
| စပါး | ၅ - ၁ | စတုတ်စီးတီး |
| ပဲလေ့စ် | ၂ - ၂ | ဘုန်းမောက် |
| ဘန်လေ | ၁ - ၀ | ဝက်ဖို့ဒ် |
| ဆွမ်ဆီး | ၁ - ၀ | ဝက်စ်ဘရွန်း |
| ဟက်ဒါဖီးလ် | ၂ - ၀ | ဘရိုက်တန် |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၅**

| | | |
|---|---|---|
| လိုက်ပ်ဇစ် | ၂ - ၂ | မိန့်ဇ် |
| ဒေါ့မွန် | ၁ - ၂ | ဝါဒါဘရီမင် |
| ဟမ်းဘတ် | ၀ - ၀ | ဝုဖ်ဘတ် |
| ဖရန့်ဖတ် | ၀ - ၁ | ဘိုင်ယန်မြူးနစ် |

**စပိန်လာလီဂါ ပွဲစဉ် - ၁၅**

| | | |
|---|---|---|
| ဂီတာဖေး | ၀ - ၀ | အီဘာ |
| ရီးယဲလ် | ၅ - ၀ | ဆီဗီလာ |

ခိုင်ဝင်း

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ရန်အတွက် တင်ပြသည့်လျှောက်လွှာတွင် အမည်စာရင်း ဖော်ပြပါရှိသည့်ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီနှင့် နောက်ပိုင်း၌ ကုမ္ပဏီတွင်ပါဝင်မည့်သူများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား လိုက်နာဆောင်ရွက်ကြမည်ဖြစ်ကြောင်း မှတ်ယူရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီသို့ပေးသွင်းရမည့် ငွေအားလုံးကို ၎င်းတို့မှ ကုမ္ပဏီသို့ ပေးချေရမည့် အကြွေးတစ်ရပ်ကဲ့သို့ ဖြစ်စေရမည်။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ပါရှိရမည့် အကြောင်းအရာများ**

၁၂။ (က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထည့်သွင်းဖော်ပြရန်အတွက် ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့်ကိစ္စရပ်များနှင့် ကုမ္ပဏီမှ ထည့်သွင်းဖော်ပြလိုသော အခြားကိစ္စရပ်များ ပါရှိနိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤဥပဒေနှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသောအပိုင်းများသည် အကျိုးသက်ရောက်ခြင်းရှိမည်မဟုတ်။

(ခ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက်ကို ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် သတ်မှတ်နိုင်သည်။

(ဂ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းကို နိုင်ငံတော်အတွင်း၌ တည်ရှိကြောင်း ဖော်ပြရမည်။

(ဃ) ပုဒ်မခွဲ (င) နှင့်အညီ တည်ဆဲကုမ္ပဏီတစ်ခု၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် အခြားသော ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ စာရွက်စာတမ်းများသည် ဤဥပဒေ စတင်အာဏာသက်ရောက်ပြီး နောက်ပိုင်းတွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကဲ့သို့ အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤဥပဒေနှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသော အပိုင်းများသည် အကျိုးသက်ရောက်ခြင်းရှိမည်မဟုတ်။

(င) တည်ဆဲကုမ္ပဏီတစ်ခု၏ ယခင်သင်းဖွဲ့စည်းမျဉ်းတွင် အတိအလင်း ဖော်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန်ကုမ္ပဏီတွင် ပါဝင်သူများက မဲပေးဆုံးဖြတ်၍ ပယ်ဖျက်ခြင်းမပြုခဲ့လျှင် ကူးပြောင်းကာလကုန်ဆုံးသည်အထိ ဆက်လက်အသုံးပြုနိုင်သည်။ ကုမ္ပဏီ၏ အဆိုပါ ရည်ရွယ်ချက်များအား ဆက်လက်ထားရှိမည်ဖြစ်သည်ဟု ကုမ္ပဏီမှ အထူးဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပြီးကြောင်းကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသည့် အကြောင်းကြားစာတစ်စောင်အား မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ကုမ္ပဏီ၏ရည်ရွယ်ချက်များကို အဆိုပါ ကူးပြောင်းကာလကုန်ဆုံးပြီးနောက် ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဤပုဒ်မခွဲသည် ပုဒ်မ ၂၉ အား ထိခိုက်စေခြင်း မရှိစေရ။

**တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအတွက် သီးခြားလိုအပ်ချက်များ**

၁၃။ အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(က) အများနှင့် မသက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီအမည်၏ နောက်ဆုံးတွင် "လီမိတက်" ဟုလည်းကောင်း၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက "အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်" ဟုလည်းကောင်း ဖော်ပြချက်၊

(ခ) ကုမ္ပဏီတွင်ပါဝင်သူများ၏တာဝန်ကို ကန့်သတ်ထားကြောင်း၊

(ဂ) ကုမ္ပဏီမှထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့် ငွေကြေး၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦးငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်းငွေကြေးထည့်ဝင်သူများသည် အနည်းဆုံး အစုရှယ်ယာတစ်စု ထည့်ဝင်ရမည်ဖြစ်ကြောင်း။

**ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအတွက် သီးခြားလိုအပ်ချက်များ**

၁၄။ (က) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီအမည်ကို ယင်းအမည်၏ နောက်ဆုံးတွင် "ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသော" ဟု ဖော်ပြချက်၊

(၂) ကုမ္ပဏီတွင်ပါဝင်သူများ၏တာဝန်ကို ခံဝန်ချက်ပမာဏတစ်ရပ်ဖြင့် ကန့်သတ်ထားကြောင်း၊

(၃) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ရှိနေကြစဉ်ကာလတွင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ငွေပမာဏများ ပေးချေရန်အတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များတွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်ခြင်းမပြုသည့် နောက်ပိုင်း တစ်နှစ်ကာလအတွင်း၌ ကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီက ပဋိညာဉ်ပြုလုပ်ထားသော ကုမ္ပဏီ၏တာဝန်များနှင့် အကြွေးများ ပေးရန် တာဝန်ယူကြောင်း၊ ၎င်းအပြင် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ကုန်ကျစရိတ်များနှင့် အခွန်အခများပေးချေရန်၊ ကုမ္ပဏီတွင်ပါဝင်သူများအကြား စုပေါင်းထည့်ဝင်ကြေးနှင့် သက်ဆိုင်သောအခွင့်အရေးများကို စာရင်းညှိနှိုင်းရန်၊ သတ်မှတ်ထားသော ငွေပမာဏထက် မကျော်လွန်သည့် အဆိုပါငွေပမာဏများ ပေးချေရန်အတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များတွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း၊

(ခ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင် -

(၁) ကုမ္ပဏီမှထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေအမျိုးအစားနှင့်

(၂) ကုမ္ပဏီတွင် ငွေကြေးထည့်ဝင်သူက အနည်းဆုံး အစုရှယ်ယာတစ်စု ထည့်ဝင်ရမည်ဖြစ်ကြောင်း။

(ဂ) ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားပြီး အစုရှယ်ယာ မတည်ငွေရင်းမပါရှိသည့်အပြင် ယခင်ဥပဒေ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နောက်ပိုင်းတွင် မှတ်ပုံတင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီမှခွဲဝေပေးရမည့်အကျိုးအမြတ်ကို ရထိုက်ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ်အား ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးမှအပ အခြားသူတစ်ဦးဦးအဖြစ် ပေးအပ်ရန် ရည်ရွယ်သည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်တွင် ပါရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ပျက်ပြယ်သည်။

**တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအတွက် သီးခြားလိုအပ်ချက်များ**

၁၅။ တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီများသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(က) ကုမ္ပဏီအမည်၊ ယင်းကုမ္ပဏီအမည်၏နောက်ဆုံးတွင် "တာဝန်ကန့်သတ်မှုမရှိသော ကုမ္ပဏီ" ဟု ပါရှိရမည်။

(ခ) ကုမ္ပဏီတွင် ပါဝင်သူများ၏တာဝန်ကို ကန့်သတ်ထားခြင်းမရှိကြောင်း၊

(ဂ) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေအမျိုးအစား၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦး ငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်း ငွေကြေးထည့်ဝင်သူများသည် အနည်းဆုံးအစုရှယ်ယာတစ်စုထည့်ဝင်ရမည်ဖြစ်ကြောင်း။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု၏ ဖွဲ့စည်းမှုပုံစံ**

၁၆။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် -

(က) မြန်မာဘာသာဖြင့် ရေးသားပြုစုရမည်။

(ခ) မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့်လည်း ရေးသားပြုစုနိုင်သည်။ ၎င်းအပြင်

(ဂ) စာပိုဒ်များဖြင့် ခွဲခြားပြုစုလျက် အမှတ်စဉ်များကို တစ်ဆက်တည်း ရေးသားဖော်ပြရမည်။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း**

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ပါရှိသော သီးခြား စည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ချမှတ်၍ ၎င်း၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပါ စည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်ပြီး ထိုသို့ပြုလုပ်သည့် ပြောင်းလဲပြင်ဆင်မှု သို့မဟုတ် ဖြည့်စွက်မှုသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် မူလကတည်းက ထည့်သွင်းပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကဲ့သို့ပင် အကျိုးသက်ရောက်စေရမည့်အပြင် ယခုကဲ့သို့ အထူးဆုံးဖြတ်ချက်အရ ပြောင်းလဲပြင်ဆင်နိုင်သည်။

**ပြောင်းလဲပြင်ဆင်မှုအား အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

၁၈။ (က) ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာကို ပြောင်းလဲပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူတစ်စောင်နှင့်အတူ ထိုသို့ ပြောင်းလဲပြင်ဆင်ရန် အထူးဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ထိုတင်ပြချက်အား မှတ်ပုံတင်ရမည်။ မှတ်ပုံတင် သက်သေခံအထောက်အထားလက်မှတ်သည် ထိုသို့ပြောင်းလဲပြင်ဆင်မှုများအတွက် ဤဥပဒေအရ လိုအပ်သည့် ပြဋ္ဌာန်းချက်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ပြီး ဖြစ်ကြောင်း သက်သေခံအထောက်အထား ဖြစ်စေရမည်ဖြစ်ပြီး ထိုသို့ ပြောင်းလဲပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဖြစ်စေရမည်။

(ခ) တရားရုံးသည် သင့်သည်ထင်မြင်ပါက ဤပုဒ်မအရ မှတ်ပုံတင်အရာရှိထံ စာရွက်စာတမ်းများ တင်ပြရမည့်ကာလကို မည်သည့်အချိန်တွင်မဆို တိုးမြှင့်ပေးရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

**ပြောင်းလဲပြင်ဆင်မှုအား ၂၈ ရက်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် အကျိုးသက်ရောက်မှုများ**

၁၉။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှုသည် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင် မှတ်ပုံတင်ဆောင်ရွက်ရခြင်းမရှိသေးလျှင် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်းမရှိစေရ။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှု၏ အကျိုးသက်ရောက်မှုများ**

၂၀။ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိသော်လည်း ကုမ္ပဏီတွင်ပါဝင်သူများသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် ဆောင်ရွက်သည့်နေ့ရက်နောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုကြောင့် ပြောင်းလဲပြင်ဆင်သည့်နေ့ရက်က ၎င်းတို့လက်ဝယ်ရှိသော အစုရှယ်ယာအရေအတွက်ထက် ပိုမိုသည့် အစုရှယ်ယာများကို ရယူရန် သို့မဟုတ် ထည့်ဝင်ရန် လိုအပ်လာလျှင် သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်း ထည့်ဝင်ရမည့်တာဝန်များကို ပိုမိုဖြစ်ပေါ်လာစေခဲ့လျှင် သို့မဟုတ် ကုမ္ပဏီသို့ အခြားနည်းအားဖြင့် ငွေပေးချေရန်ရှိလာခဲ့လျှင် ထိုသို့ပြောင်းလဲပြင်ဆင်မှုသည် ၎င်းတို့အပေါ်တွင် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ကုမ္ပဏီတွင်ပါဝင်သူများက ပြောင်းလဲပြင်ဆင်မှုမပြုမီသော်လည်းကောင်း၊ ပြုလုပ်ပြီးသည့်အခါတွင်သော်လည်းကောင်း စာဖြင့်ရေးသားလျက် ထိုပြောင်းလဲပြင်ဆင်မှုနှင့် သက်ဆိုင်စေမည်ဖြစ်ကြောင်း သဘောတူညီကြသည်ဆိုလျှင် ဤပုဒ်မနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**ကုမ္ပဏီတွင် ပါဝင်သူများသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူများကို ပေးအပ်ရခြင်း**

၂၁။ ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင် ပါဝင်သူများအနက်တစ်ဦးဦးမှ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူတစ်စောင်ကို တောင်းဆိုလာပါက တောင်းဆိုသည့် နေ့ရက်မှ ၁၄ ရက်အတွင်း ကုမ္ပဏီမှ သတ်မှတ်ထားသည့် သင့်လျော်သောငွေပမာဏကို သက်မှတ်ဖော်ပြထားသည့် ငွေပမာဏ မကျော်လွန်စေဘဲ ပေးဆောင်စေလျက်ပေးပို့ရမည်။

၂၂။ ကုမ္ပဏီသည် ပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ပျက်ကွက်ခဲ့လျှင် ကျူးလွန်မှု တစ်ရပ်စီအတွက် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းကို ပေးဆောင်ရမည်။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုများအား မိတ္တူအားလုံးတွင် မှတ်သားဖော်ပြရခြင်း**

၂၃။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုတစ်ရပ်ပြုလုပ်သည့်အခါတွင် ပြောင်းလဲပြင်ဆင်မှုပြုလုပ်သည့်နေ့ရက်နောက်ပိုင်း ထုတ်ဝေသည့် အဆိုပါဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူအားလုံးသည် ပြောင်းလဲပြင်ဆင်မှုနှင့်အညီ ဖြစ်စေရမည်။

၂၄။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြီးသည့်အခါတွင် ကုမ္ပဏီသည် ပြောင်းလဲပြင်ဆင်မှုကို ပြုလုပ်သည့်နေ့ရက်နောက်ပိုင်း ပြောင်းလဲပြင်ဆင်မှုနှင့်အညီမဖြစ်သည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူများကို ထုတ်ဝေခဲ့လျှင် ထိုသို့ထုတ်ဝေခဲ့သည့် မိတ္တူတစ်စောင်စီအတွက် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းကို ပေးဆောင်ရမည်။ ထို့အပြင် အဆိုပါပျက်ကွက်မှုကို သိလျက်နှင့် တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာအားလုံး သို့မဟုတ် အခြားအရာရှိများသည်လည်း အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိသည်။

## အခန်း (၆)
## ကုမ္ပဏီအမည်များ

**ကုမ္ပဏီအမည်နှင့် အမည်ပြောင်းလဲခြင်း**

၂၅။ (က) ကုမ္ပဏီတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သောကိစ္စရပ်များပေါ်ပေါက်စေနိုင်သည့် အမည်ကို မှတ်ပုံတင်ထားသည့် တည်ဆဲအဖွဲ့အစည်းတစ်ခု၏အမည်နှင့်တူညီသော အမည်ကိုသော်လည်းကောင်း၊ ထိုအမည်နှင့် ဆင်တူသောအမည်ကိုသော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန် ဆောင်ရွက်နေသည့် အမည်အား အသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည့်အခါမှတစ်ပါး မှတ်ပုံတင်ဆောင်ရွက်ခြင်းမပြုရ။

(ခ) ကုမ္ပဏီတစ်ခုသည် တမင်ကြံရွယ်ချက် သို့မဟုတ် အခြားသော အကြောင်းမရှိဘဲ အထက်တွင်ဖော်ပြထားသော သဘောတူညီချက်မပါရှိဘဲ လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်စေနိုင်သည့် ယခင်ကမှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲအဖွဲ့အစည်း တစ်ခု၏အမည်နှင့် တူညီသောအမည်ကိုသော်လည်းကောင်း၊ ထိုအမည်နှင့်ဆင်တူသော အမည်ကိုသော်လည်းကောင်း မှတ်ပုံတင်ခဲ့လျှင် ဖော်ပြပါအဖွဲ့အစည်းသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်း၏ ကုမ္ပဏီအမည်အား ပြောင်းလဲနိုင်သည်။

(ဂ) ပြည်ထောင်စုဝန်ကြီး၏ စာဖြင့်ရေးသားထားသော ကြိုတင်သဘောတူညီချက်ပါရှိသည့် ကိစ္စရပ်မှအပ မည်သည့်ကုမ္ပဏီမဆို အောက်ပါစကားရပ်များပါဝင်သောအမည်ဖြင့် မှတ်ပုံတင်ခြင်းမပြုရ -


(၁) "နိုင်ငံတော်အစိုးရ"၊ "နိုင်ငံတော်"၊ "ဗဟိုဘဏ်"၊ "ပြည်ထောင်စုအစိုးရ"၊ "သမ္မတ"၊ "ဝန်ကြီးဌာန" သို့မဟုတ် မြန်မာနိုင်ငံတော်အစိုးရ သို့မဟုတ် မြန်မာနိုင်ငံတော်၏ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုံးဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က အဆိုပြုသော သို့မဟုတ် ယင်းတို့က ထောက်ခံတင်ပြသော စကားရပ်တစ်ခုခုပါဝင်သည့်အမည် သို့မဟုတ်

(၂) "စည်ပင်သာယာရေး" သို့မဟုတ် နိုင်ငံတော်အမိန့်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် လူမှုအဖွဲ့အစည်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကဲ့သို့ ယူဆနိုင်သည့် စကားရပ်တစ်ခုခု ပါဝင်သည့်အမည်။


ဆက်လက်ဖော်ပြပါမည်။






END







# ဓမ္မလဝန်း မြန်ပြည်ထွန်း မေတ္တာရေစင်သွန်း

ukdlifo


ဓာတ်ပုံ– Boston Herald

ရန်ကုန်မြို့သို့ ကြွရောက်လာသော ပုပ်ရဟန်းမင်းကြီး လေယာဉ်ပေါ်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ်။

အကျော်ဒေးယျ ငြိမ်းချမ်းရေးသမား ရဟန်းမင်းကြီးသည် ကျွန်ုပ်တို့၏ လောကပါလတရား (ဟီရိနှင့် ဩတ္တပ္ပတရား (၀)) လောကကြီးကို ကာကွယ် စောင့်ရှောက်ပေးသော တရား) အလေးထားသော မြန်မာနိုင်ငံသို့ ကြွရောက်လာခြင်းမှာ ငြိမ်းချမ်းရေး သတင်းစကားပါးရန်ဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်မိ၏။ ကျွန်ုပ်နည်းတူ လူမျိုးဘာသာ မခွဲခြားဘဲ၊ ညီနောင်သားရင်းပမာ လက်ရေတစ်ပြင်တည်း အေးအတူ ပူအမျှ နေထိုင်ကြသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အားလုံးကလည်း ရဟန်းမင်းကြီး၏ ငြိမ်းချမ်းရေးခရီးစဉ်ကို အူလှိုက်သည်းလှိုက် ကြိုဆိုခဲ့ကြသည်ဟု ကျွန်ုပ် ရှုမြင်မိ၏။

ရဟန်းမင်းကြီးသည် 'မိမိကိုယ်မိမိ ဘာလူမျိုးပါ' ဟု ပြောဆိုသုံးနှုန်းနေသူများ အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံခရီးစဉ်အတွင်း လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရန် ရှောင်ရှားခဲ့ခြင်းအတွက် လူအများအပြားမှာ အားမလိုအားမရဖြစ်ရသည်ဟု နိုင်ငံတကာ မီဒီယာအချို့က ရေးသားတင်ဆက်ခြင်းကို ကျွန်ုပ်တွေ့မြင်ရသည့်အခါ ယင်းမီဒီယာများကို ကျွန်ုပ်က 'ချည်သေးလို့ ချားမလည်၊ ငယ်သေးလို့ နားမလည်' ဟူ၍သာ သုံးသပ်မိလေသည်။

ဤတွင်ရွေ့ကား ကျွန်ုပ်အနေဖြင့် မြန်မာ့အရေးကို ကမ္ဘာက တော်တည့်မှန်ကန်စွာ ရှုမြင်သုံးသပ်စေလိုသော ဆန္ဒမွန်ဖြစ်မိ၏။

ငြိမ်းချမ်းရေး၏ တမန်တော်အဖြစ် ကြွရောက်လာသော ရဟန်းမင်းကြီး၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း လူ့အခွင့်အရေး လှုပ်ရှားသူများ၏အရေးအတွက် 'စကားလုံးတစ်လုံး' ကို မသုံးနှုန်းသဖြင့် လူ့အခွင့်အရေး လှုပ်ရှားသူများက အားမလိုအားမရဖြစ်မိသည်ဟု နိုင်ငံတကာမီဒီယာအချို့က ဖော်ပြကြသောအခါ ယင်းသတင်းဌာနအချို့ကို 'ဂရုမထားလျှင် အမှုများတတ်သည်' ဟု ကျွန်ုပ်က တိုက်တွန်း နှိုးဆော်လိုစိတ်ဖြစ်မိရာမှ ဤဆောင်းပါးကို ရေးသားတင်ဆက်လိုက်ရခြင်းဖြစ်၏။

'ဇရပ်မှာ လူစုံတက် စကားပေါင်းစုံထွက်' ဟူဘိသို့ပင် မီဒီယာဟူသည်မှာ 'ကျင့်ဝတ်' အရ 'ဘက်မလိုက်ရ' ဆိုလင့်ကစား လူမျိုးရေး၊ ဘာသာရေးအရ ဘက်လိုက်တတ်ခြင်းကို ကျွန်ုပ် တွေ့မြင်နေရ၏။

သို့ဖြစ်ရကား သတင်းသမားများ 'အဂတိတရား' (ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ)ကင်းကြဖို့ အထူးလိုအပ်လှပြီး 'စာနယ်ဇင်းကျင့်ဝတ်'ကို အစဉ်မြဲမြံစွာ ကျင့်သုံးကြဖို့ လိုအပ်ပေလိမ့်မည်။

မြန်မာနိုင်ငံ အနောက်ပိုင်းမှနေ၍ ဒုက္ခသည်များ အလုံးအရင်းဖြင့် ထွက်သွားရခြင်းသည် 'မိမိကိုယ်မိမိ ဘာလူမျိုးပါ'ဟု သုံးနှုန်းသူများ ကာလကြာရှည် ညှဉ်းပန်းနှိပ်စက်ခံရခြင်းကြောင့်ဖြစ်ရပြီး မြန်မာ့တပ်မတော်က 'လူမျိုးရေး သန့်စင်မှု' ပြုသယောင်ယောင် ထင်ဟပ်ရေးသားနေကြသည်ကို ကျွန်ုပ်ကြားသိရသောအခါ 'ဇက်မကိုင်သောမြင်း၊ ကန်သင်းမရှိသောလယ်' နှင့်တူသည့် နိုင်ငံတကာမီဒီယာအချို့ ရှိနေပါသေးသည်ဟု ကျွန်ုပ်တွေးတောမိ၏။

'ဆရာမနိုင် နှစ်ဆောင်ပြိုင်' မီဒီယာအချို့က ၁၉၉၄ ခုနှစ် ရဝမ်ဒါ လူမျိုးတုံးသတ်ဖြတ်မှု (Genocide)မျိုး မြန်မာနိုင်ငံအနောက်ပိုင်းတွင် ဖြစ်ပေါ်နေသယောင်ယောင်၊ ဘာလိုလိုညာလိုလို ကညာပျိုကို ဇရာအိုဖြစ်အောင် ပုံဖော်ထုဆစ် ရေးသားတင်ဆက်နေကြသည့်အခါ ဗြဟ္မစိုရ်တရား (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) ဦးထိပ်ထားသော ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ရာ ပြည်မြန်မာ၏ နိုင်ငံ့ပုံရိပ်မှာ အိုးမည်းသုတ်ခံရသည့်အလား ထင်ယောင်ထင်မှား စကားပိုဆိုသူများ၏ စွပ်စွဲချက်များ စွန်းထင်းပေကျံရလေတော့သည်။

ဧကန်မှုကား 'ရခိုင်ပြည်နယ်အရေး' ဟူသည်ကား ထမင်းရေကြည် အပေါ်တင်းသလို အနင်းမခံနိုင်သည့် ပြဿနာတစ်ရပ်အဖြစ် ဗာတီကန်က ရေရေလည်လည် နားလည်သဘောပေါက်သည်ဟု ကျွန်ုပ် ယုံကြည်မိ၏။ 'Sensitive issue'ဟု ပြောလေ့ရှိ၏။ ထိလွယ်ရှလွယ်ဖြစ်၏။ အတိမ်းအစောင်းမခံနိုင်အနေအထားဖြစ်၏။

ဒုက္ခသည်များ၊ အကာအကွယ်မဲ့ လူနည်းစုများ (Vulnerable minorities )၏ အကျိုးကို ကာကွယ်စောင့်ရှောက်ပေးကာ ဟောပြောသွန်သင်လေ့ရှိသော ရဟန်းမင်းကြီးဖြစ်ပါလျက် မြန်မာနိုင်ငံသို့ ကြွရောက်စဉ်ကာလအတွင်း 'မိမိကိုယ်မိမိ ဘာလူမျိုးပါ' ဟူ၍သုံးနှုန်းသူများဘက်မှ လူသိရှင်ကြား ထုတ်ဖော်ပြောကြားခြင်း မရှိမှုအတွက် 'သူတော်စင်ကြီး' အပေါ် အားမလိုအားမရဖြစ်မှုများမိသည့် တင်ဆက်မှုများကို နိုင်ငံတကာမီဒီယာအချို့က ပြုလုပ်ခဲ့ကြသည်ဟု ကျွန်ုပ် လေ့လာစေ့ငုမိလေသည်။

နိုင်ငံတကာမီဒီယာအချို့သည် 'မိမိကိုယ်မိမိ ဘာလူမျိုးပါ' ဟု သုံးနှုန်းသူအသိုက်အဝန်းမှ ပြည်ပရောက် ပုဂ္ဂိုလ်အချို့၏ အတ္တနောမတိ ပြောဆိုချက်များကို 'နွားငတ်ရေချသောက်မဝ'ပမာ ပုံကြီးချဲ့ကားတင်ဆက်ကြသည်ကိုလည်း ကျွန်ုပ် သတိမူမိ၏။

နိုင်ငံတကာမီဒီယာအချို့၏ 'ခေတ်တူနံ့တူ ဆေးဘက်ယူ' တင်ဆက်ပုံများကြောင့် နားခါးနေမိသော ကျွန်ုပ်သည် ရဟန်းမင်းကြီး၏ မြန်မာခရီးစဉ်နှင့်ပတ်သက်၍ ဗာတီကန်ပြောခွင့်ရပုဂ္ဂိုလ် Mr. Greg Burke က ဘာများ ထုတ်ဖော် ပြောဆိုမည်နည်းဟု နားစွင့်မိလေသော် ကျွန်ုပ်ကြားသိရသည်မှာကား . . .

## အထိအရှမခံသည့် ဝေါဟာရ

ရဟန်းမင်းကြီးသည် ရခိုင်အရေးနှင့်ပတ်သက်၍ အထိအရှမခံသော ဝေါဟာရတစ်လုံးကို သုံးနှုန်းခဲ့ခြင်းမရှိမှုအတွက် ဗာတီကန်ပြောခွင့်ရပုဂ္ဂိုလ် ဝါရင့် အမေရိကန် သတင်းစာဆရာကြီး Mr. Greg Burke က နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန် ရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အတိအလင်း ရှင်းလင်းပြောဆိုခဲ့၏။

"မြန်မာနိုင်ငံခရီးစဉ်အတွင်း ရဟန်းမင်းကြီးက အထိအရှမခံတဲ့ ဝေါဟာရ တစ်လုံးကို သုံးနှုန်းခဲ့ခြင်းမရှိလို့ နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုတွေ ဘယ်လို တုံ့ပြန်လာနိုင်ပါသလဲ" ဟူသော အမေးပုစ္ဆာကို သူက -

'လူတိုင်းလူတိုင်း သူ့အမြင်၊ သူ့အတွေးကို ဖော်ထုတ်ခွင့်ရှိတယ်ဗျ၊ ရဟန်းမင်းကြီးအနေနဲ့ ဒီကိစ္စမှာ ဒီဝေါဟာရကို မသုံးစွဲလို့ 'ဘာသာရေး တန်ခိုးဩဇာ' (Moral authority) ထိခိုက်ရတယ် လို့တော့ ကျွန်တော် မထင်ဘူး။ လူတွေဟာ ဖြေရှင်းနိုင်စွမ်းမရှိတဲ့ ပြဿနာကို ဖြေရှင်းနိုင်မယ်လို့လည်း မျှော်လင့်လေ့ မရှိကြဘူး။ ရဟန်းမင်းဟာ သိဒ္ဓိပေါက်နေတဲ့ပုဂ္ဂိုလ်ကြီးအဖြစ် လူတွေက ထင်မြင်ယူဆကြတာကတော့ ကြည်နူးစရာပါပဲ။ ဒါပေမယ့် အရှင်မြတ် ဖရန်စစ်ဟာ မြန်မာနိုင်ငံ ဒါမှမဟုတ် အရှေ့အလယ်ပိုင်းဒေသလို နေရာမျိုးအပေါ် 'လေထီးနဲ့ ခုန်ဆင်းလာသလို' ကြွရောက်လာပြီး ပစ္စက္ခပြဿနာတွေ အလျှင်းကွယ်ပျောက်ပါစေသားလို့ (မန်းမှုတ်သလို) လုပ်လို့မရဘူးလေ-

"ဗာတီကန်ရဲ့ ဒီပလိုမေစီ လွဲနေပြီလို့ ဘယ်သူကမျှ စောဒကမတက်ကြဘူး"

သတင်းစာရှင်းလင်းပွဲတွင် မြန်မာပြည် ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ် ဖာသာမာရီယာနိုစိုးနိုင်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးကြမ်းကို (နိုင်ငံတကာ သတင်းစာဆရာကြီးများ) မမေ့မပျောက်ပစ်ကြဖို့ လိုအပ်ပုံကို တိုက်တွန်းပြောဆိုခဲ့၏။

"မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရှိရေး လှုပ်ရှားမှုခရီးကြမ်းမှာ ပြည်သူထောင်ပေါင်းများစွာ အသက်သွေးချွေး စတေးပေးဆပ်ခဲ့ကြရပါတယ်။ ဖူးသစ်စဒီမိုကရေစီ ပန်းငုံအစွမ်းကုန်ပွင့်လန်းနိုင်စေဖို့ အကောင်းဆုံးနည်းလမ်းအဖြစ် ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ပေးကြဖို့" လိုအပ်ပုံကို ဖာသာစိုးနိုင်က အလေးအနက်ပြု ညွှန်းဆိုခဲ့၏။

ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတကာက ပုတ်ခတ်ဝေဖန်နေခြင်းဖြင့် ဒီမိုကရေစီခရီးလမ်းတွင် ချောက်ကျနိုင်ပုံကို ဖာသာစိုးနိုင်က ထောက်ပြခဲ့သေး၏။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်အတူ မိမိတို့အတူတကွ လက်တွဲကာ ရှေ့ခရီးဆက်ကြဖို့ လိုအပ်ပုံကို သူက ဝိတ္ထာရချဲ့၏။

## သဘောတရားနှင့် လက်တွေ့

ခြောက်ပြစ်ကင်း သဲလဲစင် သတင်းပညာစံနှုန်းများအရ တိကျမှန်ကန်စွာ ရေးသား ဖော်ပြရမည်ဟု သီအိုရီအရဆိုသော်လည်း တကယ့် လက်တွေ့တွင် ကမ္ဘာ့သတင်းဖြစ်စဉ်များနှင့်ပတ်သက်၍ ဘက်လိုက်ရေးသား တင်ဆက်မှုများကို အမြဲတစေ ကျွန်ုပ်တွေ့မြင်ရလေသည်။

ခုံသမာဓိသဖွယ် ရပ်တည်ရမည်ဟူသော ကျင့်ဝတ်ရှိသည့် သတင်းသမား အတွက် မိမိတို့ကိုယ်တိုင် 'ရှေ့နေ' ( Advocate ) အဖြစ် စိတ်ကြီးမဝင်မိဖို့ လိုအပ်လိမ့်မည်ဟု ကျွန်ုပ်တွေးဆမိ၏။

သတင်းသမားဟူသည် အဖိနှိပ်ခံ ပြည်သူ့အသံကို ထုတ်ဖော်ပေးရမည် ဆိုသောကျင့်ဝတ်ကို ကြွေးကြော်လျက် 'ရှေ့နေ' သဖွယ် အစဉ်တစိုက် ဘက်လိုက်နေမည်ဆိုပါလျှင်လည်း အခြား 'ကျင့်ဝတ်များ'မှ သွေဖည်ရာ ရောက်နိုင်သေးသည်ကို သတိရှိသင့်သည်ဟု ကျွန်ုပ်ယူဆမိလေသည်။

ဤနေရာတွင် ကျွန်ုပ်မှတ်သားမိဖူးသော သတင်းပညာ အဆိုအမိန့်တစ်ရပ်ကို ပြန်ပြောင်းသတိရမိလေသည်။ ယင်းအဆိုအမိန့်က ထုတ်ဖော်သည်မှာ ဤသို့တည်း-

*Good journalism, of course, does not advocate. It tells the truth, regardless of who looks good and who looks bad.*

မြန်မာမှုပြုရသော် ဤသို့တည်း-

*ပေမီဒေါက်မီ သတင်းပညာသည် ရှေ့နေလိုက်သည့်အမှုကို မပြုလုပ်ချေ။ လူကောင်းအသွင်ရှိသည် ဖြစ်စေ၊ လူဆိုးအသွင်ဆောင်သည်ဖြစ်စေ မည်သူ့ဘက်ကမျှ ဘက်လိုက်ခြင်းမပြုဘဲ အမှန်တရားကိုသာ ဖော်ထုတ်တင်ပြ၏။*

သို့ဖြစ်ပေရကား နိုင်ငံတကာမီဒီယာအချို့အနေဖြင့် ပေမီဒေါက်မီ ရေးသားတင်ဆက်နိုင်ကြဖို့၊ ထွန်းပြောင်ရစ်သော 'ရခိုင်သမိုင်း' (မြန်မာ့သမိုင်း)ကို လေ့လာကြဖို့၊ ပစ္စက္ခ ပဋိပက္ခဖြစ်စဉ်ကို ချဉ်းကပ်ရာတွင် 'ပဋိပက္ခဖြစ်စဉ် သတင်းရေးသားနည်းပညာ' (Conflict Journalism)နှင့်အညီ ဘက်စုံထောင့်စုံမှ ရှုမြင်ကာ ရေးသားကြဖို့ စုံစမ်းလေ့လာ သတင်းပညာ (Investigative Journalism)ကို တော်တည့်မှန်ကန်စွာ အသုံးချကြဖို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ စိတ်ဓာတ်နှင့် ယဉ်ကျေးမှုတို့သည် သိမ်မွေ့လှသော ဘာသာတရားအပေါ် အခြေခံထားသည်ကို သိရှိကြဖို့၊ ပြည်သူတို့၏ သတင်းသိပိုင်ခွင့် (Right to information)အတွက် စေတနာဖြင့် လုပ်ကိုင်ကြဖို့၊ မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေး၊ မတူကွဲပြားမှုများကို ငြိမ်းချမ်းစွာနှင့် ညီညွတ်စွာ ပေါင်းစည်းရေးဟူသော သဘောတရားနှင့်အညီ ဦးတည်လှုံ့ဆော်ရေးသားကြဖို့၊ ဖူးသစ်စ ဒီမိုကရေစီပန်းငုံ မညှိုးနွမ်းရလေအောင် အားပေးကူညီတတ်သော ကလျာဏမိတ်ဆွေများသဖွယ် ရေလောင်းပေါင်းသင် လုပ်ဆောင်လာအောင် စည်းရုံးပေးဖို့၊ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရှိသော မြန်မာနိုင်ငံသည် ဘာသာရေးနှင့်လူမျိုးရေးတို့အရ ခွဲခြား ဆက်ဆံမှုမရှိ၊ သာတူညီမျှဓမ္မဝါဒနှင့်အညီ ဦးတည်ချီတက်လျက်ရှိပုံကို ဖော်ထုတ် ပေးကြဖို့၊ ဟီရိ ဩတ္တပ္ပတရားလက်ကိုင်ထားကြသော မြန်မာနိုင်ငံသားများအားလုံး ဘာသာရေး အဆုံးအမများနှင့်အညီ အေးချမ်းစွာ နေထိုင်တတ်ကြပုံကို တင်ဆက်ပေးကြဖို့၊ တရားဥပဒေ စိုးမိုးရေး အသိစိတ်ဓာတ်နှင့်အညီ ရပ်ရွာအေးချမ်းသာယာရေး တည်ဆောက်လျက်ရှိပုံကို ဖော်ထုတ်ပေးကြဖို့၊ ဘာသာရေး အဆုံးအမများ အရပင်လျှင် လူ့အခွင့်အရေးကို လေးစားသော မြန်မာတို့၏ စိတ်ဓာတ်ကို အရောင်တင်ပေးကြဖို့၊ စိတ်နောက်ကိုယ်ပါ လိုက်ကာ မရေးကြဘဲ ဉာဏသမ္ပယုတ် ဉာဏ်ယှဉ်ရေးကြဖို့ (Determined by reason rather than emotion)၊ ဗဟုသစ္စဥ္စ ဧတံမင်္ဂလမုတ္တမံ (အကြားအမြင် ဗဟုသုတ များခြင်းသည် မြတ်သော မင်္ဂလာမည်၏)ဟူသော မင်္ဂလာ တရားတော်နှင့်အညီ မြန်မာ့စိတ်ဓာတ်ကို ထဲထဲဝင်ဝင် လေ့လာကြဖို့ မီဒီယာများကို ကျွန်ုပ်က ဂါရဝတရား ရှေ့မှာထား၍ ရိုရိုသေသေ တိုက်တွန်းလိုပါ၏။

ဗြဟ္မစိုရ်တရား အလေးထားသော မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကမ္ဘာ့မီဒီယာများက ရေးသားတင်ဆက်ရာတွင် 'အသွား အပြန်ရှိသောမီဒီယာ' အဖြစ် ပေါင်းကူးပေးခြင်းဖြင့် ချစ်ကြည်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် လွတ်လပ်မှုတည်းဟူသော လပြည့်ဝန်းပေါင်းများစွာ အစဉ်ထာဝရ သာထွန်းလိမ့်မည်ဟု တွေးတောမိရင်း "ဓမ္မလဝန်း မြန်ပြည်ထွန်း မေတ္တာရေစင်သွန်း" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



## ရေတာရှည်–ကရင်ချောင်း–လိပ်သို ကားလမ်းတိုးချဲ့ဆောင်ရွက်နေမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့်အတူ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ရေတာရှည်မြို့ ရေတာရှည်-ကရင်ချောင်း-လိပ်သို ကားလမ်းတိုးချဲ့ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းက လမ်းတိုးချဲ့ဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါလမ်းသည် ရေတာရှည်မြို့မှ လိပ်သိုမြို့အထိ ဆက်သွယ်သွားလာနိုင်သောအရှည် ၁၁ ဒသမ ၇ မိုင်၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းဖြစ်ပြီး ယခုအခါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး သဘာဝဘေးဒဏ် ရန်ပုံငွေကျပ်သန်း ၁၁၅ ဒသမ ၇၁ သန်းဖြင့် ရေတာရှည်မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ယူ၍ ရေတာရှည် လမ်းဆုံမှစပြီး အရှည်ပေ ၉၆၀ အား ကတ္တရာနှစ်လမ်းသွားအဖြစ် တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်သည်။ ပြီးစီးသွားပါက ရေတာရှည်မြို့အတွင်း ယာဉ်ကြောရှုပ်ထွေးကျပ်တည်းမှုမရှိဘဲ လိပ်သိုအရောက် လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဇောတနှင့် မဟာဝိဇယာရာမကျောင်းတိုက်ဆရာတော်တို့အားဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စရပ်များလျှောက်ထားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## နွေစပါးစိုက်ဧက လေးသောင်းကျော်ရေပေးဝေနိုင်ရေး စစ်ပင်ဆိပ်ယာယီမြေသားချောင်းပိတ်တမံတည်ဆောက်

**ပဲခူး ဒီဇင်ဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရေပေးဝေရေးအတွက် ပဲခူးမြို့နယ် စစ်ပင်ဆိပ်ကျေးရွာအနီးရှိ ပဲခူးမြစ်ခွဲ စစ်ပင်ဆိပ်ချောင်း ယာယီမြေသားချောင်းပိတ်တမံပြုလုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာယီမြေသားချောင်းပိတ်တမံပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ဒီဇင်ဘာ ၈ ရက် နေ့လယ်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်မိုးညွန့်၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးဝင်းညွန့်၊ ဦးစီးအရာရှိ ဦးဇော်မျိုးနိုင်တို့က ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ယခုစစ်ပင်ဆိပ်ချောင်းပိတ်တမံသည် ပဲခူးခရိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် နွေစပါးစိုက် လယ်မြေများ ရေပေးဝေရေးအတွက် အဓိကကျသောကြောင့် အထူးအလေးထား ဆောင်ရွက်ရန်နှင့် အခြားဆက်စပ်ရေပေးမြောင်းများ ကြိုတင်ရှင်းလင်းခြင်း၊ ရေပေးတူးမြောင်း အဆောက်အအုံများ ကြံ့ခိုင်ရေးအတွက် ကြိုတင်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ မိမိဌာနဝန်ထမ်းများအနေဖြင့် နွေစပါးရေပေး ရာသီအတွင်း မိမိတို့သက်ဆိုင်ရာကွင်းအတွင်း အချိန်ပြည့်ရှိနေပြီး တောင်သူများနှင့်အတူ နွေစပါး အောင်မြင်သည်အထိ ကူညီဆောင်ရွက် တာဝန်ထမ်းဆောင်ကြရန် ညွှန်ကြားရေးမှူးက မှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါ စစ်ပင်ဆိပ်ချောင်းပိတ်တမံသည် နှစ်စဉ်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပြီး ချောင်းပိတ်တမံဆောင်ရွက်ပြီးမှသာ ပဲခူးမြစ်ရေအား ဘောနတ်ကြီးကျေးရွာအနီးရှိ ဇောင်းတူရေလွှဲဆည်မှတစ်ဆင့် ရေပေးမြောင်းအတိုင်း ပဲခူးမြို့နယ်၊ ဝေါမြို့နယ်အတွင်းရှိ လယ်မြေများ စိုက်ပျိုးရေပေးဝေရခြင်းဖြစ်ပြီး ရေလွှဲဆည်အထက်ဘက်ရှိ ကိုဒူကွဲ၊ စလူ၊ ရွှေလောင်းရေလှောင်တမံများမှ သိုလှောင်ရေများကို ဇောင်းတူရေလွှဲဆည်မှ မိုးယွန်းကြီးရေလှောင်ကန်နှင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေဖြည့်သွင်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အထိ နွေစပါးစိုက်ဧက ၄၀၀၀၀ ကျော်အား ရေပေးဝေနိုင်မည်ဖြစ်သည်။

**သူရအောင်**

## ကျောက်ဆည်မြို့နယ်တွင် လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်မှုမရှိစေရေး ပညာပေးဆွေးနွေး

**ကျောက်ဆည် ဒီဇင်ဘာ ၉**

ကျောက်ဆည်မြို့နယ်တွင် လျှပ်စစ်မီးသုံးစွဲမှုကို မြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးရွာများပါ သုံးစွဲနိုင်ပြီဖြစ်သောကြောင့် လျှပ်စစ်နှင့်ပတ်သက်၍ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး မြို့နယ်လျှပ်စစ်ရုံးမှ မြို့နယ်မန်နေဂျာနှင့် တာဝန်ရှိသူများက ပညာပေးဆွေးနွေးခြင်းများကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက သံရွာကျေးရွာ အောင်ချမ်းသာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မီးလင်းရေးကော်မတီအဖွဲ့ ၃၂ ဖွဲ့နှင့်တွေ့ဆုံပြီး ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာပေးဆွေးနွေးရာတွင် မြို့နယ်မန်နေဂျာဦးဝင်းနောင်လင်းက လျှပ်စစ်မီးသုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေခြင်းများနှင့် ကျေးလက်ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီများ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး လျှပ်စစ်မီးသုံးစွဲသည့် အိမ်ထောင်စုတိုင်းအတွက် ပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**သက်မောင်**

## VDP ကျေးရွာ ၃၅ ရွာ လျာထားရွေးချယ်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ


**ကန်ကြီးထောင့် ဒီဇင်ဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ကျေးရွာ ၃၅ ရွာ လျာထားရွေးချယ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးဦးကျော်စိုးနိုင်၊ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစည်သူအောင်နှင့် (Lift Fund)မှ Senior Development Planner ဦးနေလင်းစိုးတို့က မြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၃ အုပ်စုရှိရာ အုပ်စု ၅၀ အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအခြေအနေများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းမှ ထွက်ပေါ်လာသည့် ရလဒ် အခြေအနေများကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြလာသော အခြေအနေများအပေါ် သုံးသပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး အဆိုပါ အုပ်စု ၅၀ ရှိ ကျေးရွာများထဲမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအမှန်တကယ်လိုအပ်သောကျေးရွာများနှင့် ပြည်သူ ပူးပေါင်းပါဝင်မှုအားကောင်းသော ကျေးရွာ ၃၅ ရွာကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကျေးရွာများအဖြစ် လျာထားရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**



## အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ၈၇ ရပ်ကွက်တွင် အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက မဟာဓမ္မိကာရာမဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်း ယောသိတာရုံ ဓမ္မဗိမာန်တော်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ ၁၅၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမာဆက်က အဖွင့်အမှာစကားပြောကြားပြီး မြို့မရဲတပ်ဖွဲ့စခန်းမှ ခေတ္တစခန်းမှူးဒုရဲမှူး သိန်းစိုးက လူမှောင်ခို၊ လူကုန်ကူးမှုနှင့် အမျိုးသမီးများ အကြမ်းဖက်မှုဖြစ်ပေါ်လာရခြင်း အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဧင်းနောက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးစိုးမြင့်တို့က အကြမ်းဖက်မှုကာကွယ်ရေးနှင့် ဥပဒေပိုင်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ၈၇ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **ကျင်မောင်**

## မြန်မာ–တရုတ် နယ်စပ်မူဆယ်၌ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးခြင်းနှင့် အရေးယူခြင်းများဆောင်ရွက်

**မူဆယ် ဒီဇင်ဘာ ၉**

မြန်မာ-တရုတ် နယ်စပ်မြို့ဖြစ်သော မူဆယ်မြို့အဝင်၌ အမှတ်(၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မူဆယ်)မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် စည်းကမ်းတကျသွားလာစေရန်ရည်ရွယ်၍ ပူးပေါင်းအဖွဲ့စုံဖြင့် ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြန်မာ-တရုတ် ကုန်သွယ်မှုအဓိကမြို့ကြီးဖြစ်သည့် မူဆယ်မြို့၌ နေ့စဉ်ယာဉ်အမျိုးပေါင်းစုံရာချီ၍ မောင်းနှင်သွားလာလျက်ရှိရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နယ်စပ်မြို့ဖြစ်၍ ဘာသာစကားကျွမ်းကျင်သည့် ဝန်ထမ်းများအကူအညီဖြင့် ပညာပေးခဲ့ရကြောင်း၊ ယာဉ်မောင်းသူများကို ပညာပေးခြင်းနှင့် လိုအပ်ပါက စစ်ဆေးအရေးယူခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း အမှတ် (၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ရုံးမှ သိရသည်။

**သီပေါကိုလတ်**



## မြစိမ်းရောင်စီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**သနပ်ပင် ဒီဇင်ဘာ ၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ်ပင်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြစ်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအား ကျေးရွာ ၁၆ ရွာတွင် ယူနစ် ၁၅ ယူနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော ကမာဘာ+ကတုံးတန်းကျေးရွာသို့ ဒီဇင်ဘာ ၆ ရက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများက လုပ်ငန်းလည်ပတ်ဆောင်ရွက်ထားရှိမှုနှင့် စာရင်း၊ ဇယားဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

X'mas & New Year **PROMOTION In YANGON**

# 5BB BROADBAND
Global Technology Company

အကောင်းဆုံးနှင့် အတန်ဆုံး ဖိုင်ဘာ အင်တာနက် | **The Best and Cheapest FTTH Internet**

3 Mbps XS · 9 Mbps S · 14 Mbps M · 22 Mbps L · 40 Mbps XL

| For Home User | | | Initial Fees | Monthly Fees | |
|---|---|---|---|---|---|
| XS | Plan | 3 Mbps | 300,000 ks | 49,500 ks | 6 Months Free |
| S | Plan | 9 Mbps | 300,000 ks | 99,500 ks | 3 Months Free |

| For High Speed User | | | | Monthly Fees |
|---|---|---|---|---|
| M | Plan | 14 Mbps | ~~300,000 ks~~ | 149,500 ks |
| L | Plan | 22 Mbps | ~~300,000 ks~~ | 249,500 ks |
| XL | Plan | 40 Mbps | ~~300,000 ks~~ | 449,500 ks |

Terms and Conditions Apply

**Promotion Period 11st - 22nd December 2017**

- ဈေးအတန်ဆုံး အင်တာနက်
- လိုင်းအကောင်းဆုံးအငြိမ်ဆုံး
- အကန့်အသတ်မရှိ (Unlimited Data Download)
- 24x7 Call Center
- Lifetime warranty for Equipments



**SPEED**
လက်ဆောင်လာပါပြီ။

X'mas & New Year
အထိမ်းအမှတ်အဖြစ်
**SPEED**
အထူးလက်ဆောင်လာပါပြီ....




471, Pyay Road, Kamayut Township, Yangon, Myanmar
Phone : 01524978,0949208223,0949208224 Call Center : 012305425
5BBbroadband
www.5BB.com.mm

နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့်မြန်မာ့ရေးဝန်ကြီးဌာနစာကြီးမှူး၍

MRTV FOREVER GROUP နှင့်ရွှေသံလွင်မီဒီယာ SKY NET တို့မှဂုဏ်ယူစွာတင်ဆက်သည်

December 10, 2017

7:30 P.M., Sunday

People's Park




ဧည့်အဆိုတော် - မြန်မာ့ဂန္ထဝင်အဆိုတော် ဒိုးဒိုးသန့်

ခင်မောင်၊ Rဇာနည်၊ အောင်ထက်၊ Acid၊ ဖြိုးဖြိုးကျော်သိန်း၊ ရာဇာဝင်း၊ ချမ်းချမ်း၊ နီနီခင်ဇော်

ဝင်ကြေး အခမဲ့

Media Partners: mitv, MRTV-4, mntv, Channel7

Diamond Sponsor

Supporting Partners

LIVE www.facebook.com/mrtvwebmediaportal www.facebook.com/peacemusicfestival

LIVE on MRTV 8:30 P.M.

ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရွှေဝေ) ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာကြီးများ ဦးစီးသည်။
(ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကကလ - ၁၃/၁၅/၀၄၂)

# ပညာအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်ဘော်ဒါနှင့် နေ့တက်ဘော်ဒါ

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

Basic Computer Course, Language ... (Physical Education, Musics, Fine Arts, ...)

ကျောင်းတည်နေရာ

Ph : 09-25 222 9990, 09-25 222 9991, 09-25 222 9992

ကျောင်းကားရှိသည်

နိုင်ငံမှူးကြီးဆန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

# ပင်လုံနှင်းဆီ

ကကလ-၁၃/၁၁/၂၂၅

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ

မူလတန်း၊ အလယ်တန်း၊ အထက်တန်း

စည်းကမ်းကောင်းသောကျောင်း၊ သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်။

Ph: 09-2400261, 09448541535, 09-8792106, 09250666874

- ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရှိ (Ph.D, B.Ed, M.Sc, M.A) ဆရာ/မများမှ စာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင် သင်ကြားပေးပါသည်။
- Study- Guide များနှင့်တစ်နေ့စာတစ်နေ့ အပြီးကျက်မှတ်ပေးပါသည်။
- ဂုဏ်ထူးဦးအောင်နိုင် (အင်္ဂလိပ်စာ) နှင့်ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်း ထပ်ဆောင်းသင်ကြားပေးပါသည်။
- တိုင်းနှင့်ပြည်နယ် စာမေးပွဲမေးခွန်းဟောင်းများကို နေ့စဉ်အပတ်စဉ်လစဉ်လေ့ကျင့်ဖြေဆိုစေပါသည်။ တက္ကသိုလ်ဝင်တန်းအတွက်စာမေးပွဲကြီး မေးခွန်းပုံစံ(၅)ကြိမ်လေ့ကျင့်ဖြေဆိုစေပါသည်။
- ခြောက်ဘာသာဂုဏ်ထူးရှင်၊ ငါးဘာသာဂုဏ်ထူးရှင်များနှင့်ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့ပါသည်။ ယခုပွဲတွင်အောင်ချက်ရာခိုင်နှုန်း (၈၂.၃၅) ဖြင့်အောင်မြင်ခဲ့ပါသည်။
- အဆင့်မြင့်ဆိတ်ငြိမ် လုံခြုံ အိပ်ဆောင်များ ကျောင်းသား/ကျောင်းသူသီးသန့်စီ လုံခြုံစိတ်ချရမှုဖြင့် အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
- ကျန်းမာရေးအတွက် အဆောင်တွင်ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။ ချက်ပြုတ်ကျွေးမွေးရာတွင် ဓာတု/ဆိုးဆေးပါသောပစ္စည်းများလုံးဝ (လုံးဝ) မသုံးစွဲပါ။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

# THREE STAR

Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

Split Type Air-con Brand New 1HP

တပ်ဆင်ပြီးဈေးနှုန်း 300000-Ks

(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)

တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ပေါင်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

Victoria Hospital

ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်

HVC

Bulgaria နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်

(အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ အတွင်း) ပြင်ပလူနာများကို ကြည့်ရှုပေးမည်အပြင်

- နှလုံးသွေးကြော စိတ်မှန်ရိုက်ခြင်း (Angiogram)
- နှလုံးသွေးကြောချဲ့ကုသခြင်း (Angioplasty)
- နှလုံးထောက်တိုင် (Stent) ထည့်သွင်းကုသခြင်း
- နှလုံးနှိုးအွက် (Pacemaker) တပ်ဆင်ခြင်း

24/7

အစဉ်ရှိသည့် နှလုံးနှင့် ပတ်သက်သောကုသနည်း အမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လူနာစာရင်းပေးသွင်းလိုပါက

Hunt Line - +95 1 9666141

Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2

နေမကောင်းလျှင် ရွှေမုန်းတိုင်း အမှတ်တံဆိပ်

ချွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ

မြန်မာ့ဆိုင် - အမှတ် (၁၀၂) (၃၈) လမ်းအောက် ရန်ကုန်မြို့ ဖုန်း - ၀၁၂၅၆၀၈၈၊ ၅၃၉၀၄၂၊ ၅၃၉၀၀၃၄

- တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၀၀) ရွှေတံဆိပ်ဒိုင်းဆု၊
- နိုင်ငံတကာ ခေါင်းဆောင်မှု ရွှေဆုဆွတ်ခူးခြင်းပွင့်ဆု (ပဲရစ် - ၂၀၀၀) နှင့် Certificate ရ
- ကမ္ဘာ့အရည်အသွေးမြင့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
- ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၀၃) နှင့် Certificate ရ
- ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၀၄) နှင့် Certificate ရ

ဖိုး-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင် (ဆိုးမယ်) Ph.D (Alternative Medicines)


MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ရွှေစကား
၁မိနစ် ၁၀/-
*234*4#
ရွှေစကားအစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁ မိနစ်လျှင် ၁၀ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

# ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI Level I+II & III တရင်းကိုင် သင်တန်းများ
နံနံပါတ်ယူထားနိုင်ပြီ။ Dec - 16 (Sat) စမည်။

LCCI
(၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎ - 09 -776349905, 978578325, 01-371741, 240824

ရွှေလမ်းညွှန် 09-420087371, 09-259302029
68000
57000
55000
December 15,22,29

ရွှေကြေးစည် ၅ ကျိုက်ထီးရိုး (နေ့စဉ်)
01-240860,01-372290,09-400700373,09262784651,09445566373

NEW GENERATION
Ngapali Beach Tour Package
ကမ်းသာယာ၊ ငပလီ
Family Holiday Package (Ngapali Beach)

PPTT
PGDM
B.Ed
ဧကွ/ဆုပ်
ဒု-စာရင်းမှူး
(Non-Stop)

သင့်နှလုံးကျန်းမာရေး အခြေအနေကောင်းပါသလား
CARDIAC SCREENING PACKAGE | ADVANCE HEART | GOLD HEART | PLATINUM HEART
NORMAL PRICE | 7,350B | 14,050B | 21,400B
PACKAGE PRICE | 4,200B | 7,900B | 12,000B
EJTHANI
zawmaungservices@gmail.com

AYARWADDY LEGEND
TRAVELS & TOURS

✓ ဘန်ကောက် (2N/3D)
16 - 18 Dec 2017
23 - 25 Dec 2017

✓ ဘန်ကောက် - ပတ္တရား (3N/4D)
22 - 25 Dec 2017
28 - 31 Dec 2017

✓ ဘန်ကောက် - ဟွာဟင်း
28 - 31 Dec 2017 (3N/4D)

✓ ပေါင်ကောင် - မကာအို (4N/5D)
20 - 24 Dec 2017

✓ ဆိုင်ဂုံ - မိုနဲ - ဒါလတ်(3N/4D)
17 - 20 Dec 2017
05 - 08 Jan 2018

✓ ဖူးကတ် ( 3N/4D)
16- 19 Dec 2017
22 - 25 Dec 2017
28 - 31 Dec 2017

✓ ချင်းမိုင် - ချင်းရိုင် (3N/4D)
15 - 18 Dec 2017
24 - 27 Dec 2017

✓ ဟနွိုင်း - ဟလောင်း - နင်ဘင်း
16 -20 Dec 2017 (4N/5D)

✓ ရန်ကုန် - တိုင်ပေ - ရန်ကုန်
16 - 21 Dec 2017(5N/6D)

✓ ကိုရီးယား(ဆိုးလ် - ဂျယ်ဂျူး)
25 - 31 Dec 2017(6N/7D)

✓ ကိုရီးယား(ဆိုးလ်)
(4N/5D)
26 - 30 Dec 2017

✓ ဟနွိုင်း - ဟလောင်း
( 3N/4D)
17 - 20 Dec 2017
05 - 08 Jan 2018

✓ ဒေဘိုင်း - ရှန်ဟိုင်း
(6N/7D)
20 - 26 Dec 2017

www.ayarwaddylegend.com

အသက်သည်သွေး သွေးသည်လည်းအသက်



Showroom :
အမှတ် B1-012
Hotline: 09 4555 444 30, 09 4555 444 03

ပြည်တွင်း/ပြည်ပ -အလုပ်အကိုင်ရှာနေသူများ အတွက်
အလွယ်တကူ အလုပ်အကိုင်ရရှိပြီး လစာကောင်းစေဖို့ ...
အခြေခံအင်ဂျင်နီယာသင်တန်း (B.E.C)
လျှပ်စစ်၊ ဇက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း - (၅) မျိုးပါဝင်သည်။
(5)Week ➡ တနင်္လာ မှ စနေနေ့ထိ(အချိန်ပြည့်) အလယ်တန်းနှင့်အထက်(ကျား)
ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း
(နေ့စရိတ်/စားစရိတ်/သွားစရိတ်)- ငြိမ်း + စာတွေ့/လက်တွေ့ကျွမ်းကျင်မှု
အချိန်ပြည့်တစ်လ ➡ ရက်(၃၀)သင်တန်း အလယ်တန်းနှင့်အထက်(ကျား/မ)
ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်ရရှိထားသော
သုခရိပ် + အသက်မွေးပညာသင်တန်းကျောင်း +
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)တိုက်အမှတ်(၅၀၆)။
Ph: (01) 377 343, 377 344. www.tkss.com.mm FB - overseatkss

# GDC Modern Co.,Ltd.
Aluminium window,Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ် စက်ကိရိယာကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ်(၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရ ကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door , Partition များ။
၆။ အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက် တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။







လူကြီးမင်းတို့၏ လိုအပ်ချက်များကို အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ဖြေရှင်းပေးမည့်GDC
- အကောင်းဆုံးအရည်အသွေး၊ လေလွင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသောပုံစံ
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေစွာ တွက်ချက်ကိုက်စေမည့်
Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်- အမှတ်(၂၁၂)၊ ရွှေဂုံတိုင်တာဝါ၊ အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

**Best Digital Bank in Myanmar 2017**

C B BANK




**Best Digital Bank in Myanmar 2017**



မြန်မာနိုင်ငံတွင် **Digital Banking** ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်ခဲ့ခြင်းအတွက် ASIAMONEY မှ **Best Digital Bank** in Myanmar 2017 ဆုအား ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

**CB** Bank
YOUR **DIGITAL** BANK

**Star Zone** Travels & Tours

ဒီဇင်ဘာနှစ်သစ်ကူး ရုံးပိတ်ရက် ပြည်ပအထူးခရီးစဉ်များ

"သက်သာသောဈေးနှုန်းများနှင့် စိတ်ကြိုက်ခရီးထွက်နိုင်ရန် STAR ZONE နှင့် ခရီးသွားကြစို့"

| | | |
|---|---|---|
| ဥရောပ(၃)နိုင်ငံ ခရီးစဉ်(အီတလီ၊ဆွစ်ဇာလန်၊ပြင်သစ်) | ၉ည/၁၀ရက် | 25 DEC -3 JAN 2018 |
| ဟောင်ကောင်–မကာအို ခရီးစဉ် | ၃ည/၄ရက် | 29 DEC -1 JAN 2018 |
| စင်ကာပူ ခရီးစဉ် | ၃ည/၄ရက် | 29 DEC -1 JAN 2018 |
| ဘန်ကောက်–ဖူးခက် ခရီးစဉ် | ၃ည/၄ရက် | 29 DEC -1 JAN 2018 |
| ဘန်ကောက်–ပတ္တယား ခရီးစဉ် | ၃ည/၄ရက် | 29 DEC -1 JAN 2018 |

**Royal Gandamar** Travels & Tours

01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533

**Living Star Travel & Tour**

* ပုပ္ပား(ရွှေဇီးခုံ)-ပုဂံ (၃ည ၄ရက်)Dec-15, 22-29

အထူးနှုန်း 75000/-

09-33886666, 09-795185522

CAR RENTAL

09 25 358 2510
09 515 8803

**GOLDEN LIGHT** Dec-15,22,29,Jan-5,12

09.43197550, 421099405, 252225772

"ခိုင်းစွန်စနှင့်" ကုမ္ပဏီ

01-860 3565 ~7,
09 731 65656
09 250 373716
09 4500 62865

| | | | |
|---|---|---|---|
| ရန်ကင်းမြို့သစ်သာယာဝေ | (50×80) | မြေ | 1sqft 2.6L |
| ဗဟန်းဆိုင်လ်မျိုးဘုံသွား | (40×60) | 2BN | 6500L |
| တ/ဒဂုံမြို့သစ်(R.V)L-ကွက်ခြံ | (11750sqft) | မြေ | 6500L |
| တာမွေကျိုက္ကဆံလမ်း | (20×80) | 2BN | 5500L |
| ရန်ကင်းအောက်ဇော် | (30×80) | 2RC | 4700L |
| ဓနိပုံမင်းနန္ဒာလမ်းမ | (25×55) | မြေ | 4300L |
| သာယာSnow Gardenခြံ | (2650sqft) | မြေ | 3200L |
| ကုန်းဘောင်အိမ်ရာ | (80×80) | မြေ | 1300L |
| ဗဟိုကမ္ဘာလမ်းမ | (80×100) | 2RC | US 4000 |
| Market Place အနီး | (40×120) | 2RC | US 2500 |
| တ/ဥက္ကလာလမ်းမ | (90×70) | 2RC | 65L |
| မရမ်းကုန်းမြို့သစ်လမ်းသွယ် | (170×100) | 1½RC | 35L |
| ဓောင်ဒေယျလမ်းအနီး | (120×200) | မြေ | 35L |
| သာယာဧဝေနဥယျာဉ် | (80×110) | 3RC | 30L |
| သာယာဝတီလမ်းမ | (40×75) | 2½RC | 26L |

**TALENT STAR EDUCATION CENTRE**

**T.S.E.C**

Hotline
09 765 411 979
09 420 033 765
09 250 813 512

English Four skills (Audio Visual Learning)
Basic Computing
Talent Maths Test
Art & Music



# (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဒုတိယဗိုလ်ချုပ်ကြီးမောင်လှ (ငြိမ်း)

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး (ငြိမ်း)

## အသက်(၇၉)နှစ်

(၁၀-၁၂-၂၀၁၂) - (၁၀-၁၂-၂၀၁၇)

ကျေးဇူးရှင်ဖခင်ကြီးကွယ်လွန်ခဲ့သည်မှာ (၅)နှစ်ပြည့်ခဲ့ပြီ ဖြစ်သော်လည်း ဖခင်ကြီး၏ ကြီးမားလှသော မေတ္တာ၊ စေတနာများနှင့် ကျေးဇူးတရားများကို အမြဲသတိရနေပါ၏။

ဖခင်ကြီးအားရည်စူး၍ လှူဒါန်းခဲ့သည့် ကောင်းမှုကုသိုလ်အစုစုတို့အား ဖခင်ကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှ. . . အမျှ . . . အမျှ ပေးဝေပါသည်။ သာဓုခေါ်ဆိုနိုင်ပါစေ။

**ကျေးဇူးတရားများကိုနေ့စဉ်သတိရလျက်**
**ကျန်ရစ်သူ ဇနီးဒေါ်ထားထားရွှေ နှင့် သားသမီးမြေးတစ်စု**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂ ဘီ၊ မြေကွက်အမှတ် ၆၈၊ ဧရိယာ၀. ၄၈၈ ဧက၊ မြေကွက်တည်နေရာအမှတ်-၆၈၊ အင်ကြင်းလမ်းမနှင့်ခတ္တာ ၅လမ်းထောင့်၊ မင်္ဂလာဒုံမြို့နယ် အမည်ပေါက် ဒေါ်ခင်လှမြင့်[၁၂/ လမန(နိုင်) ၁၀၇၈၀၅]ကိုယ်တိုင်မှ သဃ်န်းကျွန်းကြီးကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ပါမစ်ပျောက်ဆုံးကြောင်းလျှောက်ထားမှုအား ထောက်ခံစာ၊ မင်္ဂလာဒုံမြို့မ ရဲစခန်း၏ မြေချပါမစ်မူရင်း ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းထောက်ခံစာ၊ (၃၀-၈-၁၇) ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိ၊ ပါမစ်မိတ္တူတို့ကို တင်ပြ၍ ပါမစ်ပျောက်ဆုံးဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### (၁၄)နှစ်ပြည့်လွမ်းဆွတ်သတိရအမှုပေးဝေခြင်း

(၁၀.၁၂.၂၀၀၃-၁၀.၁၂.၂၀၁၇)

**ဗိုလ်မှူးကျော်ဆန်းဝင်း ကြည်း/၂၁၈၆၆**

B.SC - DSA (31st)

တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း မိသားစု နှင့် ခွဲခွာသွားသည်မှာ အချိန်တွေကြာညောင်းလာသော်လည်း မနေ့တနေ့ကပင်ဟု ထင်မှတ်နေဆဲပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ အမှတ်ရသာဓုခေါ်ဆိုနိုင်ပါစေ ... သည်။

**ပြည့်ဝေသွန်မိသားစု**
ဗိုလ်မှူးချုပ်ပြည့်နံ့(ငြိမ်း)+ဒေါ်အေးပြည့်ဝေခင်
ဦးအောင်နေမျိုးလွင်+ဒေါ်ကလျာပြည့်ဝေသွန်
ဗိုလ်မှူးကျော်စိုးမင်းဦး+ဒေါက်တာဝန်ထွာပြည့်ဝေသွန်
မောင်ပြည့်ဘုန်းကျော်ကျော်၊ မောင်ဝေလျံပြည့်ဘုန်း
မောင်ဟိန်းသတိုးသွန်

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတေဇထွန်း (Director)**
**(Terabit Wave Co.,Ltd)**
**အသက် (၅၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်လမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊ အမှတ် (၁၁)နေ ဦးကျော်တင် + ဒေါ်ခင်တီဦးတို့၏သားကြီး၊ ဒေါက်တာမြတ်ဆုသင်း၊ မောင်စစ်နိုင်တို့၏ ဖခင်၊ ဒေါ်အေးအေးမွန်၏ချစ်လှစွာသောခင်ပွန်းသည် (၇.၁၂.၂၀၁၇)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင့်ဇော် (Project Director)နှင့် ဝန်ထမ်းများ
အောင်မြင်ဆောက်လုပ်ရေးကုမ္ပဏီ
မုံရွာကွန်ပျူတာတက္ကသိုလ်ဆိုင်

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတေဇထွန်း**
**Managing Director (Myanmar Sedate Companies)**
**အသက် (၅၃) နှစ်**

ဦးတေဇထွန်း (Managing Director ,Myanmar Sedate Companies) သည် ၇-၁၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Sedate ဝန်ထမ်းမိသားစုများ**

---

သင့်သွေးဖြင့်
အသက်ကယ်ပါ

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးတေဇထွန်း(ဒါရိုက်တာ)**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ်(၁၁)နေ ဒေါ်အေးအေးမွန်၏ ချစ်လှစွာသောခင်ပွန်း ဦးတေဇထွန်း (ဒါရိုက်တာ)သည် ၇-၁၂-၂၀၁၇ (ကြာသပတေးနေ့) ည ၇ နာရီတွင် ရုတ်တရက် ကွယ်လွန် ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ**
**(Yadanarbon Fibre Services Co.,Ltd.)**

---

### ဝမ်းနည်းကြေကွဲခြင်း

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ၊ ဦးမြင့်ရွှေ၏ မိခင် ဒေါ်အင်ရှုလုံ (ခ)ဒေါ်ကျင်မြ အသက်(၉၉)နှစ်သည် ၄-၁၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိ ရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**
**မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးတေဇထွန်း

# အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁)၊ အင်လမ်း၊ ဆေး/ငြိမ်း ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးကျော်တင့်-ဒေါ်ခင်တီဦးတို့၏ သားကြီး၊ ဒေါ်အေးအေးမွန်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမြတ်ဆုသင်း၊ မောင်စစ်နိုင်တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ ကျွန်တော်များ $A_1$ Garment Company၊ Yadanarbon Fibre Companyနှင့် Terabit Wave Companyတို့၏ တည်ထောင်သူဖခင်ကြီး၊ ဝန်ထမ်းများ၏ ကျေးဇူးရှင်ဆရာဖြစ်သော ဦးတေဇထွန်း၊ အသက်(၅၃)နှစ်သည် ၇-၁၂-၂၀၁၇ ရက် ည ၇ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

$A_1$ Construction Company(မိသားစု)
$A_1$ Garment Company(မိသားစု)
Terabit Wave Company(မိသားစု)
Yadanarbon Fibre Company(မိသားစု)
Com & Com Company(မိသားစု)
YOFC Yadanarbon Fibre Company(မိသားစု)
GNI Myanmar Company(မိသားစု)

# အာရှ-ပစိဖိတ် ဒေသတွင်းဆိုင်ရာ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၉**

အာရှ-ပစိဖိတ် ဒေသတွင်းဆိုင်ရာ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့နံနက် ၉ နာရီခွဲမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ Sky Net Uptodate၊ MNTV နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး MRTV Facebook page မှလည်း Live ဆွေးနွေးပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






တံတားပုံစံငယ်ကို တွေ့ရစဉ်။

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ရွှေကျင်ချောင်းကူးတံတားသစ် စတင်ပြီ

**ရွှေကျင် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)နှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်စေရေးအတွက် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ပဲခူးခရိုင် ရွှေကျင်မြို့နယ် တောင်ငူ-ကျောက်ကြီး-ရွှေကျင်-စစ်တောင်း-မုပ္ပလင်လမ်းပေါ်ရှိ ရွှေကျင်ချောင်းကူးတံတားသစ် စီမံကိန်းကို စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

အဆိုပါ ရွှေကျင်ချောင်းကူးတံတားသစ် စီမံကိန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့-၃ တံတားအထူးအဖွဲ့-၉ က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး တံတားအရှည်မှာ ၅၁၂ ဒသမ ၀၆ မီတာရှည်လျားပြီး ယာဉ်သွားလမ်း ၇ ဒသမ ၃၂ မီတာရှိကာ လူသွားလမ်းတစ်ဖက်လျှင် သုည ဒသမ ၉၁ မီတာစီ ပါရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်မှာ RC ကွန်ကရစ် PR တိုင်ကမ်းကပ်ခုံဖြစ်သည်။ အပေါ်ထည်မှာ သံကူကွန်ကရစ် ရက်မ ၁၈ ဒသမ ၂၉ မီတာ ရှစ်ခန်း၊ ၃၀ ဒသမ ၄၈ မီတာ PC ရက်မ ၁၂ ခန်းနှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့**

# ငြိမ်းချမ်းရေး ဂီတပွဲတော် Grand Final Winner ကို ပရိသတ်များ ကိုယ်တိုင် မဲပေး ရွေးချယ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final ပွဲကြီးကို ဒီဇင်ဘာ ၁၀ ရက် ည ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များကို ပရိသတ်များကိုယ်တိုင် မဲပေး ရွေးချယ်နိုင်ပြီး ပြိုင်ပွဲဝင်များဖြစ်ကြသည့် ဖြူလှ PMF03၊ Sa Paung PMF07၊ ကြူကြူခိုင် PMF09၊ မေသူကျော် PMF10 တို့အား မဲပေးခွင့်ကို တနင်္ဂနွေနေ့ ညနေ ၆ နာရီမှစ၍ ဖွင့်လှစ်ပေးထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အားလုံး သီဆိုပြီးချိန်အထိ မဲပေးခွင့်ရှိနေမည်ဖြစ်ပြီး မဲပေးရာတွင် ပရိသတ်များ ကိုင်ဆောင်သည့် ဖုန်း Operator အလိုက် MPT ဖြစ်ပါက ၇၆၇၆၊ Telenor ဖြစ်ပါက ၆၆၀၀၊ Ooredoo ဖြစ်ပါက ၆၀၃၁ ကုတ်နံပါတ်များသို့ ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲဝင်နံပါတ်များကို အမှားအယွင်းမရှိ ပေးပို့နိုင်သည်။ SMS တစ်စောင်လျှင် ငွေကျပ် ၁၀ သာ ကျသင့်မည်ဖြစ်ပြီး ယခု Grand Final ပွဲကြီးအတွက် Sim Card တစ်ခုလျှင် SMS Vote ၁၀ ခုအထိ တိုးမြှင့်ပေးပို့နိုင်ရန် ပြင်ဆင်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**






မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဒီဇင်ဘာ ၁၀၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

မင်းကို(မြောက်ဦး)

# တိမ်လို လေလို ပုတ်သင်ညိုလို



**အခန်း(၁)**

သူ့ကို ကိုလသာဟု ခေါ်သည်။ သူသည် ကျွန်တော်တို့ မြို့ခံသားတော့ မဟုတ်။ နယ်ရွာလေးတစ်ရွာက တက်လာတာဟု ဆိုသည်။ ကျွန်တော်တို့မြို့တွင် သူ့ကို ဆံပင်ညှပ်ဆရာအဖြစ် သိထားကြသည်။

ကိုလသာက အတွေးအခေါ် ကောင်းသည်။ အလုပ်ကြိုးစားသည်။ အစားကောင်းကောင်းစားသည်။ စကားကို အချက်ကျကျ ပြောတတ်သည်။ သူ့ဆိုင်ကို လာသူတိုင်း သူ့စကားများတွင် နစ်မြောသွားတတ်ကြသည်။

ယခုလည်း ကိုလသာသည် ဆံပင်လာညှပ်သူတွေကို ဆံပင်ညှပ်ပေးနေရင်းက "ခေတ်ကြီးက မကောင်းတော့ လူတွေလည်း ယောင်သုံးဆယ်တွေ ဖြစ်ကုန်ပြီ"

အရင်းမရှိ အဖျားမရှိ ပြောချလာသော စကားကြောင့် ဖတ်လက်စ ဂျာနယ်ကို ချကာ ကျွန်တော် မေးလိုက်သည်။

"ဘာလဲဗျာ ကိုလသာ. . . ဘာကို ဆိုလိုတာလဲ"

"ဒီလို စာရေးဆရာရဲ့"

ကိုလသာက စကားမဆက်သေးဘဲ ဆံပင်ညှပ်ပေးနေရင်းက ကျွန်တော့်မျက်နှာကို တစ်ချက်လှည့်ကြည့်သည်။

"လူဦးရေ ထူထပ်လာတော့ အပြိုင်အဆိုင်တွေ ပေါလာတယ်လေ. . . ခေတ်ကြီးကလည်း အပြောင်းအလဲ မြန်လွန်းတော့ တစ်ခုခုကို စလုပ်မယ်ကြံလိုက်တာနဲ့ အဲဒီအလုပ်က လူတွေလုပ်ပြီးသား. . . ဒါမှမဟုတ် လူတွေ နေရာရပြီးသား အလုပ်တွေဖြစ်နေတော့ ဘယ်အလုပ်လုပ်ရင် အဆင်ပြေမလဲတွေးပြီး ဟိုယောင်ယောင် ဒီယောင်ယောင် ယောင်သုံးဆယ်တွေ ဖြစ်ကုန်တာကို ပြောတာပါ"

ထုံးစံအတိုင်း သူ့စကားကို ကျွန်တော် စဉ်းစားနေတုန်းမှာပင် ကိုလသာ စကားပြန်ဆက်သည်။

"စာရေးဆရာလို လူမျိုးတွေတော့ ခြွင်းချက်ပေါ့. . . ကိုယ်ဝါသနာပါတဲ့ အလုပ်ပဲ ဇောက်ချ လုပ်တတ်တဲ့လူမျိုး"

ကိုယ့်ကိုယ်ကိုယ် မြှောက်ကြွကြွဖြစ်မသွားအောင် အတော်ပင် ထိန်းလိုက်ရသည်။ မချိသွားဖြဲ ကိုယ့်ဝမ်းနာ ကိုယ်သာ သိနေသည်ပဲ။

"အေးဗျာ. . . တကယ်တော့လည်း ကိုယ်ဝါသနာပါတဲ့ အလုပ်ကို သေသေချာချာ ဇောက်ချလုပ်မယ်ဆိုရင် ဘယ်လောက်ပဲ အပြိုင်အဆိုင်တွေပေါပါစေ. . . ထိုက်သင့်တဲ့ အောင်မြင်မှုတော့ ရလာမှာပဲ မဟုတ်ဘူးလား စာရေးဆရာ" ကိုလသာစကားကို ငြင်းချက်ထုတ်ရန် ကျွန်တော့်မှာ ဆန္ဒမရှိ။

"ကျွန်တော်က ဒီဆံပင်ညှပ်တဲ့ အလုပ်ကို ငယ်ငယ်ကတည်းက ဝါသနာပါတာ စာရေးဆရာ. . နောက်ပြီးတော့ ဒီအလုပ်ကို အနုပညာတစ်ခုလို့ သတ်မှတ်ထားတယ်. . . ဘယ်သူနဲ့ဆို ဘယ်လိုပုံစံနဲ့ လိုက်မယ်. . . ဘယ်သူနဲ့ဆို ဘယ်လို ပုံစံမျိုး မလိုက်ဘူးလို့ သေသေချာချာ အကဲခတ်ပြီးမှ အသေးစိတ်ကို ပြင်ဆင်ပေးတာ. . . ကိုယ်ညှပ်ပေးလိုက်တဲ့ ပုံစံကို သူတို့ သဘောကျသွားရင် ကိုယ်လည်း ပီတိဖြစ်တာပေါ့" ဒါလည်း ဟုတ်နေပြန်သည်။ ကိုလသာလောက် ဆံပင်လာညှပ်သူတွေအား သူတို့ စိတ်တိုင်းကျသည်အထိ စိတ်ရှည်လက်ရှည် ပြုပြင်ပေးသူကို ကျွန်တော် မတွေ့ဖူး။ ထို့ကြောင့်လည်း ကျွန်တော်တို့မြို့ငယ်လေးတွင် ကိုလသာ၏ ဆံပင်ညှပ်ဆိုင်လေး နာမည်ကြီးနေခြင်း ဖြစ်တန်ရာသည်။ ဆံပင်ညှပ်ပညာနှင့် ပတ်သက်၍ ကိုလသာကို ကျွန်တော်တို့မြို့က လူတွေတော်တော် လေးစားကြသည်ဟုဆိုလျှင် မသိသူတွေက ပေါက်ပေါက်ရှာရှာ ဆံပင်ညှပ်တတ်တာများ လေးစားစရာလားဟု ပြောကြလိမ့်မည် ထင်သည်။ ဟုတ်သည်။ အခြားလူတွေက ကိုလသာ အောင်မြင်နေသည်ကို အားကျ၍ ဤအနီးအနားတွင် ဆံပင်ညှပ်ဆိုင် လာဖွင့်ကြပါသည်။ သို့သော် ကိုလသာ၏အစွမ်းအစကို မရိုက်ချိုးနိုင်ကြ။ ကိုလသာကို မမီနိုင်ကြ။ ဆက်ဆံရေးကောင်းသော၊ စိတ်ရှည်သော ကိုလသာဆိုင်၌ ဆံပင်ညှပ်ဈေးတက်သွားသော်ငြား ဖောက်သည်တွေ တရုန်းရုန်းဖြင့် မပြတ်စည်ကားနေမြဲ။

**အခန်း(၂)**

ကျွန်တော့်ဦးနှောက်ကို အစွမ်းကုန် ညှပ်ထုတ်လိုက်သော်လည်း သင့်တော်မည့် အဖြေထွက်မလာ။ စရွှေ့တုန်းက ယုံကြည်မှုအပြည့်နှင့် ရွှေ့လာပြီးမှ ကြာလာလေလေ ရွှေ့မည့်အကွက် ခက်ခဲလေလေ ဖြစ်လာသည်။

"ဘယ်လိုလဲ စာရေးဆရာ. . . ဘယ်လို ဆက်လုပ်မှာလဲ. . . အရှုံးပေးမည်ဆိုလည်း စောစောစီးစီး အရှုံးပေးလိုက်နော်. . . လက်ဖက်ရည် တစ်ခွက်နဲ့ ကွမ်းတစ်ရာ ဖိုးပါပဲ" ကိုကံမောင်၏ မခိုးမခန့် စကားကြောင့် ကျွန်တော် နည်းနည်းတော့ အောင့်သက်သက် ခံစားလိုက်ရသည်။ စိတ်တိုတိုနှင့် ထင်ရာ တစ်ကွက်ကို ဇွတ်တိုးရွှေ့လိုက်မည် ပြင်လိုက်စဉ်

"နေဦးဗျာ စာရေးဆရာ" နောက်မှ စိတ်ဝင်တစား ရပ်ကြည့်နေသော ကိုလသာက တားလာသည်။ ထို့နောက် ကိုကံမောင်ဘက်သို့ လှည့်ကာ "ကိုကံမောင်ရေ တစ်မျိုးတော့ မထင်ပါနဲ့ဗျ. . . ဒီအခြေအနေနဲ့ ခင်ဗျားကို ကျွန်တော်နိုင်အောင် ကစားပြနိုင်တယ်လို့ပြောရင် ခင်ဗျား လက်ခံနိုင်မလား" အသေအချာနိုင်ပြီဟု အပိုင်တွက်ထားသော ကိုကံမောင်က "လုပ်လေဗျာ. . . ဒီအခြေအနေနဲ့ ကျွန်တော့်ကိုနိုင်ရင် ခင်ဗျားတို့ နှစ်ယောက်စလုံးကို လက်ဖက်ရည် အဝတိုက်မယ်" ကိုလသာ ဝင်ထိုင်ရန် ကျွန်တော်နေရာ ဖယ်ပေးလိုက်သည်။

သူတို့နှစ်ဦး အပြန်အလှန် လေးငါးကွက် ရွှေ့လိုက်ကြသည်နှင့် ကိုလသာ၏ တစ်ကောင်ကျွေး သုံးကောင်စားကြောင်လိမ်ကွက်အစွမ်းကို ကိုကံမောင် ခံလိုက်ရသည်။

"ခင်ဗျား သုံးတဲ့အကွက်က သုံးနေကျအကွက်လည်း မဟုတ်ပါလား ကိုလသာ" ကိုလသာ အသာအယာပြုံးသည်။ "ကျားကစားတဲ့နေရာမှာ သုံးနေကျအကွက်တစ်မျိုးတည်းနဲ့ သွားနေမယ်ဆိုရင် အဆင်မပြေဘူးဗျ. . . လိုအပ်ရင် လိုအပ်သလို အကွက်တွေ ပြောင်းလဲကစားပေးရမှာပေ့ါ" ဟုတ်သည်။ ကိုလသာက ဤသို့သော လူမျိုးဖြစ်သည်။

**အခန်း(၃)**

ကိုလသာ၏ ဆံပင်ညှပ်ဆိုင်လေး တံခါးပိတ်ထား၍ ကျွန်တော် အံ့ဩသွားသည်။ ထို့ကြောင့် ဆိုင်ခန်းပိုင်ရှင်ကို မေးကြည့်တော့ "ဆိုင်ခန်းကိုတော့ အပြီးအပိုင် အပ်သွားတာ တစ်ပတ်လောက်ရှိပြီဗျာ. . . ငှားနေတဲ့ အိမ်ကိုလည်း အိမ်လခအကျေပေးပြီး ထွက်သွားပြီတဲ့၊ ဘယ်သွားမယ်ဆိုတာလည်း ပြောမသွားဘူး. . . ဒီလောက် အောင်မြင်နေတဲ့အလုပ်ကိုစွန့်ပြီး ဘယ်များထွက်သွားလဲ မသိပါဘူးဗျာ" ကျွန်တော်လည်း အတွေးရ ကျပ်သည်ပင်။ ဤမျှအောင်မြင်နေသော အလုပ်ကို စွန့်၍ ကိုလသာ ဘယ်များထွက်သွားပါလဲ။ ရင်းနှီးသော မိတ်ဆွေများကိုပင် အကျိုးအကြောင်းပြောမသွားဘဲ ဘာကြောင့် တိတ်တဆိတ် ပျောက်ကွယ်သွားသလဲ။

ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။ ဟုတ်သည်။ ကျွန်တော်တို့ မြို့လေးသို့ တိမ်လို ရုတ်တရက် ရောက်လာသော ကိုလသာသည် တိမ်လိုပင် ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။

**အခန်း(၄)**

စာရေးသက် နည်းနည်းရလာတော့ စိတ်ကြည်လင်စေရန် နံနက်တိုင်း လမ်းလျှောက်ထွက်ဖြစ်သည်။ ယခုလည်း လတ်ဆတ်သော လေပြည်ကို ရှူရှိုက်ရင်း ပတ်ဝန်းကျင်သဘာဝအလှကို ခံစားလာသည်မို့

"ပွမ် ပွမ်" ဟူ၍ နောက်မှ ကားဟွန်းတီးသံကြားမှ အလန့်တကြား လှည့်ကြည့်ဖြစ်သည်။ ကားတစ်စီး ကျွန်တော့်အနားမှ ပွတ်ကာသီကာလေး ကျော်တက်သွားသည်။ ကားပေါ်မှလူက ကားရပ်ကာ လည်ပြန်ခေါင်းပြူထွက်ကြည့်လာသည်။

"ဟေ့လူ ခင်ဗျား တော်တော်သေချင်နေ. . ."

ကားပေါ်မှလူ စကားဆုံးအောင် မပြောနိုင်လိုက်။ ပါးစပ်အဟောင်းသား ပွင့်သွားလျက် တပ်ထားသော မျက်မှန်ကို ရုတ်တရက် ချွတ်လိုက်သည်။

"စာရေးဆရာ" "ဟင် ကိုလသာ" နှစ်ဦးစလုံး ပြိုင်တူခေါ်မိလိုက်ကြသည်။ ဟုတ်သည်၊ ကိုလသာ။ ကျွန်တော့်ဘဝစာမျက်နှာမှ အတန်ကြာ ပျောက်ကွယ်သွားခဲ့သော ကိုလသာ။ ကိုလသာ ကားပေါ်မှ ဆင်းလာသည်။

"ဒီမြို့ကို ပြန်ရောက်လာကတည်းက ခင်ဗျားကို ကျွန်တော် လိုက်ရှာနေတာ စာရေးဆရာရဲ့. . . ကိုကံမောင်တို့နဲ့တောင် ကျွန်တော်တွေ့လိုက်ပြီ. . . ကိုကံမောင်က ခင်ဗျားဖုန်းနံပါတ်ကိုလည်း မသိဘူးတဲ့. . . တွေ့မယ် တွေ့တော့လည်း အရေးတကြီး ပြန်ရတော့မယ့် အချိန်ကျမှပါပဲလားဗျာ" နှစ်ဦးသား တစ်ဦးလက်ကိုတစ်ဦး ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိကြသည်။

"ကားအကောင်းစားကြီးစီးလို့ တို့ဆရာ ကိုလသာ တော်တော်လေး အဆင်ပြေနေပါလား" ကိုလသာ ဟက်ဟက်ပက်ပက်ရယ်သည်။ ထို့နောက် "အရောင်ပြောင်းလိုက်တာလေ စာရေးဆရာရေ၊ စာရေးဆရာ သိတဲ့အတိုင်းပဲလေ. . . ဘယ်လောက်ပဲ ဝါသနာပါပါ ဆံပင်ညှပ်တဲ့ အလုပ်က ရေရှည်မှာကြီးပွားနိုင်တာမှ မဟုတ်တာ" ကျွန်တော် ကိုလသာမျက်နှာကို တအံ့တဩ ကြည့်လိုက်မိသည်။

"ဟုတ်တယ် စာရေးဆရာ ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပဲ. . . ရန်ကုန်မှာ ကြီးပွားနေတဲ့ ကျွန်တော့်ဦးလေးက သူ့ဆီလာခဲ့ပါလို့ခေါ်လို့ ကျွန်တော်လိုက်သွားခဲ့တယ်လေ. . . သူပေးတဲ့ အကူအညီရယ် ကျွန်တော့်မှာ စုထားတဲ့ အရင်းအနှီးရယ် စုပေါင်းပြီး စားသောက်ဆိုင်လေး တစ်ဆိုင် စဖွင့်လိုက်တာ. . . အခုဆိုရင် ရန်ကုန်မှာ ခေတ်သစ်ကမ္ဘာ KTV ဆိုပြီး တော်တော်နာမည်ကြီးနေပြီ စာရေးဆရာ" ကျွန်တော် ဘာမှပြန်မပြောမိသေး။

"စာရေးဆရာရော စာတွေရေးလို့ အဆင်ပြေရဲ့လား၊ အဲလေ ခေတ်လည်းပြောင်းသွားတော့ စာရေးဆရာ အလုပ်လည်း တွက်ခြေမကိုက်တော့ပါဘူးဗျာ၊ တိုးတက်နေတဲ့ ခေတ်မှာ ရသစာပေထက် သတင်းအချက်ကိုပဲ ဦးစားပေးလာကြတာကို" ကျွန်တော်ကိုလသာကို မမြင်ဖူးသောလူတစ်ဦးလို အတန်ကြာ စိုက်ကြည့်နေပြီးမှ ပြောချလိုက်သည်။

"ခင်ဗျား တကယ်ပြောင်းလဲသွားပြီ ကိုလသာ" ကိုလသာ နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။ "ဘဝဆိုတာ တိုတိုလေးပါ စာရေးဆရာ. . . ခဏနေရတဲ့ ဘဝတိုတိုလေးမှာ တိုးတက်တဲ့ခေတ်နဲ့အညီ နေမသွားနိုင်ရင် ရလာတဲ့ဘဝ ဘာထူးမှာလဲဗျာ. . . အခြေအနေ အချိန်အခါအလိုက် ဘဝကျားကွက်မှာ အနိုင်ယူဖို့ ကျွန်တော်တို့ ကစားကွက်တွေကို ပြောင်းသင့်ရင်လည်း ပြောင်းရလိမ့်မယ် စာရေးဆရာ" ကျွန်တော်ဘာမှ ပြန်မပြောမိ။ တစ်ချိန်တုန်းက ကိုလသာ၏ လသာဆိုင်လေးကို ပြန်လွမ်းမိသလိုလို။

"ကဲ စာရေးဆရာရေ. . . စာရေးဆရာနဲ့ စကားတွေ ပြောချင်ပေမယ့် မရတော့ဘူးဗျာ. . . အလုပ်တွေ အရေးကြီးနေလို့ သွားရတော့မယ်. . အရေးအကြောင်း အကူအညီလိုရင် ကျွန်တော့်ဖုန်းနံပါတ်ကို အချိန်မရွေး ဆက်သွယ်လိုက်ပါ စာရေးဆရာ" ပြောပြောဆိုဆို ကိုလသာသည် ကျွန်တော့်ကို သူ့ဘောင်းဘီအိတ်ကပ်ထဲမှ ရွှေရောင်လိပ်စာကတ်လေးတစ်ခုကို ထုတ်ပေးကာ ကားပေါ်သို့ နှုတ်ဆက်လက်ပြ တက်သွားလေသည်။

**အခန်း(၅)**

ခြံထဲဝင်လိုက်သည်နှင့် အိမ်ရှေ့တွင် အဝတ်လျှော်နေသော ကျွန်တော့်မိန်းမကို တွေ့လိုက်ရသည်။ ယိုင်နဲ့ဆွေးမြည့်နေသော ဝရန်တာပေါ်တွင်မူ သားငယ်လေး စာဖတ်နေသည်။

ခြံဝတွင် ခေတ္တရပ်ကာ ကျွန်တော့်မိန်းမကို ကျွန်တော် ငေးကြည့်နေမိသည်။ ကျွန်တော်နှင့်အတူ ဆိုးတူကောင်းဖက် လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်ဖြတ်သန်းလာသော မိန်းမကိုလည်း တစ်ခါတစ်ခါ သနားမိသည်။ကျွန်တော့်ယုံကြည်မှုအတွက် ပါရမီဖြည့်လျက် မည်သည့်အခါမှ ညည်းညူသည်ကို မကြားဖူးခဲ့။ အဆင်မပြေတိုင်း စိတ်ဓာတ်ကျတတ်သော ကျွန်တော့်ကိုပင် အားပေးနှစ်သိမ့်တတ်သူ။ ကျွန်တော့်မိန်းမကိုလည်း ထိုက်တန်သော ဘဝတစ်ခုကို ကျွန်တော် ပေးချင်သည်။သားလေးကိုလည်း အများတကာ ကလေးများထဲ မျက်နှာမငယ်ရလေအောင် ထားချင်သည်။ သက်ပြင်းတစ်ချက် လေးတွဲစွာချလိုက်သည်။ ကျွန်တော်လည်း အရောင်များ ပြောင်းသင့်ပြီလား။

"ဟော၊ အဖေလာပြီ" ကျွန်တော့်ကို မြင်သည်နှင့် သားငယ်လေးက ဝမ်းသာအားရထအော်သည်။ အဝတ်လျှော်နေသော ကျွန်တော့်မိန်းမကလည်း ထလာလျက် "ကို့ကို ဝမ်းသာစရာ တစ်ခုပြောမလို့ စောင့်နေတာ"

"ဘာများလေ ဖြူ . . . ပြောလေ"

"ကိုက အပြင်ကို ဖုန်းမှယူမသွားတာ. . . စောစောတုန်းက မြန်မာ့အသံက ဖုန်းဆက်လာတယ်. . ကို့ရဲ့ ဒီအပတ်ကြေးမုံမှာပါတဲ့ ဝတ္ထုတိုလေးကို ရေဒီယိုဇာတ်လမ်းတိုလေးအဖြစ် အသံလွှင့်မလို့တဲ့"

စာဖတ်နေသော သားလေးကလည်း "ဟုတ်တယ် အဖေရာ. . . အဲဒီဝတ္ထုကို သားတို့ဆရာမ ဒီနေ့ပြောပြတယ်. . . အဲဒီဝတ္ထု သားအဖေရေးတာလို့ ဆရာမကို သားပြောပြလိုက်တယ်"

ကျွန်တော့်ရင်ထဲ လှိုက်ခနဲ ခံစားလိုက်ရသည်။ မျက်ရည်များပင် ဝဲချင်သွားသည်။ ကျွန်တော့်မိန်းမနှင့် ကျွန်တော့်သားဆီမှာ ကျွန်တော့်ဘဝ၏အလင်းရောင်များကို မြင်တွေ့လိုက်၍ပင်။

ဟုတ်သည်။ ဘဝတစ်ခု အဆင်ပြေဖို့ လှုပြီးသား ကိုယ့်သမိုင်းနှင့် အိပ်မက်ကို စတေးရစတမ်းဆိုလျှင် ကျွန်တော် ပုတ်သင်ညိုတစ်ကောင်တော့ မဖြစ်ချင်ပါ။

တစ်ချိန်က ကိုလသာ၏ ခံယူချက် အတွေးအခေါ်များကို ကျွန်တော်ယခုထိ လေးစားနေမြဲပင်။ သို့သော် ယခု အရောင်ပြောင်းသွားသော ကိုလသာ၏ အတွေးခံယူချက်များကိုတော့ . . . ။

အင်္ကျီအိတ်ကပ်ထဲထည့်လာသော ကိုလသာပေးလိုက်သည့်လိပ်စာကတ်လေးကို ထုတ်ယူလိုက်သည်။ ထိုစဉ် လိပ်စာကတ်လေးသည် ကျွန်တော့်လက်ထဲမှ ချော်ထွက်သွားကာ အိမ်ရှေ့မြောင်းငယ်လေးထဲသို့ ကျသွားသည်။ မြောင်းငယ်ထဲတွင် ရေနှင့်ရွှံ့လူးသွားလျက် သန့်ရှင်းလှပသော ရွှေရောင်လိပ်စာကတ်လေး ညစ်ပတ်သွားသည်ကို ကျွန်တော်သေသေချာချာ တွေ့လိုက်ရသည်။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# ထရံနောက်က စံပယ်ရုံ

ကောင်းသက်ကျော်

ရန်ကုန်-မန္တလေး လမ်းဟောင်းတစ်နေရာကကြည့်ရင် လက်ယာဘက် မန်ကျည်းပင်အိုကြီးတွေ၊ ကုက္ကိုပင်ကြီးတွေရှိတဲ့ ပြာညို့ညို့ အုံ့အုံ့မှိုင်းမှိုင်းနဲ့ ရွာတစ်ရွာကိုလှမ်းမြင်ရပါသည်။ လမ်းမကြီးအပေါ်ကနေ ထိုရွာအထိ လမ်းလျှောက်ရင်တော့ မိနစ်သုံးဆယ်ခန့် သွားရမည်။ ရန်ကုန်ကနေ ၅ နာရီနီးပါး ကားစီးလာရတော့ စိတ်လည်းပင်ပန်းလှသည်။ ကိုယ်လည်း နွမ်းလျသလိုဖြစ်နေမိသည်။ အိမ်ကိုဖုန်းဆက်ပြီး လာကြိုရန်ပြောဖို့ ဖုန်းကိုဖွင့်လိုက်တော့ ဘက်ထရီအားက ကုန်နေပြန်သည်။ ကျောပိုးအိတ်ကိုလွယ်ကာ ဖြည်းဖြည်းချင်းလမ်းဆက်လျှောက်လာခဲ့သည်။

ရှေ့က စပါးခင်းတွေကို မြင်တွေ့ရပြန်တော့ အစိမ်းရောင်ကွင်းပြင်ကြီးထဲကို ရောက်သွားသလို ခံစားရသည်။ စပါးခင်းတွေပေါ်က ဖြတ်သန်းတိုက်ခတ်လာတဲ့ လေအေးနုကိုအားပါးတရ ရှူရှိုက်လိုက်တော့ စိတ်ရောကိုယ်ပါ လန်းဆန်းသွားသည်။ ရွာထဲကနေ လွင့်ပျံ့လာတဲ့ မင်္ဂလာတေးသံသဲ့သဲ့ကိုလည်း ကြားနေရပါပြီ။ လာခေါ်ဖို့ ဖုန်းမဆက်ဖြစ်တော့ဘဲ ကိုယ့်ဘာသာ လမ်းလျှောက်သွားတာ အေးအေးလူလူရှိလှသည်မို့ ဆက်လျှောက်ဖြစ်ခဲ့သည်။

ဟိုး ရှေ့မလှမ်းမကမ်းမှာ ရွာအဝင်ဆိုင်းဘုတ်ကိုလှမ်းမြင်နေရပြီ။ ရွာထဲကိုဝင်ရင်တော့ တံတားနှစ်စင်းကိုဖြတ်ဘယ်ကွေ့ပြီးရင် ညာကွေ့။ ဒါဆိုရင်တော့ အိမ်ကိုတည့်တည့်မတ်မတ် ရောက်ပါပြီ။ တွေ့ရသည်ကအိမ်ရှေ့မှာ ခမ်းနားလှတဲ့ မဏ္ဍပ်ကြီးပင်ဖြစ်ပါသည်။ အဖေ -အဖေရောဘယ်လိုနေမလဲ။ ဒီအကြောင်းတွေးရင်းနဲ့ပင် စိတ်ပူနေမိပြန်သည်။ ရွာလမ်းကိုဝင်ဝင်ချင်းပဲ ဘိသိက်ဆရာရဲ့ ဟောပြောသံကို လော်စပီကာမှတစ်ဆင့် သဲသဲကွဲကွဲကြားနေရပါသည်။

အိမ်ရောက်တော့ ကျွန်တော် အဖေ့ကိုအရင်လိုက်ရှာမိသည်။ အမေကတော့ ဧည့်သည်တွေနဲ့ စကားပြောနေသည်မို့ အေးအေးလူလူ ရှိပုံပေါ်ပါသည်။ ကျွန်တော် အဖေ့ကိုမတွေ့ရ။ အဖေဘယ်နားမှာပါလိမ့်။ အိမ်အပေါ်ထပ်က လူတွေကြားထဲကို လှေကားထစ်ပေါ်ကနေ ဝေ့ဝိုက်ရှာကြည့်သော်လည်း အဖေ့ကိုမတွေ့ရပေ။ အဖေရယ် အဖေ့စိတ်ကို ကျွန်တော်အသိဆုံးမို့ အဖေတစ်ခုခုဖြစ်သွားမှာ ကျွန်တော် အလွန်စိုးရိမ်မိပါသည်။ စိတ်တွေထူပူပြီး ဦးနှောက်ထဲမှာ အဖေ့ကိုပဲစွဲနေသည်။

"အဖေ့"

"ဟဲ့ ငါ့မြင်ပြီး ဘာလို့လန့်နေတာလဲ၊

လှေကားပေါ်မှာ ဟိုကြည့်ဒီကြည့်နဲ့ ဘာရပ်လုပ်နေတာတုန်း အိမ်ပေါ်တက်မှာဆိုလည်း တက်လေကွယ်"

လှေကားပေါ်ကနေ နောက်ကိုအလှည့် အိမ်အောက်ထပ်ကနေတက်လာတဲ့ တောင်ဘက်တစ်အိမ်ကျော်က ဒေါ်အောင်ကြည်ကိုမြင်တော့ ကျွန်တော် လန့်ဖျပ်ကာ အဖေ့နာမည်အော်ခေါ်မိတော့သည်။

"မတက်တော့ဘူး အောက်ထပ်မှာ ကျောပိုးအိတ်တွေထားခဲ့ပြီးပြီ၊ အိမ်ပေါ်မှာလူတွေနဲ့"

"မင်္ဂလာဆောင်အိမ် လူတွေတော့ ရှိမှာပေါ့ကွဲ့လာပါ၊ ရန်ကုန်က ပြန်ရောက်တာ အိမ်ပေါ်ကဆွေမျိုးတွေကိုမျက်နှာအရင်ပြလိုက်ပါဦး"

"ကျွန်တော်ဒီမှာအေးဆေးနေပြီးမှ ပြန်မှာပါ၊ ပြီးမှပဲတွေ့တော့မယ် အဖေ့ကိုမတွေ့မိပါလား"

ကျွန်တော့်မေးခွန်းကြောင့် ဒေါ်အောင်ကြည်မှာ မျက်နှာနီမြန်းသွားသည်။

"အဖေ ဘယ်မှာလဲသိလား"

"မင်းအဖေ မင်္ဂလာပွဲပြီးပြီးချင်း ထွက်သွားတာပဲ ရွာတောင်ဘက်ကထန်းတောထဲ"

ကျွန်တော် စကားဆုံးအောင် နားမထောင်နိုင်တော့ဘဲ အိမ်ပေါ်ကပြေးဆင်းလာခဲ့သည်။

ပြေးသာပြေးရတာ။ ခေါင်းအပေါ်တည့်တည့်က နေရဲ့အရှိန်ခပ်ပြင်းပြင်းနဲ့ သဲပူတောထဲမှာ ဖိနပ်ကမပါလာမှန်းအခုမှ သတိမူမိတော့သည်။ ဒီလောက်ပွက်ပွက်ဆူအောင်ပူလောင်နေတဲ့ နေမွန်းတည့်အချိန်ကြီးမှာ အဖေမူးနေပြီလား။ အဖေရယ်. . အဖေ့ကိုထပ်မသောက်အောင် တားမှဖြစ်မည်။ ကျွန်တော့်ခြေထောက်တွေပေါ့ပြီး ခြေလှမ်းတိုင်းဟာပို၍ ပို၍ သွက်လာသည်။ အဖေ့ကို အရက်မသောက်ဖို့ အခုချိန်မှာ ကျွန်တော်ပဲတားနိုင်မှာ မဟုတ်လား။

ညီလေးကိုနှမြောတဲ့အဖေ။ ညီလေးမင်္ဂလာဆောင်တာနဲ့ ဒီလောက်အထိ စိတ်ထိခိုက်လိမ့်မယ်လို့ ကျွန်တော်မတွေးမိခဲ့။ ဟုတ်လည်းဟုတ်ပါပေသည်။ ကျွန်တော်ဆိုကျောင်းပြီးတဲ့အထိ နှစ်နှစ်လောက် အလုပ်ရှာရခက်ခဲလို့ အဖေ့သူငယ်ချင်းအကူအညီနဲ့ ရန်ကုန်ကိုအလုပ်လုပ်ထွက်ခဲ့သည်။ အဲဒီတုန်းက အဖေကျွန်တော့်ကို စိတ်မချလို့ဆိုပြီး ရန်ကုန်အဆောင်အထိလိုက်ပို့ပြီးနေတာ တစ်လမကဘူး။ ဒါကိုကျွန်တော်ဘယ်မေ့ပါ့မလဲ။ အခုထိအမှတ်ရနေဆဲ။ အမှန်ကစိတ်မချတာမဟုတ်။ ကျွန်တော့်ကိုအဖေမခွဲနိုင်တာ။ ကျွန်တော်သိတာပေါ့ အဖေရယ်။ အခုလည်းညီလေးပေါ့။ အဖေက ညီလေးကို အင်ဂျင်နီယာကြီးဖြစ်စေချင်ခဲ့တာ။ ဉာဏ်ကောင်းတဲ့ညီလေးက စားလည်းတော် ဂရုစိုက်ပြီးကြိုးစားရှာတယ်။ ဆယ်တန်းအောင်တော့ အဖေဖြစ်စေချင်တဲ့ အင်ဂျင်နီယာလိုင်းကိုတက်ဖို့ အမှတ်မီခဲ့တယ်လေ။ ဒါဟာအဖေ့ရဲ့ ပျော်ရွှင်မှုတွေထဲက တစ်ခုပေါ့။

အဖေဟာပိုက်ဆံကို ကျစ်ကျစ်လျစ်လျစ် စုဆောင်းတတ်တယ်။ ငွေကြေးနဲ့ပတ်သက်ရင် စနစ်ကျတယ်။ အဖေရှာသမျှပိုက်ဆံတွေဟာ တောရွာမှာဆိုတောသူဌေးပါပဲ။ ကျွန်တော် ဘီအေဘွဲ့သာရခဲ့တယ်။ အဝေးသင်ကျောင်းတက်ခဲ့တဲ့တစ်လျှောက် အဖေကပိုက်ဆံကို ဘယ်တော့မှ တောင်းသလောက်မပေးခဲ့။ အလိုဘက်ကပဲပေးခဲ့တာ။

ညီလေးကျောင်းတက်တော့ ဘယ်လောက်ကုန်ကုန် ရှိသမျှပိုက်ဆံကိုအလိုမရှိ အဖေထုတ်ပေးသည်။ ညီလေးကအဖေဖြစ်စေချင်တဲ့ အင်ဂျင်နီယာတက်နေတာကိုး။ ဒါကိုလည်း အဖေ့ရင်မှာ ပီတိတွေဖြာနေသည်။ ညီအစ်ကိုနှစ်ယောက်ထဲမို့ အမေကလည်းချစ် အဖေကလည်းချစ်။

အမေကကျွန်တော်တို့အတွက် အကျီဝယ်ပေးရင် အမြဲတမ်းတစ်ယောက်တစ်ထည်စီ။ ဆွဲကြိုး၊ လက်စွပ်ဘာလုပ်လုပ် တစ်ယောက်တစ်ခုစီ။ တစ်ယောက်မှမပို။

အဖေကတော့ ညီလေးအတွက်အစစအရာရာပိုသည်။ အဖေပျော်နေတာလေ။ ပြီးတော့ ကိုယ်ကအကြီးပဲ။ ကျွန်တော်တစ်ခါမှ သဝန်တိုစိတ်မဖြစ်။ အဖေပျော်ရင် မိသားစုစိတ်ချမ်းသာရတာပဲလို့ ဖြည့်တွေးခဲ့သည်။ ညီလေး B Tech ဒုတိယနှစ်တက်တော့ ဆိုင်ကယ်ဝယ်ခိုင်းသည်။ ကျွန်တော်ကျောင်းပြီးလို့ ဝယ်ထားတုန်းကဆိုင်ကယ် အိမ်မှာရှိနေသည်။ ကျွန်တော်တစ်ခါတလေပြန်လာမှ ရက်ပိုင်းလောက်သာစီးဖြစ်ပါသည်။ ညီလေးကကျောင်းမှာသူ့သူငယ်ချင်းတွေနဲ့တန်းတူ FZ ဆိုင်ကယ်ဝယ်ပေးပါဆိုတော့ အဖေဟာမဆိုင်းမတွဘဲ ချက်ချင်းနေပြည်တော်ကို အပြေးသွားဝယ်ပေးသည်။ အမေကတော့ အဖေလုပ်သမျှ ဘာမှဝင်ပြောလေ့သိပ်မရှိပေမယ့် အလိုလိုက်တဲ့စိတ်တွေလွန်ကဲရင် အဖေ့ကိုတားတာမျိုးတော့ရှိသည်။

ညီလေး ဘီအီးနောက်ဆုံးနှစ် တက်ခါနီးမှာအဖေ့ကိုကားဝယ်ပေးဖို့ပူဆာတော့သည်။ အဖေကအမေ့ကိုဘာမှမပြောမဆို မတိုင်ပင်ပါဘဲရွာထဲက မိတ်ဆွေတွေဆီမှာ အငှားပေးထားတဲ့ နွားဆယ်ကောင်ကိုရောင်းပြီး လက်ထဲရှိတဲ့ပိုက်ဆံနဲ့ ကားဝယ်ပေးဖို့ ပြင်တော့သည်။ အမေကအချိန်မီသိလို့ ဇွတ်အတင်းတားဆီးရသည်။ အဖေကပြောသေးသည်။

"သားငယ်က အခုတစ်နှစ်တက်ပြီး အင်ဂျင်နီယာကြီးဖြစ်တော့မှာ၊ ကားဝယ်ပြီး ငါတို့မိသားစုတွေ ဘုရားဖူးလိုက်ပို့ခိုင်းမှာပေါ့၊ ပြီးတော့ သားကြီးဆီကိုလည်းမကြာခဏသွားရတာပေါ့"တဲ့။ ဒီတစ်ခါတော့ အဖေဘယ်လိုပြောပြော ညီလေးအတွက် ကားဝယ်ဖို့ပြင်ထားတဲ့ သိန်းရာကျော်ပိုက်ဆံတွေ အမေသိမ်းဆည်းထားလိုက်သည်။ ကျောင်းပြီးမှ ဝယ်ဖို့ ဖျောင်းဖျပြောဆိုတော့ ညီလေးလည်း သဘောတူပါသည်။

နောက်ဆုံးနှစ် ပထမပတ်ဖြေအပြီး ကျောင်းပိတ်ရက်မှာ ညီလေးအိမ်ပြန်မလာတော့ အဖေနဲ့ အမေစိတ်ပူရပြန်သည်။ ရန်ကုန်မှာရှိတဲ့ကျွန်တော့်ဆီ ဖုန်းတွေခဏခဏဆက်တော့သည်။ အဖေကတော့ အမေကားဝယ်မပေးလို့ဟုဆိုသည်။

နောက်ဆုံးတော့ ညီလေးကျွန်တော့်ဆီ ဖုန်းဆက်လာသည်။

အစ်ကိုကြီး ကျွန်တော်မိန်းမယူတော့မယ်ဗျာတဲ့။ ကျွန်တော် မယုံနိုင်အောင် အံ့ဩမှင်တက်သွားပါသည်။ ကျောင်းတော့ ပြီးအောင်ဖြေပါဦးကွာလို့ ပြောတော့ အခုယူမှရမယ်ပဲ ပြောနေတော့သည်။ ကျွန်တော်လည်း ဘာမှ မတတ်နိုင်တော့ဘဲ အဖေနဲ့သာ ပြောခိုင်းရတော့သည်။

ကျွန်တော်အဖေ့မျက်နှာကို အထပ်ထပ်မြင်ယောင်ပြီး သနားနေမိသည်။ အမေ့ကိုလည်းသနား ကျွန်တော်လည်း မခံချိမခံသာ ဖြစ်ရပါသည်။ အခုမှ ကျောင်းတောင်မပြီးသေးဘူး ။ အသက်က ၁၉ နှစ်ပဲရှိသေးတာမဟုတ်လား။ ကျောင်းပြီးအောင်စောင့်လို့ မရဘူးလားမေးတော့ ကောင်မလေးက ကိုယ်ဝန် ငါးလရှိနေပြီလို့ဆိုသည်။ အမေ့ပါးပြင်ပေါ်မှာမျက်ရည်တွေ ဒလဟောစီးဆင်းလာသည်။ အမေကြမ်းပြင်ပေါ် လှိမ့်လှိမ့်ပြီးငိုသည်ဆိုတော့ ကျွန်တော်ပါ စိတ်မကောင်းဖြစ်ရသည်မှာ ရင်ကွဲမတတ်။ အဖေကတော့ မိုက်လိုက်တဲ့သား ပညာကိုဆုံးခန်းတိုင်အောင်မသင်ရသေးဘူးဆိုပြီး ဓားကိုင်လိုက်၊ လှံကိုင်လိုက်တွေ့ရင် သတ်မယ် ဖြတ်မယ် အကြိမ်ကြိမ်။ အဖေယူကျုံးမရဖြစ်ရပြီ။ အဖေ့မျှော်လင့်ချက်တွေ သဲထဲကိုရေသွန်သလို အဖေတစ်ယောက် ညီလေးအတွက်နဲ့ ရူးများသွားဦးမလား။ ညီလေးကိုသိပ်ချစ်ပြီး သိပ်အလိုလိုက်တဲ့အဖေ့ကို ကျွန်တော်ပို၍ စိတ်ပူမိပါသည်။

တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။ သားသမီးတွေဘယ်လောက်ဆိုးဆိုး ဘယ်မိဘက ပစ်ရိုးထုံးစံရှိမှာလဲ။ ဘယ်နည်းနဲ့ဖြစ်ဖြစ် မိန်းကလေးဘက်ကို ငဲ့ညှာရတာမို့ မင်္ဂလာပွဲအမြန်ကျင်းပဖို့ စီစဉ်ရတော့သည်။ လူကြီးသူမတွေက ဝိုင်းဝန်းပြောဆိုဆွေးနွေး ညှိနှိုင်းကြတော့ မပြေတဲ့အဆင်ကို ပြေအောင်ညှိပြီး ကကြိုးဆင်ရတော့သည်။

နောက်ဆုံးတော့လည်း အခုလို မိဘဝတ္တရားအရ မြန်မာ့နည်း မြန်မာ့ဟန် ထုံးတမ်းစဉ်လာနဲ့ ဘိသိက်မြှောက်မင်္ဂလာပွဲကြီးကျင်းပပေးလိုက်တော့ အနည်းငယ်စိတ်သက်သာရာ ရသွားခဲ့သည်ဆိုပေမယ့် ကျွန်တော်က အဖေ့အတွက် ရတက်မအေး ဖြစ်ရပြန်သည်။

ဟော ဟိုယာတဲထဲမှာအဖေ့ကိုတွေ့ပြီ။ ခပ်ကျဲကျဲသက်ငယ်မိုးတွေရဲ့အောက် နေရောင်ပြောက်တွေကြားမှာ ပက်လက်လဲလျောင်းနေသောအဖေ့ကို ကျွန်တော်တွေ့ပါပြီ။

"အဖေ အဖေ"

ပြန့်ကျဲနေတဲ့ အရက်ဘူးခွံတွေ၊ ထန်းရည်အိုးတွေကြားထဲကအဖေ့ကို ခပ်မြန်မြန် ပွေ့ထူလိုက်သည်။ အရက်နဲ့ထန်းရည်ရောပြီး သောက်ထားဟန် တူသည်။ ပါးစပ်မှလည်း အမြှုပ်တွေတစီစီနဲ့ အရက်နံ့ကလည်း အလွန်အကျံထွက်နေသည်။ အဖေလို့ခေါ်လည်းမရ။ ဘာလို့ဒီလောက်ထိ သောက်ရတာလဲအဖေရယ်။ အတူတူလာတဲ့လူတွေက အဖေ့ကိုတားမရလို့ ထားခဲ့တာဖြစ်မည်။ အဖေ့ လက်ထဲကကျလာတဲ့ စာရွက်လိပ်ကို ဖြန့်ကြည့်လိုက်တော့။

အဖေ့သားငယ်အတွက်ကားတစ်စီး အဖေ့ရဲ့လက်ဖွဲ့တဲ့။

ကျွန်တော် စိတ်ရှိလက်ရှိအော်ငိုပစ်လိုက်သည်။

" အဖေရယ်၊ အဖေ့ အဖေ့" သတိလေးထားပါဦး သားပြန်ရောက်လာပါပြီအဖေရဲ့။

အဖေ့ဆီက ညည်းညူသံကိုကြားရတော့ အဖေ့ကိုပွေ့ထူပြီး ကျွန်တော့်ကျောကုန်းပေါ် မနိုင့်တနိုင် ပွေ့တင်လိုက်သည်။ ဆေးရုံအမြန်ရောက်ဖို့အတွက် အဖေ့ကိုထမ်းရင်း ခြေထောက်တွေ ခွေမကျအောင်၊ ခြေလှမ်းတွေမယိုင်လဲအောင် သဲပူပြင်ကိုဖြတ်ပြီး မရပ်မနား ကျွန်တော်ပြေးနေမိသည်။ အဖေသတိရပါတော့ဗျာ။

အဖေဟာလေ သားတို့ရေချိုးတဲ့အခါ ရေကန်နားမှာကာထားတဲ့ ဝါးထရံကြီးရဲ့နောက်က ဖြူစင်ပြီးမွှေးကြိုင်ခြင့်၊ ဆွတ်ခူးခွင့်တွေပေးနေတဲ့ စံပယ်ပန်းရုံကြီးလိုပါလားအဖေရယ်။ အဖေကသားတို့အတွက် ကြီးမားတဲ့ကရုဏာရှင်ကြီးပါ။ ။

## စကားနိမိတ် ခေတ်ပုံရိပ်

ကြာကြာဝါးမှ ခါးမှန်းသိ
ကျီးလန့်စာစား ဆိုရိုးရှိ။
ငှက်မသိတော့ ဆက်ရက်ချိုးထင်
ခွေးအိုကြီးမှ လက်ပေးသင်။
အသွင်မတူ အိမ်သူမဖြစ်
ကြောက်ရင်တော့လွဲ ရဲမင်းဖြစ်။
ရလေလိုလေ အိုတစ္ဆေ
ကျေးဇူးရှိမှ ကျေးစွပ်ပေ။
သေကံမရောက် သက်မပျောက်
တောစကားက တောမှာပျောက်။
အရောဝင်တော့ ရိုသေတန်
မိအေးနှစ်ခါ နာရပြန်။
အိုးကောင်းရရန် နာနာရိုက်
အနူလက်နဲ့ ရွှေခွက်နှိုက်။ ။
နောင်ရိုး(ကန့်ဘလူ)

## ဒီဇင်ဘာ နံနက်ခင်း

တေးဆိုငှက်တို့ မြူးလို့လာ
နှင်းမြိုင်ကြားမှာ ပျော်လို့ပါ။
လေပြည်သင်းသင်း ဒီဇင်ဘာ
ဆောင်းခိုငှက်တို့ နယ်သစ်ရှာ။
မြောက်ပြန်လေညင်း တသုန်သုန်
နှင်းသံဖြောက်ဖြောက် သံသာလှ။
ချမ်းအေးလှတဲ့ နံနက်ခင်း
လမ်းလျှောက်ကြစို့ သူငယ်ချင်း။ ။
မြလေးခင်(ရွှေမြိုင်)

## စာအုပ်တန်း

သားသားမီးမီး တူပျော်ပျော်
စာအုပ်လမ်းသို့ သွားစို့နော်
လမ်းမထက်မှာ လူမစဲ
စာအုပ်ရောင်းတဲ့ပွဲ။
လမ်းဘေးဝဲယာ ရှုချင်စရာ
သုတ ရသ ပဒေသာ
အမှားအမှန်ကို လှစ်လို့ပေး
စာအုပ် ကမ္ဘာလေး။
တန်ဖိုးဖြတ်လို့ မရနိုင်တာ
စာပေပေးတဲ့ အသိပညာ
မြန်မာပြည်ကြီး တိုးတက်ဖို့
စာဖတ်ကြပါစို့။ ။
ဝေးမောင်(TUမုံရွာ)

ဝတ္ထုတို

# နှစ်ကူးမှာ သိတဲ့ မျက်ရည်

■ ခင်မောင်မျိုးထက်



ကန်ရေပြင် ပြာလဲ့လဲ့ရဲ့ ကမ်းနဖူးဘေး ကျွန်တော်နဲ့ ညီညီ နှစ်ယောက်ထဲ အအေးထိုင်သောက်နေတဲ့အချိန်။

ညီညီ တစ်ယောက် တစ်ခုခုကို တွေးနေသလား၊ ဆွေးနေသလားဆိုတာ ကျွန်တော်ဝေခွဲမရဖြစ်မိတယ်။

"ဒီသင်္ကြန် မင်းဘာလုပ်မယ် စဉ်းစားထားလဲ" တိတ်ဆိတ်နေတဲ့ ညီညီကို ကျွန်တော်စကား စလိုက်တော့. . .။

"ဟူး. . ."

သက်ပြင်းရှည်ကြီး တစ်ခုကို ညီညီ အားစိုက်ရင်းမှုတ်ထုတ်လိုက်တယ်။

"အဖေနဲ့အမေ တို့က ဒီသင်္ကြန်မှာ ငါ့ကို ရဟန်းခံပေးမလို့တဲ့ကွ . . . အဲတာကြောင့် ငါ စိတ်ညစ်နေတာ"

မှိုင်ဝေနေတဲ့ မျက်နှာထားလေးနဲ့ပြောလာတဲ့ ညီညီကို ကျွန်တော်နားမလည်စွာ ကြည့်လိုက်မိတယ်။

"ညီညီရယ်. . . သာသနာ့ဘောင်ထဲ ဝင်တယ်ဆိုတာ ကောင်းတဲ့အလုပ်ပဲဟာ. . . ဘာစိတ်ညစ်စရာရှိလဲ. . . အခုလို နှစ်ကူးအချိန်မျိုးမှာလုပ်တာ ပိုတောင်ကောင်း. . ."

"အေး. . . ဒီလိုအချိန်မျိုးမှာ လုပ်လို့ကို စိတ်ညစ်နေတာကွ . . . မင်း စဉ်းစားကြည့်ကွာ၊ တစ်နှစ်မှာ ၃၆၅ ရက် တောင်ရှိတာ. . . အခု ဒီသင်္ကြန် ငါးရက်ကိုတောင် သူများပျော်တဲ့အချိန် ငါကမပျော်ရဘူး . . . ကျန်တဲ့ တခြားရက်တွေလုပ်ပါလား. . . အခုတော့ကွာ. . . တောက်"

တောက် တစ်ချက်တောင်ခေါက်လို့ ညီညီက ဒေါသတကြီး အားနဲ့မာန်နဲ့ ဖြတ်ပြောလိုက်လေရဲ့။

"ညီညီရယ်. . ."

"တော်ပြီ. . . ကောင်းမြတ်ရေ. . . မင်းဟောမယ့် တရားတွေနာဖို့ ငါ့မှာ အချိန်မရှိဘူးကွ. . . ငါ ကေသီနဲ့ နေရာကောင်းတစ်နေရာသွားဖို့ ချိန်းထားသေးတယ် . . ."

"ဟော့ရောင် ပေါက်ကရမလုပ်လာနဲ့နော်. . ."

"ဟဲဟဲ. . . နည်းနည်းပါကွာ. . . ကဲ. . . ဒိုးပြီ"

ကျွန်တော့်စကားတောင် မဆုံးလိုက်။ ညီညီတစ်ယောက် ရေးကြီးသုတ်ပျာနဲ့ လစ်ထွက်သွားပါလေရော။

❖

"နောက်ကျလိုက်တာ သားရယ်. . . ဘယ်တွေ လျှောက်သွားနေတာလဲ . . . ဒီလိုအချိန်မျိုးမှာ သား အသွားအလာတွေ ဆင်ခြင်သင့်ပြီနော်"

"မေမေကလည်း. . . သား အရင်ကတည်းက ဒီအချိန်ပြန်လာနေကျပဲဟာ . . . ည ၁၀ နာရီဆိုတာ လမ်းပြင်ထွက်ကြည့်လိုက်ပါဦးမေမေရယ် . . . နေ့ခင်းအတိုင်းပဲ . . . စည်ကားလွန်းလို့"

"ဒီရက်ပိုင်းအတွင်း သားပဉ္စင်းခံဖို့ရှိလို့ မေမေက ဆင်ခြင်ခိုင်းတာပါ သားရယ်"

"တော်ပြီ မေမေရာ. . . တစ်ခါလာလည်း ဒီပဉ္စင်းခံဖို့ နှစ်ခါလာလည်း ဒီရဟန်းခံဖို့ အဲတာတွေကြောင့် ဒီအိမ်မှာ မနေချင်တာ"

ညီညီတစ်ယောက် သူ့အမေကို ခွန်းတုံ့မခံပြန်ပက်ပြီး ဆောင့်အီးအောင့်အီးနဲ့ အိမ်ပေါ်ကို တက်သွားတယ်။

မနက်ခင်းက လင်းထိန်လို့။ မြို့ပြရဲ့ မနက်ခင်းမို့ သွားလာနေသူ အလုပ်သမားမျိုးစုံ အလွှာအသီးသီး အဆင့်အတန်းအမျိုးမျိုးက လူတွေရဲ့လှုပ်ရှားသံကြောင့် ဆူညံလေ့ရှိတယ်။

ဒါပေမယ့် ညီညီတို့အိမ်က ဆိတ်ငြိမ်ရပ်ကွက်မှာရှိလို့ မနက်ခင်းက ခြောက်ကပ်တိတ်ဆိတ်မြဲ။

"မိန်းမရေ. . . သားလေးနိုးပြီးလား. . ."

"အိပ်နေတုန်းထင်တယ် ကိုရေ. . . ညကလည်း အိမ်ပြန်နောက်ကျတယ်ဆိုတော့ . . ."

ဒေါ်ထားမေစကားတောင်မဆုံးလိုက်။

ညီညီတစ်ယောက် ပြင်ပြီးဆင်ပြီးလို့ ကျော့ကျော့မော့မော့လေး ထွက်လာတယ်။

"ဟ အစောကြီးနိုးလို့ပါလား. . . သားရဲ့"

ဦးမင်းမောင်က မကြုံစဖူး အကြုံထူးမို့ စကားစလိုက်တယ်။

"သား သွားစရာရှိလို့ပါ ဖေဖေ"

"ခဏလေးနေပါဦး သားရယ်. . . ဖေဖေလေ သားရဟန်းခံဖို့ကိစ္စနဲ့ ပတ်သက်ပြီး ပြောစရာလေးရှိလို့"

"အချိန်တွေ အများကြီးကျန်ပါသေးတယ် ဖေဖေရယ်၊ နောက်မှအေးဆေးပေါ့၊ အခုသားနောက်ကျနေပြီ သွားတော့မယ်နော် ဖေဖေ၊ မေမေရေ. . . သား သွားပြီနော်. . ."

"အေး. . . အေး. . . ကောင်းကောင်းသွားနော် သား. . ."

ဒေါ်ထားမေရဲ့စကားကို အသိအမှတ်ပြုတဲ့အနေနဲ့ ညီညီ ညာလက်ကို မြှောက်ပြလိုက်တယ်။ ဦးမင်းမောင်မှာတော့ ပြောချင်တာတွေမပြောခဲ့ရလို့ စိတ်မကောင်းစွာ ကျန်နေခဲ့တော့တာပေါ့။

"မိန်းမရေ. . . ကို သားလေး ရဟန်းခံဖို့ လိုအပ်တာလေးတွေ ဆရာတော်နဲ့သွားတိုင်ပင်လိုက်ဦးမယ် . . ."

"ဟုတ်ပါပြီ ကိုရယ်. . . ကားကိုရော ဖြည်းဖြည်းမောင်းသွားဦးနော်. . ."

"အေးပါကွာ. . ."

ဦးမင်းမောင်လည်း ညီညီနဲ့ ရှေ့ဆင့်နောက်ဆင့် အိမ်ကထွက်လာလိုက်တယ်။ အိမ်မှာကျန်ခဲ့တာက ဒေါ်ထားမေ တစ်ယောက်ထဲ။

❖

"ဒီ သင်္ကြန်မှာ မောင် ရဟန်းခံရမယ်ဆို"

"ကေသီ့ကို ဘယ်သူပြောတာလဲ"

"ကေသီမေးတာပဲဖြေ. . . ဟုတ်လား. . . မဟုတ်ဘူးလား. . ."

"မောင့်ဖေဖေနဲ့ မေမေတော့ အတင်းစီစဉ်နေကြတာ"

"မောင်ဒီသင်္ကြန်မှာမရှိရင် ကေသီတို့ရဲ့ အစီအစဉ်တွေ အကုန်ပျက်ကုန်မှာနော်"

"မောင် သိပါတယ် ကေသီရယ်. . . မောင်လည်း ရဟန်းမခံရအောင် ဘယ်လိုလုပ်ရမှန်း မသိသေးဘူး. . ."

ညီညီ့စကားဆုံးတာနဲ့ ဖုန်းတစ်ခုဝင်လာတယ်။

ညီညီလည်း ဘယ်သူလဲလို့ကြည့်လိုက်တော့ "အဖေ" တဲ့။

ညီညီ ကိုင်လိုက်တော့လည်း သူ့အဖေဆီမှ ဘာအသံမှမကြား။

"ဟဲလို. . . ဖေဖေ. . . ပြောလေ. . . ဟဲလို. . ."

ဦးမင်းမောင်ဆီက ဘာအသံမှမကြားတော့ ညီညီ ဖုန်းပြန်ချလိုက်တယ်။

"မောင့်. . . ဖေဖေလား. . ."

ကေ့သီအမေးကို ညီညီ ခေါင်းတစ်ချက်ညိတ်ပြလိုက်တယ်။

"မောင့်ကို ဘာပြောတာလဲ"

"ဘာမှမဟုတ်ပါဘူး ကေသီရယ်၊ ဒီအတိုင်းပဲ ဆက်ကြည့်တာနေမှာ"

ခဏကြာတော့ ညီညီဖုန်းထပ်ဝင်လာပြန်တယ်။

ကြည့်လိုက်ပြန်တော့လည်း "ဖေဖေ"တဲ့။

"ဟာ. . . . မဟုတ်သေးပါဘူး၊ သူများချစ်သူတွေ ကြည်နူးရမယ့်အချိန်ဆို ဒီဖုန်းကိုက လာပဲလာနိုင်လွန်းတယ်"

ညီညီ စိတ်မရှည်တော့ဘဲ ဖုန်းကိုစက်ပါ တစ်ခါထဲ ပိတ်ချလိုက်တယ်။

❖

နာရီလက်တံတို့က အချိန်အတိုင်းအတာတစ်ခုကို ကျော်လွန်ခဲ့ပြီ။

ညီညီအိမ်ရောက်တော့ တစ်အိမ်လုံးက တိတ်ဆိတ်လျက်။

"မေမေရေ. . . မေမေ. . . ဖေဖေရေ. . . ဟာ. . . နှစ်ယောက်လုံး ဘယ်တွေသွားနေကြပါလိမ့်" အကျယ်ကြီး အော်ခေါ်ပြီးမှ ညီညီ စဉ်းစားခန်းဝင်နေမိတယ်။

"ညီညီရေ. . . ညီညီ. . . မင်းအဖေ. . . ဦးမင်းမောင် ကားအက်ဆီးဒန့်ဖြစ်လို့ အခုဆေးရုံတင်ထားရတယ်. . . မြန်မြန်လိုက်သွားတော့"

အရှေ့အိမ်က ဦးသာအောင်လာပြောတော့ ညီညီ ဘာမှစဉ်းစားမနေတော့ဘဲ အလျင်စလို ကားပေါ်တက်. . . ဆေးရုံကို အဒုန်းအဆိုင်း မောင်းတော့တယ်။

ကားမောင်းနေရင်း ပိတ်ထားသော. . . ဖုန်းလေးကို ပြန်ဖွင့်လိုက်တော့ အဖေခေါ်ထားတဲ့ ဖုန်းတွေရော အမေခေါ်ထားတာတွေရော miss call တွေက မြောက်မြားစွာ။

ညီညီတစ်ယောက် ကားမောင်းနေရင်း မျက်ဝန်းထဲမှ မျက်ရည်တွေ ပါးပြင်ကို ဖြတ်သန်းစီးဆင်းလာတော့တယ်။

"ဖေဖေဘာမှ မဖြစ်ပါစေနဲ့ . . . ဖေဖေ အန္တရာယ်ကင်းပါစေ"

ပါးစပ်ကလည်း တတွတ်တွတ်ရွတ်. . . မေတ္တာတွေ အဆက်မပြတ် ပို့ပေးနေတော့တယ်။

ဆေးရုံရောက်တော့ ဦးမင်းမောင်ကို ခွဲစိတ်ခန်းအတွင်း ကုသနေကြပြီ။ ဒေါ်ထားမေလည်း မျက်ရည်တွေ စို့ရွှဲလို့။

မကြာပါ. . . ဆရာဝန်ကြီး ထွက်လာတော့ မျက်နှာကမကောင်း။ လူနာရှင်တွေကိုတွေ့တာနဲ့ ခေါင်းခါပြလိုက်တော့ ဒေါ်ထားမေ ချုံးပွဲချငိုတော့တယ်။

"မဖြစ်ဘူး. . . ဖေဖေ. . . လုံးဝမဖြစ်ရဘူး. . ."

ညီညီ ခံစားပေါက်ကွဲနေတာမှ မကြာသေး ဒေါ်ထားမေ မေ့လဲတော့တယ်။

နဂိုကတည်းကမှ နှလုံးရောဂါအခံရှိတဲ့ ဒေါ်ထားမေ။ အခုတော့. . .။

ဒေါ်ထားမေတစ်ယောက် ဦးမင်းမောင်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားလေပြီ။

ညီညီ့ခမျာ. . . ဘာဆိုဘာမှမသိတော့တဲ့ ကလေးလေးတစ်ယောက်လို။

တစ်ခါတလေတော့လည်း အသံကြီးနဲ့ အော်ငိုတယ်။ ဒါပေမယ့် မျက်ရည်ကကျပါများလို့ မထွက်တော့။

"သူငယ်ချင်း. . . ညီညီ. . . စိတ်ထိန်းပါကွာ" ကလွဲ၍ ကျွန်တော်လည်း မပြောတတ်တော့။

ဆရာဝန်တွေကလည်း ညီညီ့ကိုအားပေးရှာပါတယ်။

ညီညီ့အဖြစ်ကလည်း နာရီပိုင်းလေးအတွင်း မိဘမဲ့ဖြစ်ခဲ့ရလေပြီ။

"ကိုယ်ချင်းစာပါတယ် သူငယ်ချင်းရယ်. . . ငါလည်း မင်းနေရာမှာဆို မင်းလိုပဲ ခံစားရမှာပါ"နှုတ်ကမပြောပေမယ့် ကျွန်တော့်ရင်ထဲကနေ. . . သူ့ကိုပြောနေပါတယ်။

သူ့လက်ကိုလည်း တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်တယ်။

❖

ကျွန်တော်ရယ်. . . ကေသီရယ်. . . ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ ညီညီ့အိမ်နားက အိမ်နီးချင်းတွေ ဝိုင်းဝန်းပြီး ညီညီ့အဖေနဲ့အမေအတွက် အသုဘကိစ္စ၊ အလှူကိစ္စ ဆောင်ရွက်ပေးခဲ့ကြတယ်။

ညီညီကတော့ တမှိုင်မှိုင်တထွေထွေ တငိုငို တရယ်ရယ်နဲ့ပေါ့။

မဟာသင်္ကြန် အကြိုနေ့. . .

ကျွန်တော်နဲ့ကေသီ ညီညီ့အိမ်သို့ ဂျစ်ကားလေးနဲ့ ထွက်လာလိုက်တယ်။

အကြိုနေ့ဆိုပေမယ့် ရပ်ကွက်ထဲက ကလေးတွေက ရေပက်နေကြလို့ ကျွန်တော်ရော ကေသီပါ စို့ရွှဲကုန်ပါပြီ။

ညီညီ့အိမ်ရှေ့ရောက်တော့ ကျွန်တော်တို့ကို ကြိုနေတာက တံခါးပိတ်ထားသော အိမ်နဲ့ခြံ။

ညီညီ့ဆီ ဖုန်းဆက်တော့လည်း ဖုန်းစက်ပိတ်ထားတယ်။

နောက်တော့မှ ဖုန်းကိုသေချာကြည့်မိတော့ လွန်ခဲ့တဲ့ နှစ်ရက်ကတည်းက ညီညီပို့ထားတဲ့ မက်ဆေ့ခ်ျလေး တွေ့လိုက်တယ်။

"နောက်ဆုံးအနေနဲ့ ငါ့ကိုတွေ့ချင်ရင် . . . . . ကို လိုက်ခဲ့ပါ နောက်မကျစေနဲ့"

ကျွန်တော်နဲ့ကေသီလည်း ညီညီရှိတဲ့နေရာကို ကားအမြန်မောင်းလာတော့တယ်။

ကေသီရော ကျွန်တော်ပါ ညီညီ့ကို တွေ့ချင်နေပါပြီ။ အထူးသဖြင့် ကေသီ. . . ညီညီ့အတွက် ပြောစရာစကားတွေ အများကြီးယူဆောင်လာတယ်လေ။

ကျွန်တော်တို့ရောက်ပါပြီ။ တောင်ကုန်းတစ်ခုပေါ်က စေတီကလေး. . . ဘေးမှာက ကျောင်းသင်္ခမ်းတွေ ထင်တယ်။ ရဟန်းသံဃာတွေကိုလည်း တွေ့ရတယ်။

ညီညီဒီမှာ ဘာလုပ်နေပါလိမ့်။ တွေ့ချင်ဇောနဲ့ အနီးဆုံးက ကိုယ်တော်ကိုမေးလိုက်တယ်။

"သြော်၊ ရှိတယ်. . . ရှိတယ်. . . ဟိုးမှာ လေ. . ."

ဦးပဉ္စင်းရဲ့ လက်ညှိုးညွှန်ရာကြည့်လိုက်တော့ . . . ဦးခေါင်းတော်စိမ်းစိမ်း ဆင်မြန်းထားသည်က အနီရောင်သင်္ကန်း။ အို. . . အလွန်ကျေနပ်သိက္ခာနဲ့ သပ္ပာယ်လှတဲ့ ကိုယ်တော်လေးတစ်ပါး။ စေတီနားမှာ တင်ပျဉ်ခွေလေး ထိုင်ပြီး တရားရှုမှတ်နေတယ်။

သြော်. . . ညီညီ. . . ပြောင်းလဲသွားလိုက်တာ။ မွန်မြတ်လှပါပေ့ သူငယ်ချင်းရယ်။ ကေသီကတော့ မျက်ရည်လေးတွေ ရစ်ဝဲလို့ပေါ့။ ငြိမ်းချမ်းနေတဲ့ ကိုယ်တော့်ဘဝလေးထဲကို ကိလေသာ အပူမီးတွေတော့ မပေးလိုက်ချင်တာအမှန်ပါ။

❖

နှစ်တွေတော့ တစ်နှစ်ပြီးတစ်နှစ် ကူးသွားတယ်။ သင်္ကြန်တွေလည်း တစ်ကြိမ်ပြီးတစ်ကြိမ် ကုန်သွားတယ်။ ကျွန်တော်လည်း အိမ်ထောင်သည်ဘဝကို ရောက်ခဲ့ပြီ။ ကျွန်တော်လက်ထပ်ခဲ့တဲ့သူက အဖေခေါ်စရာမရှိရင် ခက်မယ့် ညီညီ့ရင်သွေးကိုလွယ်ထားတဲ့ ကေသီ့ကိုပါ။

အခုဆို သားလေးတောင် နှစ်နှစ်ပြည့်တော့မယ်။ ကေသီလည်း လှလို့ဝလို့။

သြော်. . . ညီညီရယ်. . . မင်းကို သတိရလိုက်တာ. . .။ ကျွန်တော့်နေရာမှာ ညီညီဆို ညီညီရော ကေသီရော အလွန်ပျော်ရွှင်နေရမှာ။ အခုတော့. . .။

နှစ်ကူးလေတိုင်း မျက်ရည်ဝိုင်းရသည်က ကေသီနဲ့ ကျွန်တော် ။

လောကကြီးမှာ အဖြစ်အပျက်တွေ အများကြီး ပြောင်းလဲသွားပေမယ့် ကိုယ်တော်လေးတစ်ပါးကတော့ သာသနာ့ဘောင်မှာ ငြိမ်းချမ်းလျက်။ ကိုယ်တော်လေးသာ နှစ်သစ်တွေမှာ ဘဝစစ်တွေနဲ့ အေးချမ်းနိုင်ပါစေလို့ ကျွန်တော်အမြဲ ဆုတောင်းမေတ္တာပို့နေခဲ့တော့တယ်။

❖

ရှေ့ပြေး
အထူးကဏ္ဍ

ဆောင်းပါး

# စာကြည့်တိုက်များကို အခြေတည်၍

လွမ်းရိပ်ဝေ( TU-မုံရွာ)
BE-Civil

တိုက်ဟုဆိုသည်နှင့် ကြီးကျယ်ခမ်းနားတန်ဖိုးရှိသည့် အဆောက်အအုံတစ်ခုဟု ကျွန်တော်တို့အားလုံး အလွယ်တကူပင် နားလည်ပါလိမ့်မည်။ စာကြည့်တိုက်ဆိုသည်မှာ စာအုပ်စာပေများလေ့လာမှတ်ယူနိုင်သည့် ဗိမာန်တစ်ခုဖြစ်သည့်အတွက် ထရံကာ ဝါးကပ်မိုးထားသည်ဖြစ်စေ တိုက်တစ်ခုကဲ့သို့ခမ်းနားကာ တန်ဖိုးရှိနေမည်ဖြစ်သည်။ ထို့ကြောင့်လည်း စာကြည့်တိုက်ဟု ရှေးလူကြီးများက တင်စားခဲ့ခြင်းဖြစ်မည်ဟု ကျွန်တော်နားလည်မိပါသည်။ ထို့အပြင် စာကြည့်တိုက်သည် လူသားများအတွက် လိုအပ်သော နှလုံးသားအာဟာရနှင့် စိတ်အာဟာရများဖြည့်ဆည်းရန် လွန်စွာတန်ဖိုးရှိလှသော အစာသိုလှောင်ရုံဖြစ်သည်။ တကယ့်အနှစ်ကိုရှာဖွေတတ်လျှင် ရွှေ ငွေ ရတနာများထက် ပိုကြွယ်ဝစေသော အဖိုးတန်ရတနာများ သိုလှောင်ထားရာ ဘဏ္ဍာတိုက်တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ထိုစာကြည့်တိုက်ဆီသို့ ဦးတည်နေသောခြေအစုံသည် အောင်မြင်မှုလေ့ကားဆီချီတက်နေသောခြေလှမ်းကိုပိုင်ဆိုင်ထားသလိုပင်ဖြစ်သည်။ ကမ္ဘာကြီးကိုအကျိုးပြုခဲ့ကြသူများနှင့် ကမ္ဘာကြီးပေါ်တွင် သမိုင်းကောင်းများချန်ရစ်ထားခဲ့ကြသူများသည်လည်း စာကြည့်တိုက်တစ်ခုအတွင်းခိုဝင်ကာ စာပေထဲမှ မှန်ကန်သင့်မြတ်သောဘဝနေနည်း၊ ကြီးကျယ်မြင့်မြတ်သောအတွေးအခေါ်၊ တင့်တယ်လှပသောရည်မှန်းချက်များနှင့် ခိုင်မာပြတ်သားသောယုံကြည်ချက်များ ပျိုးထောင်ခဲ့ကြရင်း လောကအကျိုးရွက်သယ်ပိုးခဲ့ကြသည်။

ကျွန်တော့်စိတ်ဆန္ဒတွင် စာကြည့်တိုက်ကောင်းများနှင့် စာပေလေ့လာလိုက်စားသူများ ကျေးလက်မြို့ပြရော၊ အခြေခံကျောင်း၊ တက္ကသိုလ်အသီးသီးပါမကျန် နေရာအနှံ့ တိုးတက်လာစေချင်မိသည်။ ထိုသို့တိုးတက်လာခြင်းဖြင့် နိုင်ငံသားအားလုံး၏ စာရိတ္တအုတ်မြစ်ကို ခိုင်မာစေ၍ နိုင်ငံသားတစ်ယောက်ချင်းစီ၏ ကြွယ်ဝသောအသိပညာဖြင့် တင့်တယ်လှပ၍ ဘေးကင်းလုံခြုံသော နိုင်ငံတစ်ခုကို ကျွန်တော်တို့ပိုင်ဆိုင်ခွင့်ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ထိုသို့ ကောင်းမွန်ပြီးပြည့်စုံသော အနာဂတ်ဆီသို့ရွေ့လျားနိုင်စေရန် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် လိုအပ်သောအသိအမြင်ရှိသူများပူပေါင်းကာ စာကြည့်တိုက်ကောင်းများ လူ့ပတ်ဝန်းကျင်အသီးသီးတွင် ပေါ်ပေါက်လာစေရန် ကြိုးစားကြရပါမည်။ ဖြစ်နိုင်လျှင် စာကြည့်တိုက်များပေါ်ပေါက်လာရေးကို အစိုးရ၏တရားဝင်စီမံကိန်း တစ်ခုအနေဖြင့် အရေးပေးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးစားသင့်ပါသည်။ ထိုသို့ကြိုးစားကြခြင်းသည် အနာဂတ်လူငယ်များအတွက် ပတ်ဝန်းကျင်ကောင်းများ၊ အမူအကျင့်ကောင်းများရှိလာစေရန် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် တင့်တယ်သာယာသောပတ်ဝန်းကျင်အသိုက်အဝန်းတစ်ခု စတင်အခြေတည်ခြင်းလည်းဖြစ်ပါသည်။

ယနေ့ကာလတွင် စိတ်မချမ်းမြေ့ဖွယ်ရာ သက်ငယ်မုဒိမ်းမှုများ၊ စိုးထိတ်ဖွယ်ရာလူသတ်မှုသတင်းများနှင့် မနှစ်မြို့ဖွယ်ရာ ခိုက်ရန်ဖြစ်ပွားမှုသတင်းများကို ဆက်တိုက်ဆိုသလို ကြားသိနေရပါသည်။ သေးသေးဖွဲဖွဲအကြောင်းအရင်းလေးကိုပင် အခြေခံကာ ဆင်ခြင်ဉာဏ်မဲ့လွန်းစွာ သတ်ဖြတ်နေကြသောသူများ၏ စိတ်သည် မည်မျှထိ ဆက်ခြင်တုံတရားမဲ့စွာ ရှင်သန်လာရသနည်း။ ထိုသို့သောလူများ၏ စိတ်ခံစားချက်ကို ထိန်းချုပ်ပေးကာ အတွေးအခေါ်ကိုလည်းတည့်မတ်ပေးနိုင်သောတစ်ခုတည်းသော အရာမှာ စာအုပ်စာပေလေ့လာဖတ်ရှုခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် စာအုပ်စာပေများတစုတစည်းတည်း ရယူဖတ်ရှုနိုင်ကြရန် စာကြည့်တိုက်များပေါ်ထွန်းလာရေးနှင့် ပေါ်ထွန်းလာသောစာကြည့်တိုက်များရေရှည်တည့်တံ့နိုင်ရန် လူအား၊ ငွေအား ထောက်ပံ့အားဖြည့်ပေးနိုင်ရေးမှာ အရေးကြီးပါသည်။ အရေးအကြီးဆုံးမှာ ပေါ်ထွန်းလာသော စာကြည့်တိုက်များ စစ်မှန်စွာ အသက်ဝင်လာရေးနှင့် လူကြီးလူငယ်မရွေး စာကြည့်တိုက်များကိုတန်ဖိုးထားပြီး စာအုပ်စာပေများကိုချစ်မြတ်နိုးစွာ လေ့လာလိုက်စားရေးပင်ဖြစ်သည်။ ထို့ကြောင့်အနာဂတ်လူငယ်များ လူရည်မွန်လူရည်ချွန်များဖြစ်လာစေရန် လူကြီးသူမများက မိမိတို့ပတ်ဝန်းကျင်တွင် စာကြည့်တိုက်များဖန်တီးကာ အသက်အရွယ်အလိုက် လမ်းကြောင်းပြပေးခြင်းဖြင့် ကလေးငယ်များ၏ ဦးနှောက်အာဟာရနှင့် နှလုံးသားအာဟာရကိုဖြည့်ဆည်းပေးရမည်ဖြစ်ပါသည်။ အခြေခံကျောင်းများရှိ ဆရာဆရာမများအနေဖြင့်လည်း အနည်းဆုံး မိမိတို့ကျောင်းတွင် တစ်နိုင်တစ်ပိုင် ကျောင်းစာကြည့်တိုက်လေးတစ်ခု ဝိုင်းဝန်းဖန်တီးပေး၍ ကလေးငယ်များကိုအချိန်တစ်ခုပေး၍ လေ့လာမှတ်ယူတတ်စေရန် ပူးပေါင်းပါဝင်ဖို့အထူးလိုအပ်ပါသည်။ သို့မှသာအလေ့အကျင့်ကောင်းများနှင့်အနာဂတ်လူ့ပတ်ဝန်းကျင်သည် တင့်တယ်စိုပြည်သာယာနိုင်မည်ဖြစ်သည်။ စကားလုံးပေါင်းများစွာဖြင့် ဆူပူမာန်မဲဆုံးမခြင်းထက် စာအုပ်စာပေမှ ဘဝနေနည်းများသင်ပေးခြင်းက ကလေးငယ်များအတွက်ပို၍ထိရောက်အကျိုးရှိပါသည်။ တုတ်ပြ ခြိမ်းခြောက်ဆုံးမခြင်းထက် စာပေ၏အနှစ်သာရကို မြင်အောင်ပြကာ လမ်းကြောင်းပဲ့ပြင်ပေးခြင်းဖြင့် ကလေးသူငယ်များ၏အနာဂတ်ကို လှပအောင်ဖန်တီးပေးကြရမှာဖြစ်ပါသည်။

အတတ်ပညာတစ်ခုခုရှိသူသည် မိမိကိုယ်ကိုကောင်းအောင်ကြိုးစားလိမ့်မည်။ ထို့ထက်ပိုလျှင် မိမိမိသားစုအတွက်ပါ ကောင်းအောင်ကြိုးစားလိမ့်မည်။ အတတ်ပညာရော အသိပညာပါ ပြည့်စုံကြွယ်ဝသူကတော့ မိမိအတွက်ရော မိသားစုပတ်ဝန်းကျင်အတွက်ရော နောက်ဆုံးမိမိကျေးရွာ၊မိမိမြို့၊ မိမိနိုင်ငံတော်အတွက်ပါ ကောင်းအောင်ကြိုးစားပါလိမ့်မည်။ ထို့ကြောင့် အသိပညာရှိဖို့လွန်စွာအရေးကြီးပါသည်။ ကျွန်တော်တို့အခြေခံကျောင်းသားဘဝက ကျောင်းတိုင်းတွင်မြင်တွေ့ခဲ့ရသော "မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကိုကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကိုကောင်းအောင်ကြိုးစားမည်၊ မိမိနိုင်ငံကိုကောင်းအောင်ကြိုးစားမည်"ဆိုသောဆောင်ပုဒ်သည် ထိုသို့ကောင်းအောင်ကြိုးစားရမည့် အသိပညာနှင့်နည်းလမ်းမရှိလျှင် မည်သို့မျှအကောင်အထည်ပေါ်လာစရာအကြောင်းမရှိပေ။ ထို့ကြောင့်စာအုပ်စာပေကပေးမည့် အသိပညာများနှင့် ဘဝနေနည်းများကို ကျောင်းသားလူငယ်များရရှိရန် လွန်စွာလိုအပ်လှပါသည်။ထိုသို့ရရှိစေရန် ကျောင်းပတ်ဝန်းကျင်နှင့် အပြင်လူ့ပတ်ဝန်းကျင်တွင် စာပေလေ့လာဖတ်ရှုနိုင်မည့်နေရာများ ပေါ်ပေါက်လာဖို့လိုအပ်သေးသည်။ ထို့အပြင် စာအုပ်စာပေများရှိရာ စာကြည့်တိုက်များသို့ ကျောင်းသားလူငယ်များကိုအရောက်ပို့ခြင်းသည် တစ်ဦးတစ်ယောက်ချင်း ကောင်းအောင်ပျိုးထောင်ခြင်းထက်များစွာပိုထိရောက်ပါလိမ့်မည်။ ထို့ကြောင့် စာကြည့်တိုက်များကို အခြေတည်၍ အသိပညာကြွယ်ဝသောလူ့ပတ်ဝန်းကျင်တစ်ခု ဝိုင်းဝန်းဖန်တီးပေးကြရင်း ကျောင်းသားလူငယ်များကိုလည်း စာကြည့်တိုက်များသို့ ကူတွဲပို့ကြပါဟု ကျွန်တော်သိမြင်နားလည်သလိုတိုက်တွန်းလိုက်ချင်သည်။ ။

## စပါးသိမ်းချိန်

လယ်တောစပါး ဝင်းမှည့်ညီ
ရိတ်ဖို့ ချိန်တန်ပြီ
ဆောင်းဦးရာသီ အေးသော်လည်း
တံစဉ်ကိုင်ကာဆွဲ
ယာယီတောတဲ ထိုးထားတယ်
မောရင် နားဖို့ကွယ်
ရေနွေးကြမ်းရယ် တည်ထားသေး
ကောက်ညှင်းပေါင်းက မွှေး
အမေကျွေးတဲ့ စေတနာ
ကောက်ရိတ်တွေ ဝမ်းသာ
မတွက်ချက်ကာ အားစိုက်တော့
လယ်ကြီး ပြီးလုပေါ့
စပါးခင်းထဲ ပြောင်းဖူးတွေ
ချိုးလို့ ယူကြစေ
ဝေကာမျှကာ ကိုယ်စီမို့
ပင့်ကာပြန်ကြစို့။
ရိုးတံ (ပုလဲနယ်)

## အသိခေါက်ခက် အဝင်နက်

ပြောပြန်လျှင် သူလေသိ
တတ်ပါဘိ သူ့ခမျာ။
သို့သော်ကွယ် ကျူးလွန်ဆဲ
မှားမြဲမှားကာ။
အသိခေါက်ခက် အဝင်နက်ကာ
ပြောသူသာ လူဆိုးဖြစ်။
ငြီးလေစွာ ကိလေသာ
အမှောင်ထဲဝယ်
နစ်မြဲသာနစ်။ ။

သက်မွန် (မော်ကျွန်း)

ဆောင်းပါး

# ပြုံးလိုက်ပါ

ကြယ်မင်းပိုင်

တစ်နေ့မှာ ကျွန်တော် မြေနီကုန်းကနေ လှည်းတန်းကို သွားဖို့ လိုင်းကားတစ်စီးပေါ် တက်စီးလာခဲ့တယ်။ ကားပေါ်မှာ ထိုင်ခုံရတာနဲ့ ထိုင်ခုံပေါ်ထိုင်ရင်း ဟိုဟိုဒီဒီ လျှောက်ကြည့်မိတော့ ကားရဲ့ရှေ့ပိုင်းမှာ ကပ်ထားတဲ့ စာတန်းတစ်ခုကို မြင်လိုက်တယ်။ စိတ်ဝင်စားစရာကောင်းတဲ့ စာတန်းလေးတစ်ခုပါ။ အဲဒီစာတန်းလေးကတော့ "တွေ့လျှင်တွေ့ချင်း မေတ္တာရှိစေသောနည်း- 'ပြုံးပါ' " တဲ့ ။

အဲဒီစာတန်းကို မြင်တော့ အပြုံးတစ်ခုကြောင့် အသက်ဘေးကနေ လွတ်မြောက်ခဲ့တဲ့ လူတစ်ယောက်အကြောင်းကို သတိရမိတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက အဖြစ်အပျက်လေးတစ်ခုပါ။ တစ်နေ့မှာ လေယာဉ်ပိုင်းလေ့တစ်ယောက်ဟာ ရန်သူတွေရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရတယ်။ ရန်သူတွေက သူ့ကို အချုပ်ထဲမှာ ထည့်ထားလိုက်တယ်။ နောက်တစ်နေ့ အသတ်ခံရတော့မယ်ဆိုတာ သိနေတဲ့အတွက် သူဟာ ကြောက်လန့်ပြီး တုန်လှုပ်နေတော့တယ်။ ဒီတော့ စိတ်သက်သာရာ ရလိုရငြားဆိုပြီး စီးကရက်သောက်ဖို့ စီးကရက်ရှာတယ်။ ကံကောင်းစွာနဲ့ပဲ ဘောင်းဘီအိတ်ထဲမှာ တွန့်ကြေနေတဲ့ စီးကရက်တစ်လိပ်ကို သူတွေ့လိုက်တယ်။ ဒါပေမယ့် ခက်တာက သူ့မှာ ဆေးလိပ်မီးညှိဖို့ မီးခြစ်မရှိဘူး။

သူက အချုပ်ခန်း အပြင်ဘက်မှာ စောင့်နေတဲ့ ရန်သူအစောင့်စစ်သားကို ဆေးလိပ်မီးညှိပေးဖို့ အကူအညီတောင်းတယ်။ အစောင့်စစ်သားကစိတ်မပါတပါနဲ့ သူ့ဆီကို လျှောက်လာတယ်။ ဆေးလိပ်မီးညှိနေတုန်းမှာ သူတို့နှစ်ဦးဟာ အမှတ်မထင် အကြည့်ချင်းဆုံမိကြတယ်။ အဖမ်းခံထားရသူက ရုတ်တရက် ပြုံးပြလိုက်မိတယ်။ ဒီတော့ အစောင့်စစ်သားက ပြန်ပြုံးပြတယ်။ အဲဒီနောက်မှာတော့ အချင်းချင်းနှုတ်ဆက်ပြီး စကားတွေအများကြီး ပြောဖြစ်ကြတယ်။ မိသားစုအကြောင်း၊ သားသမီးတွေ အကြောင်းပေါ့။ နောက်ဆုံးမှာတော့ အစောင့်စစ်သားဟာ အချုပ်ခန်းတံခါးကို ဖွင့်ပြီး သူ့ကို လွှတ်ပေးလိုက်တော့တယ်။ တွေ့လျှင်တွေ့ချင်း မေတ္တာရှိစေသောအပြုံးဆိုတာ ဒီအပြုံးမျိုးကို ပြောတာ ဖြစ်ပါလိမ့်မယ်။

ကားပေါ်မှာ ထိုင်ရင်း အပြုံးတွေအကြောင်း ကျွန်တော်တွေးနေမိတယ်။ ဒေးကာနက်ဂျီရဲ့ စာအုပ်ကို ဦးနု ဘာသာပြန်ထားတဲ့ မိတ္တဗလဋ္ဌိကာ ထဲမှာလည်း "ပြုံးပါ" ဆိုတဲ့ လမ်းညွှန်ချက်တစ်ခု ပါလေရဲ့။ အပြုံးကို မနှစ်သက်တဲ့လူ ဘယ်သူရှိမလဲ။ တစ်ဦးကိုတစ်ဦး မေတ္တာရှိစေသော အပြုံးတဲ့။ အပြုံးတိုင်းဟာ တစ်ဦးနဲ့တစ်ဦး မေတ္တာရှိစေပါသလား။ အပြုံးတိုင်းဟာ နှစ်သက်စရာကောင်းပါသလား။ တကယ်တော့ လောကမှာ အပြုံးအမျိုးမျိုး ရှိပါတယ်။ အပြုံးတိုင်းဟာ နှစ်သက်စရာ မကောင်းသလို အပြုံးတိုင်းဟာ အပြုသဘော မဆောင်ပါဘူး။

တစ်ခါက မိတ်ဆွေနှစ်ယောက်နဲ့အတူ လက်ဖက်ရည်ဆိုင်ထိုင်ရင်း မိတ်ဆွေနှစ်ယောက်အနက် တစ်ယောက်ထွက်သွားချိန်မှာ ကျန်တစ်ယောက်က မယ့်ပြုံးပြုံးပြတာ ကြုံဖူးတယ်။ သူကတော့ ထွက်သွားတဲ့သူကို နှိမ့်ချချင်တဲ့သဘောနဲ့ မယ့်ပြုံးပြုံးလိုက်ပေမယ့် ကျွန်တော့်မျက်စိထဲမှာတော့ သူဟာ နိမ့်ကျသွားပါတယ်။ ဩော်. . . မယ့်ပြုံး။ မယ့်ပြုံးမှာ သူတစ်ပါးကို အထင်သေးခြင်း၊ ရှုတ်ချခြင်း၊ ကဲ့ရဲ့ခြင်းတွေပါတယ်။ မနာလိုခြင်းမနှစ်မြို့ခြင်းတွေလည်း ပါကောင်းပါလိမ့်မယ်။ ဒါကြောင့် မယ့်ပြုံးကတော့ ကောင်းမွန်တဲ့ အပြုံး၊ အပြစ်ကင်းတဲ့ အပြုံးတော့ မဟုတ်ပါဘူး။ လူအချို့က မယ့်ပြုံးပြုံးလေ့ရှိပါတယ်။ ဒါဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်တရား ၄ ပါးကို မကျင့်သုံးနိုင်ခြင်းဘဲဖြစ်တယ်။

တချို့ကလည်း မာယာတွေသုံးကာ ဟန်ဆောင်အပြုံး ပြုံးတတ်ကြပြန်တယ်။ အတွင်းစိတ်ကတော့ ကောက်ကျစ်ပြီး အပြင်မှာတော့ ဟန်ဆောင်ကာ ပြုံးပြတတ်ကြတယ်။ အဲဒီအပြုံးမျိုးကျတော့ အဆိပ်ပါတဲ့ ပျားရည်လိုပါပဲ။ အရသာ ချိုသလိုလို ရှိပေမယ့် ဒုက္ခပေးနိုင်ပါတယ်။ ဒါကြောင့် မာယာတွေနှောနေတဲ့ ဟန်ဆောင်ပြုံးဟာ နိမ့်ကျတဲ့ အပြုံးဖြစ်တယ်။ ရိုးသားမှုမရှိတဲ့ အပြုံးဖြစ်တယ်။ ကျွန်တော်တို့ အပြုံးတွေဟာ ရိုးသားဖို့ လိုပါတယ်။

တစ်ဦးကိုတစ်ဦး မေတ္တာရှိစေတဲ့ အပြုံးမျိုးကတော့ ရင်ထဲက တကယ်ပါတဲ့ အပြုံးမျိုးဖြစ်တယ်။ မေတ္တာတရားတွေ လွှမ်းခြုံထားတဲ့ အပြုံးပေါ့။ ရိုးသားတဲ့ အပြုံးပေါ့။ ရိုးသားတဲ့ အပြုံးနဲ့ ကောက်ကျစ်တဲ့အပြုံး၊ မေတ္တာအပြုံးနဲ့ မာယာအပြုံး၊ အပြုံးချင်းတူပေမယ့် အဆင့်အတန်းကတော့ မိုးနဲ့မြေလို ကွာခြားလှပါတယ်။

အပြုံးမှာ စွမ်းအားတွေ ရှိပါတယ်။ ကျွန်တော်ဟာ ဆရာတစ်ယောက် ဖြစ်တဲ့အတွက် စာသင်ခန်းထဲမှာ အပြုံးရဲ့ အရေးပါပုံကို သတိထားမိခဲ့တယ်။ စာသင်ခန်းထဲကို ပြုံးပြုံးရွှင်ရွှင်နဲ့ ဝင်သွားတဲ့ အချိန်မှာ ကျွန်တော့်ရဲ့အပြုံးဟာ စာသင်သားအားလုံးကို ကူးစက်သွားပြီး သူတို့အားလုံးပြုံးပြုံးရွှင်ရွှင် ဖြစ်လာကြတယ်။ တက်တက်ကြွကြွနဲ့ သင်ခန်းစာကို စိတ်ဝင်တစား သင်ယူကြတယ်။ ဒါကြောင့် သင်ကြားမှုဟာ ပိုပြီးအောင်မြင်တာ တွေ့ရပါတယ်။ စာသင်ခန်းထဲကို အပြုံးမပါဘဲ ဝင်သွားတဲ့အချိန်မှာတော့ သူတို့အားလုံးဟာ ထိုင်းမှိုင်းနေပြီး သင်ကြားမှုလည်း သိပ်မထိရောက်တာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်စာသင်ခန်းထဲ ဝင်တိုင်း စာသင်သားတွေအပေါ်မှာ မေတ္တာထားပြီး ပြုံးပြလေ့ရှိပါတယ်။ဒါဟာ သိပ်ကောင်းတဲ့ သင်ထောက်ကူတစ်ခုပါ။

စိတ်ဓာတ်ကျနေတဲ့အချိန်၊ စိတ်ညစ်နေတဲ့အချိန်တွေမှာလည်း အပြုံးဟာ အားဆေးတစ်ခွက်လိုပါပဲ။ အဲဒီအချိန်မျိုးမှာ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်ပြီး ပြုံးပြမယ်ဆိုရင်တောင် စိတ်သက်သာရာရစေတယ်လို့ ဆိုပါတယ်။ ပြုံးလိုက်ခြင်းအားဖြင့် စိတ်ကို ရွှင်လန်းစေပြီး မိမိကိုယ်ကို နှစ်သိမ့်ပေးရာ ရောက်သလို ကျန်းမာရေးအရလည်း ကောင်းကျိုးများ ရရှိစေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပြုံးဖို့လိုပါတယ်။ အပြစ်ကင်းပြီး ရိုးသားတဲ့ မေတ္တာအပြုံးတွေ ဖြစ်ဖို့တော့ သတိထားရမှာပါ။

သာမန်အားဖြင့် ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် တွေ့တဲ့အခါ ပြုံးပြနှုတ်ဆက်လေ့ ရှိပါတယ်။ ဒါဟာ သိပ်ကောင်းတဲ့ အမူအကျင့်တစ်ခုဖြစ်တယ်။ ဒါပေမယ့် သာမန်ဝတ်ကျေတမ်းကျေ ပြုံးပြမယ့်အစား မေတ္တာနဲ့ လှိုက်လှိုက်လှဲလှဲ ပြုံးပြခြင်းက တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ မေတ္တာတံတား ခင်းလိုက်သလိုဖြစ်ကာ ပိုပြီး အကျိုးပြုနိုင်ပါတယ်။ ဒါကြောင့် ပြုံးပါ။ မေတ္တာတရားနဲ့အတူ အားရပါးရ ပြုံးလိုက်ပါ။ လောကကြီးဟာ ပိုပြီး လှပနေပါလိမ့်မယ်။ ။

